
www.burmeseclassic.com



www.burmeseclassic.com

# ရိပ်ကာသီကာ


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက် | – ၅၀၁၁၁၂၀၇၀၈ |
| မျက်နှာဖုံးခွင့်ပြုချက် | – ၅၈၁၀၄၁၀၈၀၈ |
| အုပ်ရေ | – ၅၀၀ |
| ထုတ်ဝေသည့်ကာလ | – ၂၀၀၈ခုနှစ်ဩဂုတ်လ |
| ထုတ်ဝေသူ | – ဦးမျိုးခင်းသန်း(၀၄၁၇၃)<br>မျက်ပွင့်စာပေ<br>၃၆၇၊ဗိုလ်ချုပ်အောင်ဆန်းလမ်း၊<br>ပန်းဘဲတန်း၊ ရန်ကုန်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | – ဦးဇော်ခင်းအေး<br>ဇော်ပုံနှိပ်တိုက်(၀၇၁၂၅)<br>အမှတ်(၃၆၅)၊အင်ကြင်းမြိုင်လမ်း၊<br>သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။ |
| တန်ဖိုး | – ၁၈၀၀ ကျပ် |

## ဖြန့်ချိရေး

**မျက်ပွင့်စာပေ**

အမှတ် (၃၆၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊

(ဗိုလ်ဆွန်ပက်လမ်းထိပ်)၊ ရန်ကုန်။ ဖုန်း ၇၀၀၅၇၉၊ ၀၉ ၅၁၄၈၅၅၈


www.burmeseclassic.com

www.burmeseclassic.com



ဆောင်းနံနက်ခင်းရဲ့နေရောင်ခြည် ဖွေးဖွေးနုနုလေးက နှင်းထု မထူ့တထူကြားထဲ မဝံ့မရဲလေး တိုးဝင်လာပါတယ်။ ဈေးလမ်းကလေး တစ်လျှောက်မှာလည်း နိုးထလာတဲ့နေရောင်ခြည်နဲ့အတူ လူတွေလည်း လှုပ်လှုပ်ရှရှ အရောင်အသွေးကြီးငယ် ယောက်ျား မိန်းမ ကလေး အစုံအလင် လူတွေထဲမှာတော့ ဆံပင်ရှည်ကို နောက်ကနေစည်းပြီး တီရှပ်အနက်ပေါ်မှာ Leather Jacket ကြီးဝတ်ပြီး၊ ဂျင်းဘောင်းဘီရှည်နဲ့ Leather boot အရှည်ကြီးစီးထားတဲ့ လူတစ်ယောက်။ လက်ထဲမှာ လည်း အောင်သပြေပန်းတွေ၊ ဂန္ဓမာပန်းတွေ၊ ဇော်စိမ်းပန်းတွေ ကိုင်ထား ပါသေးတယ်။ သူကတော့ ပေဒင်ဆရာလေး ကိုအောင်မျိုးလွင်။ ကိုင်လာတဲ့ ပန်းတွေက ဘုရားပန်းအိုးထိုးဖို့ထင်ပါရဲ့။ ဈေးတန်းလေးရဲ့အလွန် တစ်နေရာမှာတော့ ပေဒင်ဆရာရဲ့ ဟောခန်းလေးရှိပါတယ်။ ပေဒင် ဆရာလေးက သူ့ဟောခန်းရှေ့ရောက်လာပါပြီ။ ကိုအောင်မျိုးလွင် က ခေါင်းမော့ပြီး ဟန်ပါပါနဲ့ သူ့ဆိုင်းဘုတ်ကို မော့ကြည့်လိုက်ပါတယ်။

"ဟာင်"

ပေဒင်ဆရာလေးမြင်လိုက်ရတာကတော့



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးရှင် မူလပထမ ဝေဒလက္ခဏာ
နက္ခတ္တပညာရှင်
ဆရာကြီး ဦးအောင်ထွန်းဇော ၏
သတ္တမ... ...သည်
ဆရာ ဦးအော... ...လွင်

ဖိုင်ဘာတွေနဲ့ လုပ်ထားတဲ့ ဆိုင်းဘုတ်လေးခမျာ အလွန်မာကျောသော အရာတစ်ခုနဲ့ ထိုးဖောက်ခံထားရလေရဲ့။ ဆရာ အောင်မျိုးလွင် ဆိုတဲ့ စာသားနေရာမှာ ပေါင်းလောင်းကြီးပေါက်လို့။

"သွားပါပြီဗျာ၊ ကျွန်တော့ဆိုင်းဘုတ်လေးတော့ သွားပါပြီ"

ဗေဒင်ဆရာလေးက နှမြောတသ သုံးကြိမ်ရွတ်ဆိုရင်း ဘေးနား က ဆိုင်ဖွင့်တော့မလို့ ခင်းကျင်းနေတဲ့ ကွမ်းယာသည်ကို လှမ်းမေးလိုက် ပါတယ်။

"အနဲ၊ ကျွန်တော့်ဆိုင်းဘုတ်ဘယ်လို ဖြစ်သွားရတာလဲဗျာ"

ကွမ်းယာသည်ကြီးက ထုံးအိုးကို နှာနှာမွှေနေရာက ကောင်းကင်ကို လက်ညှိုးထိုးပြပြီး လေးလေးကြီး ပြောလိုက်ပါတယ်။

"ဘုရား ပဲ သိမှာပဲ"

ဗေဒင်ဆရာရဲ့ ခေါင်းက ဘယ်ဘက်မှာရှိတဲ့ ဘိန်းမုန့်သည်ဆီ ခေါင်းလည်သွားပြန်တယ်။

"အဒေါ်၊ အဒေါ်ရော သိလိုက်သေးလား ဟင်"

ဘိန်းမုန့်သည်အဒေါ်ကြီးက မြေကြီးကို လက်ညှိုးထိုးပြတယ်။ လာပြန်ပြီ နောက်တစ်ယောက်။ ဒါတော့ ငရဲပြည်က ယမမင်းကို လက်ညှိုးထိုးပြတာ မဟုတ်လောက်ဘူးထင်ပါရဲ့။

"အဲဒီ အပိုင်းအစတွေသိမ်းလိုက်ဦး ဗေဒင်ဆရာရေ။ လူတွေ နင်းမိမှာထက်၊ စည်ပင်က အမှိုက်ဖွတယ်ဆိုပြီး ဒဏ်ငွေ ရိုက်နေဦးမယ်





ဘိန်းမုန့်သည်အဒေါ်ကြီးက အပေါ်မီး၊ အောက်မီး လှန်ရင်း ပြောလိုက်ပါတယ်။ ဗေဒင်ဆရာလေးကတော့ ဆိုင်းဘုတ်အပိုင်းအစတွေကို စိတ်ပျက် လက်ပျက်နဲ့ လိုက်ကောက်ရပါတော့တယ်။ အင်း ဒီနေ့ ကံမကောင်းပါလား။ ဒီတစ်ခါတော့ ဗေဒင်ဆရာကိုယ်တိုင် ယတြာချေရတော့မှာ ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့တဲ့ ငါးနှစ်လောက်က ဗေဒင်အရမ်းယုံတတ်တဲ့ ကောင်မ လေးတစ်ယောက်ဟာ၊ ဗေဒင်ဆရာ ဟောကြားလိုက်တဲ့အတိုင်း ချစ်ဦးသူနဲ့ ကွဲခဲ့ရပါတယ်။ ဒါပေမယ့် ဗေဒင်ကိန်းခန်းအရ၊ နောင်ငါးနှစ်ကျရင် ပြန်ဆုံရလိမ့်မယ်လို့ ယုံကြည်မျှော်လင့်ခဲ့မိတယ်။ အဲဒီလို ယုံကြည် မျှော်လင့်မိတဲ့အတိုင်း ကောင်လေးရဲ့ ဗေဒင်ဟောစာတမ်း စာရွက်လေးကို အစုံငါးဆယ် မိတ္တူကူးပြီးတော့ မြစ်လယ်မှာ လှေကလေးတွေ လွှတ်ပြီး ပြန်ဆုံနိုင်ဖို့ ဆုတောင်းခဲ့ပါတယ်။ အဲဒီထဲက လှေကလေးတစ်စင်းတစ်လေဟာ သူချစ်သူ ကောင်လေးဆီ ရောက်သွားလိမ့်မယ်လို့လည်း ယုံကြည်ခဲ့ပါတယ်။ အချိန်နာရီတွေက စက္ကန့်နဲ့အမျှ ရွေ့လျားပြောင်းလဲ နေခဲ့တယ်။ နေ့တွေညတွေလည်း အလှည့်ကျ ပြောင်းလဲလို့ နေခဲ့တယ်။ ရာသီစက်ဝန်းတွေလည်း နွေမှ မိုး၊ မိုးမှဆောင်း၊ ဆောင်းမှနွေသို့ ကူးပြောင်းလှည့်ပတ်လို့နေပါတယ်။ ဒီလိုနဲ့ ရာသီစက်ဝန်းငါးပတ် ပြည့်ပြီးတဲ့နောက် ငါးနှစ်ဆိုတဲ့ အချိန်ကာလဆီသို့ အခုအခါ ရောက်ရှိလို့လာခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို၊ စန္ဒီမိုး စကားပြောနေပါတယ်"

"ငါ မြမြလတ် ပါ"

လေးငါးနှစ်လောက် မကြားရလို့ မေ့မေ့ပျောက်ပျောက် ဖြစ်နေတဲ့ မြမြလတ်ရဲ့အသံကြောင့် စန္ဒီမိုး တစ်ကိုယ်လုံး ဆတ်ကနဲ တုန်သွားတယ်။

"စိတ်လျှော့၊ စန္ဒီမိုး ။ စိတ်လျှော့ ။ နင့်သူတို့အပေါ် မတရား လုပ်ထားတာ တစ်ခုမှ မရှိဘူးလေ။ တကယ်ဆို၊ နင့်အသံကြားရင်သာ သူတို့ဖက်က တုန်ကနဲ တန့်ကနဲ ဖြစ်သွားရမှာ"

စန္ဒီမိုးက ကိုယ့်ကိုယ်ကိုအားပေးရင်း လေသံကို အတတ်နိုင်ဆုံး တည်ငြိမ်အောင်ပြင်လိုက်တယ်။

"မြမြလတ်၊ ဟုတ်လား။ နင်ဘယ်သူလဲ။ ငါ့အသိထဲမှာ မြမြလတ် ရှိတာ မကြားဖူးဘူး။ နင်နဲ့ငါနဲ့ကြား တကူးတကဖုန်းဆက်ရလောက် အောင် အကြောင်းတစ်စုံတစ်ရာ မရှိဘူးနဲ့တူတယ် ..."

စန္ဒီမိုးက အထက်စီးကနေ ခနဲ့တဲ့တဲ့ပြန်ပြောလိုက်တယ်။ တစ်ဖက်ကလည်း စန္ဒီမိုး ထက် မလျှော့တဲ့ကီးနဲ့ .....

"အပိုတွေ လုပ်မနေနဲ့. စန္ဒီမိုး၊ အရင်တုံးက မရှိပေမယ့်၊ ဒီအချိန်မှာ တော့ ရှိလာပြီ။ နင် Mr. Flute ကို အခုလာနိုင်မလား'

"Mr. Flute"

Mr. Flute ဆိုတာ လွန်ခဲ့တဲ့ လေးငါးနှစ်လောက်က စန္ဒီမိုး ရဲ့ မြမြလတ် ကို ချိန်းခဲ့ဖူးတဲ့ coffee ဆိုင်လေးပေါ့။ အခုတော့



www.burmeseclassic.com

www.burmeseclassic.com



သံသရာတွေ တစ်ပတ်ပြန်လည်ပြီ ထင်ပါရဲ့။ မြမြလတ် က တစ်ခုတ်တစ်ရ ဒီဆိုင်ကိုပဲ ပြန်ချိန်းနေပါရောလား။ စန္ဒီမိုးက တစ်ယောက်တည်း သဘောကျသလို ပြုံးလိုက်ရင်းက

"ဟင်း ဟင်း ဟင်း ... နင်ချိန်းတိုင်း ငါကလာရမှာလား .. နင့်မှာ ငါ့ကို အဲဒီလို လေသံနဲ့ လှမ်းခေါ်ဖို့ အခွင့်အရေး မရှိဘူးလေ မြမြလတ်ရဲ့

စန္ဒီမိုးရဲ့လေသံကို မြမြလတ် က အမြင်ပြင်းကတ်သွား ပါတယ်။

"အေး ... မလာချင်ရင်လည်းနေပေါ့။ လွန်ခဲ့တဲ့ ငါးနှစ်ကျော် လောက်က ဝင်းကိုသိုက် ကို ဟောခဲ့တဲ့ ဗေဒင်ဟောစာတမ်း အကြောင်း ဆိုရင်တော့ နင်လာချင်စိတ်များ ပေါက်မလားလို့ပါ"

မြမြလတ်က ပြောပြီးချင်းချင်း ဖုန်းချသွားလေရဲ့။ စန္ဒီမိုး မှာတော့ ချက်ချင်းဆိုသလို ချွေးစေးလေးတွေနဲ့ စေးထန်း ကျန်ရစ်ခဲ့တယ်

"ဝင်းကိုသိုက်" တဲ့

ဂရိ ဒဏ္ဍာရီထဲက 'အာခီးလိစ်' ဆိုတဲ့ သူရဲကောင်း ပျော့ကွက် က ခြေဖနောင့်မှာတဲ့။ စန္ဒီမိုးရဲ့ ပျော့ကွက်ကတော့ 'ဝင်းကိုသိ ဆိုတဲ့ စကားလုံး သုံးလုံးနဲ့ ဖွဲ့စည်းထားတဲ့ နာမည်လေး တစ်ခုရယ်ပ ဒီနာမည်ကြားလိုက်တိုင်း စန္ဒီမိုးရဲ့ ရင်တွေက အမြဲတမ်း ပရမ်းပတ အစီအစဉ်မဲ့လို့။ သူ့တစ်ပါး အိမ်ယာကို ပြစ်မှားလိုစိတ်မရှိပေမ တိုက်ဆိုင်မှု ရှိလေတိုင်း 'ဝင်းကိုသိုက်' ရဲ့ မျက်နှာကို ပြေးပြေးမြင်တ တာကိုက စန္ဒီမိုးရဲ့ ဖြစ်တည်မှုတစ်ခုလို့တောင်ဆိုရလေမလားပဲ။ အ အချိန်ထိ စန္ဒီမိုးရဲ့ စလင်းဘက်ထဲမှာ သွားလေရာပါသွားတတ် ဝင်းကိုသိုက်ရဲ့ ဗေဒင်ဟောစာတမ်းစာရွက်လေးတောင် ဝါကျင့်က ဖြစ်စပြုနေပါပြီ။ ဒါပေမယ့် စန္ဒီမိုးရဲ့ ရင်ထဲမှာတော့

*"မောင်ရယ် ...၊ ငါ နင့်ကို မောင်လို့ မခေါ်သင့်တော့ပါ ဒါပေမယ့် နင့်ကို ရည်ညွှန်းတဲ့ 'မောင်'ဆိုတဲ့ အခေါ်အဝေါ်ကို ဦးနှောက်ထဲ နှလုံးသားထဲ အသံဖြစ်တည်ရာ ဌာနထဲမှာ ပုန်းကွယ်နေ*





*virus file တစ်ခုလို ထုတ်ပစ်လို့မရအောင် စွဲနေပြီ ထင်ပါရဲ့ဟယ်"*

စန္ဒီမိုးက တစ်ကိုယ်တည်း ညီးညူရင်း၊ အဝတ်အစားတွေကို သပ်ယပ်အောင်ပြုပြင်လိုက်ပါတော့တယ်။ သူ့ရဲ့ခြေလှမ်းတွေကတော့ Mr. Flute ဆီကို တစ်လှမ်းချင်း ....။



www.burmeseclassic.com

www.burmeseclassic.com



စန္ဒီမိုးက Mr. Flute ထဲကို တစ်လှမ်းချင်း လျှောက်ဝင်
ာရင်း ဘေးဘီဝဲယာကို မျက်စေ့ကစားလိုက်တယ်။ ဟို အစွန်က
်ပြတင်းပေါက်ကနေ အပြင်ကို ငေးနေတာ မြမြလတ် ပဲ။ စန္ဒီမိုးက
ုန်ခြေလှမ်းနဲ့ မြမြလတ် ရှိရာ တစ်လှမ်းချင်း လျှောက်လာရင်းက
မြလတ် ကို လုံးဝ အကဲခတ်လိုက်ပါတယ်။

*"အင်း ဒင်းလည်း အတော့်ကို ရွဲ့သွားတာပါလား"*

စန္ဒီမိုးရဲ့ စိတ်ထဲက မှတ်ချက်ပါ။ ပြီးတော့လည်း ကိုယ့်ကိုယ်
အကျေနပ်ကြီး ကျေနပ်သွားတယ်။ ဟုတ်တယ်လေ စန္ဒီမိုး ဆိုတာ
ကျသိုလ်မှာကတည်းက မေဂျာကွင်းရဖို့ ပွတ်ကာသီကာလေး လွဲရုံလေး
အောင် ချောခဲ့ လှခဲ့တာလေ။ မြမြလတ်တို့ လှတယ်ဆိုတာ
ဘုံးကတည်းက စန္ဒီမိုး ရဲ့ အရှိန်အဝါအောက်မှာ ဝပ်ကျန်ခဲ့တာပဲဟာ။
အချိန်မှာ စန္ဒီမိုးရဲ့ အပျိုလက်ကျန်အလှကို မြမြလတ်ရဲ့ ကလေး
ယောက်အမေအလှက ပြိုင်ဖို့မပြောနဲ့။ ဆန်ကာတင် စာရင်းထဲ ထည့်
်ဆိုတောင် 'လာနောက်နေတာလား' လို့ မေးရမယ့် အခြေအနေပေါ့။

"နင်ရောက်နေတာကြာပြီလား"

စန္ဒီမိုး က မေးလည်းမေး၊ ဝင်လည်းထိုင်လိုက်တော့မှပဲ
ြလတ်လည်း ငေးနေရာက သတိဝင်လာသလို စန္ဒီမိုး ကို လှမ်းကြည့်
က်တယ်။ စန္ဒီမိုးကတော့ စို့တက်လာတဲ့ ချွေးလေးတွေကို တစ်ရှူးစလေး
အသာတို့နေလေရဲ့။

*"ဒီ မိန်းမ အရင်ထက်တောင် ပိုလှနေပါရောလား"*



www.burmeseclassic.com

www.burmeseclassic.com



မြမြလတ်ရဲ့ ရင်ထဲမှာတော့ မနာလိုစိတ်တွေ တစ်ဖွားဖွား တက္ကသိုလ်ကျောင်းသူဘ၀က စန္ဒီမိုးလုတယ်ဆိုတာ ဖူးသစ်စအလုမျိုး မြင်ရတဲ့လူတွေအဖို့ မမှိမကမ်းနဲ့ ခြေဖျားထောက်ပြီး ပြတင်းပေါက်က တဆင့် မဆုံးနိုင်တဲ့ ရှု့မျှော်ခင်းကို လှမ်းကြည့်ရသလို ရင်တစ်မမ ကြည့်ရတဲ့အလုမျိုး။ အခုအချိန်မှာတော့ စန္ဒီမိုးရဲ့ အလုဟာ လက်မှတ်ထို ဖို့ပဲ ကျန်တော့တဲ့ ပန်းချီကားတစ်ချပ်လို ပြီးပြည့်စုံခြင်းမျိုးနဲ့။

"အင်း ၊ ဒီမိန်းမကတော့ ဆယ်ဘီးကတက်ကြိတ်ပြီး ခေါင်းတ ခြား၊ ကိုယ်တစ်ခြားဖြစ်နေတောင် လှနေဦးမယ်ထင်ပါရဲ့"

မြမြလတ်ကတော့ အတော့်ကို နှစ်နှစ်နာနာ တွေးပစ်လိုက် တယ်။ အခုနေ ဝင်းကိုသိုက် ကသာ သူတို့နှစ်ယောက်ထိုင်နေတာကို တွေ့ လို့ကတော့၊ ဗုဒ္ဓဝင်ထဲက နန္ဒမင်းသားလို နတ်ပြည်က နတ်သမီးနဲ့ မီးလောင်သစ်ငုတ်တိုပေါ်ဆောင့်ကြောင့်ထိုင်နေတဲ့မျောက်အိုမကြီးထ တစ်ခါတည်းပြေးမြင်မိမယ်ထင်ပါရဲ့။ မြမြလတ်ရင်ထဲမှာလည် ကျင်ကနဲရယ်။

"နင်ငါ့ကို ဘာဖြစ်လို့ ချိန်းတာလဲ။ ဝင်းကိုသိုက် အကြောင်းဆိုရ တော့ ပြောမနေနဲ့၊ ငါမကြားချင်ဘူး"

စန္ဒီမိုးက ဟန်ကိုယ်ဖို့နဲ့ ကြိုကြာထားလိုက်တယ်။ မိန်းမမျ သိပ်ခက်။ စန္ဒီမိုးနဲ့ မြမြလတ်ကြားမှာ ဘုံထုတ်စရာစကားဆိုလ ဝင်းကိုသိုက်ပဲရှိတာကို သိသိကြီးနဲ့။ လာတုံးကလာခဲ့ပြီး ရောက်လာ မကြားချင်ဘူးလေး ဘာလေးနဲ့။ မြမြလတ်က နှုတ်ခမ်းလေးတွန့်ရုံလေ ကွေးလိုက်တယ်။

"ဝင်းကိုသိုက် နာမည်မပါရင် နင်လာမှာမဟုတ်ဘူးလေ စန္ဒီမိုးရဲ

မြမြလတ်က ပင်နယ်တီကန်သလို တည့်တည့်ပဲ ကစ်ထ လိုက်တယ်။ စန္ဒီမိုးခမျာတော့ ဈော်နယ်ဒိုလေး ကစ်ပြင်းပြင်းနဲ့ ကန်လိုက် ဘောလုံး ရင်ဝလာမှန်သလို ခံစားလိုက်ရတယ်။ အင်း လူတွေများ မှန်တ ပြောခံလိုက်ရရင် တစ်ခါတည်း အောင့်အောင့် တက်သွားတာပဲ။ ဒါပေမ





စန္ဒီမိုးကလည်း အရင်တုံးက စန္ဒီမိုး မဟုတ်တော့ပါဘူး။ ငါးနှစ်လောက် အတွင်း အတွေ့အကြုံတွေ ဓာတ်လမ်းတွဲတစ်တွဲစာလောက် ရထားလိုက် တာပဲဟာ။ ဒီလောက် ကတော့ တင်လေးကြွပေးရုံလောက်နဲ့ တင် လွတ်အောင် ရှောင်လို့ ရတယ်လေ။

"ငါ ရှင်းရှင်းပဲပြောမယ်၊ မြမြလတ်။ ငါ ဒီကိုလာခဲ့တာ၊ ငါ့လိပ်ပြာ ငါယုံလို့ လာခဲ့တာ။ ငါမလာခဲ့ရင် နင့်ရင်ထဲ လိပ်ခဲတည်းလည်းနဲ့ သို့လော သို့လော တွေးနေမှာစိုးလို့။ နင့် ငါ့အကြောင်း ကောင်းကောင်းသိပါတယ်။ စန္ဒီမိုးဆိုတာ ခွက်ပုန်းခုတ်တတ်တဲ့ လူစားမျိုးမဟုတ်ဘူး"

ဒီတစ်ခါ ခံလိုက်ရတာက မြမြလတ်။ ရှရှားတင်းနစ်မယ် ဂျာ ဗိုပါရဲ့ လက်ပြန်ရိုက်ချက် ဘောလုံးမျက်ခွက်မှန် ခံရသလိုမျိုး ရှုံ့မဲ့ သွားတယ်။ အင်းပေါ့လေ။ သူကတော့ ဝင်းကိုသိုက်ကို ခွက်ပုန်းခုတ်ခဲ့ တာကို။ အခုတော့ ခွက်စောင်းခုတ်ခံရပြီပေါ့။ မြမြလတ် က စားပွဲပေါ်မှာ ထားတဲ့ သူ့လက်ပွေ့အိတ်ထဲကနေ မိန်းမကိုင်ပဝါလေးတစ်ထည် ထုတ်ယူလိုက်ပြီး စားပွဲပေါ်ပစ်တင်လိုက်တယ်။

"ဒါ ဝင်းကိုသိုက်ရဲ့ ဂျာကင်အိတ်ထဲကရတာ။ အဲဒါ နင်နဲ့များ တ်သက် နေမလားလို့"

စန္ဒီမိုးက တင်းကနဲဖြစ်သွားတယ်။ လူကိုများ အိုးစွပ်ခွက်စွပ်။

"နင်စော်ကားလှချည်လား မြမြလတ်ရဲ့။ လက်ကိုင်ပဝါတွေ့ရုံနဲ့ ါကို စွပ်စွဲရရောလား"

"စွပ်စွဲတာမဟုတ်ဘူး၊ မေးကြည့်တာ။ ငါတို့ သူငယ်ချင်းတွေထဲမှာ ကျောင်းတုံးကထဲက လက်ကိုင်ပဝါသုံးတာ နင်တစ်ယောက်ပဲရှိတယ်။ ကျိုတွေ အားလုံး **Facial tissue** ပဲသုံးတာ။ ပြီးတော့ လက်ကိုင်ပဝါမှာ ဖွတ်ထားတဲ့ ရေမွှေးနံ့က နင်သုံးနေကျရေမွှေးနံ့ပဲ"

စန္ဒီမိုးက လက်ကိုင်ပဝါကို ကိုင်ပြီး ခပ်ခွာခွာလေး ရှုကြည့် ိုက်တယ်။ ပြီးတော့မှ မထိတရီ ပြုံးရင်း

"ဒီမှာ မြမြလတ်ရဲ့၊ ကမ္ဘာကြီးကလည်နေတယ်။ နေ့တွေညတွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း အမြဲတမ်းပြောင်းလဲနေတယ်။ ငါတို့ အခုထိုင်နေတဲ့ Coffee ဆိုင်တောင် လွန်ခဲ့တဲ့ ငါးနှစ်က အပြင်အဆင်နဲ့ လုံးဝမတူတော့ဘူး။ အဲဒီလိုပဲ လူတွေလည်းပြောင်းလဲနေတာပဲ။ ငါလက်ကိုင်ပဝါ မသုံးတော့ ကြာပြီ။ ငါကိုယ်တိုင် Facial tissue ပြောင်းသုံးနေတယ်။ နောက်တစ်ခုက ဒီရေမွှေးအနံ့ဟာ ငါကျောင်းသူဘဝက သုံးခဲ့တဲ့ ရေမွှေးနံ့ဆိုတာ မှန်ပါ တယ်။ ဒါပေမယ့် ငါအခု အဲဒီရေမွှေးအမျိုးအစား မသုံးတော့ဘူး"

မြမြလတ်ရဲ့ မျက်လုံးတွေထဲ သံသယ အရိပ်အယောင်တွေ ဖြတ်ပြေးသွားတယ်။ စန္ဒီမိုးက မြမြလတ်ရဲ့ မျက်လုံးတွေ ဖတ်မိသွားတယ်။

"ရှည်ရှည်ဝေးဝေး တွေးမနေနဲ့။ ငါ အဲဒီ ရေမွှေးဆက်မသုံးတော့ တာ နင်နဲ့လည်းမဆိုင်ဘူး။ ဝင်းကိုသိုက်နဲ့လည်းမဆိုင်ဘူး။ ကျောင်းတုံး က ရတဲ့မုန့်ဖိုးထဲကနေ ရေမွှေးတို့ မိတ်ကပ်တို့ ဝယ်ရတော့ သိပ်တန်ဖိုး ကြီးတာ မဝယ်နိုင်ဘူး။ အခု ငါ့မှာ သီးသန့်ကိုယ်ပိုင်ဝင်ငွေ ရှိလာတော့ ပိုပြီး standard မြင့်တဲ့ အမျိုးအစား ပြောင်းသုံးတာပဲ။ ဒီတော့ ငါထပ်ပြောမယ်။ နင့်ရင်ထဲက သံသယစာရင်းထဲကနေ ငါ့ကို ထုတ်လိုက် တော့။ ဒီ ငါးနှစ်အတွင်း အခုအချိန်အထိ ငါနဲ့ ဝင်းကိုသိုက် မျက်နှာချင်း တောင် မဆုံဖူးတာ ယုံလိုက်'

မြမြလတ်ရဲ့မျက်နှာက တဖြည်းဖြည်းအုံ့မှိုင်းလာတော့တယ်။ မျက်ရည်စတွေလည်းဝိုင်းလို့။

"ငါတောင်းပန်ပါတယ် စန္ဒီမိုးရယ်။ ငါ တစ်ကယ့်ကို တောင်းပန် တယ်။ ငါ ဘာတွေ လျှောက်လုပ်နေမှန်း မသိတော့ပါဘူးဟယ်။ ငါ ဝင်းကိုသိုက်နဲ့ လက်ထပ်ပြီးကတည်းက တစ်ရက်မှ စိတ်မချမ်းသာ ခဲ့ရတာ။ မင်္ဂလာဆောင်တုန်းက နင်ခြိမ်းခြောက်ခဲ့တာရော၊ ဗေဒင် ဟောထားတဲ့ ငါးနှစ်ဆိုတဲ့အချိန်ကာလရောက်လာရော၊ ငါ့မှာ ကျိန်စာ တိုက်ခံရတဲ့ လူတစ်ယောက်လို ခံစားရတယ်။ ဒီကြားထဲ ဝင်းကိုသိုက်ဆီက ဟောဒီလက်ကိုင်ပဝါလည်းတွေ့လိုက်ရော .... ငါလေ ... ငါ.."

အော်၊ ဘာလိုလိုနဲ့ ငါးနှစ်တောင်ရှိခဲ့ပြီကိုး။ လွန်ခဲ့တဲ့ ငါးနှစ်





ဆိုတဲ့ အချိန်တုံးက ဗေဒင်ဆရာ အောင်မျိုးလွင်က ဝင်းကိုသိုက်နဲ့ စန္ဒီမိုး တို့ရဲ့ ဇာတာခွင်မှာ အခုလက်ရှိအချိန်မှာ အိမ်ထောင်ရေး နဲ့ပတ်သက်တဲ့ ဂြိုလ်တွေ အလုပ်အခတ်ရှိလိမ့်မယ်လို့ ဟောထားခဲ့ဖူး တယ်။ အခု ဝင်းကိုသိုက် ဖက်က အလုပ်အခတ်ရှိလာပြီဆိုတော့ စန္ဒီမိုး ဖက်ကရော ...။

*"တကယ်ပဲ နင့်ဖက်က ပြောင်းလဲနေပြီလားမောင်ရယ်။ နင် ငါ့ဆီကို တိုးဝင်လာနေပြီလား။ အားနာတယ် မြမြလတ်ရယ်၊ နင့်ကိုလည်း ငါအားနာတယ်။ ငါဘာသာ ငါ အိပ်ပျော်နေတဲ့ရင်ကို နင်တမင်လာနှိုး လိုက်သလိုပါပဲ"*

စန္ဒီမိုးက စိတ်ထဲကနေ ကြိတ်ပြီး ရေရွတ်နေမိတယ်။ စန္ဒီမိုး အားနာလို့ ကောင်းနေတုံးမှာပဲ မြမြလတ်က စန္ဒီမိုးရဲ့ လက်နှစ်ဖက်ကို တင်းတင်းကြီး ဆုတ်ကိုင်လိုက်ရင်း .....

"ငါ ... နင့်ကို ယုံလို့ရတယ်မဟုတ်လား စန္ဒီမိုးရယ်။ ငါ ... နင့်ကို ယုံပါရစေဟယ် ..."

စန္ဒီမိုးက ပြန်မဖြေပဲ မြမြလတ်ကို တွေတွေကြီး ကြည့်နေတုံး ပါပဲ။

"နင် ငါ့ကို တစ်ခုခု ပြန်ပြောပါဦး စန္ဒီမိုးရယ်။ နင့်ရင်ထဲက မပါ ပေမယ့် ငါဆောက်တည်ရာ ရမယ့် စကားလေးတစ်ခွန်းလောက် ဖြစ်ဖြစ် ပြန်ပြောစမ်းပါဟယ်။ နင်နဲ့က တစ်ချိန်တုံးက အချစ်ဆုံး သူငယ်ချင်းတွေ လေဟာ"

အဲဒီအချစ်ဆုံးသူငယ်ချင်းကပဲ နောက်ကျောကို ဓားနဲ့ ထောက်ပြီး လင်လုသွားခဲ့တာပေါ့။ အခုမှ လာပြီး အချစ်ဆုံးလေးဘာလေး နဲ့။ စန္ဒီမိုး ကပြုံးပြုံးရောသဘောနဲ့ ခေါင်းညိတ်ပြလိုက်တယ်။

"ဝမ်းသာလိုက်တာ စန္ဒီမိုးရယ်။ ဒီကိစ္စမှာ အားကိုးတကြီး တိုင်ပင်စရာဆိုလို့ နင့်ကိုပဲ ပြေးမြင်လို့ပါ။ နင် ငါ့ကို စိတ်မဆိုးတော့ဘူး မဟုတ်လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



စန္ဒီမိုးခများ နေရင်းထိုင်ရင်း လူကပ်ခံလိုက် ရတယ်။ ဘောလုံးပွဲ တွေမှာပဲ လူကပ်ထားတာတွေ ရှိတယ် အောက်မေ့တာ။ လင်လုံးပွဲတွေမှာလည်း လူကပ်တာတို့၊ လူကျွံဘောဖမ်း တာတို့လည်းရှိတာကို။ ဒီပွဲမှာ ဂိုးသွင်း နိုင်ခြေအရှိဆုံးက စန္ဒီမိုးပဲလေ။ ဗေဒင်ဆရာ အားကိုးနဲ့ နောက် ငါးနှစ်ကျရင် သူနဲ့ ဝင်းကိုသိုက် ပြန်ဆုံကြမယ်လို့ တစ်စာစာပြောခဲ့တာ စန္ဒီမိုးပဲပေါ့။ အခုတော့ စန္ဒီမိုး ရှေ့ပြေးတက်လိုက်တာနဲ့ လူကျွံဘောမိမယ့် အနေအထား မျိုးပဲ။ မြမြလတ်က စန္ဒီမိုးကို တည့်တည့်ကြည့်ရင်း ...

"တကယ်ပဲ ဗေဒင်ဆရာပြောသလို ဖြစ်လာခဲ့ရင် ..."

"အို နင်ကလည်း ဗေဒင်တို့၊ လက္ခဏာတို့ဆိုတာ လုံးဝဥဿုံ မှန်တတ်တာမျိုးမဟုတ်ပါဘူး။ ပြီးတော့ ဒီလက်ကိုင်ပဝါကလည်း အချင်းချင်း တစ်ယောက်ယောက် က နောက်လိုက်တာနေမှာပါ မြမြလတ်ရယ်"

အင်း ငဖယ်က ပြောင်းပြန်၊ ဗေဒင်ရူးမက ဗေဒင်မယုံရေးတရား တွေဟောလို့ပါလား။

"နင်ပြောသလိုပဲ ဖြစ်ပါစေလို့ ဆုတောင်းပါတယ်၊ စန္ဒီမိုးရယ်"

မြမြလတ်နဲ့ စန္ဒီမိုးတို့ တစ်ယောက်နဲ့တစ်ယောက် မျက်လုံးချင်း ဆိုင်ကြည့်လိုက်တယ်။ စပါးကြီးမြွေ နဲ့ ငန်းတော်ကျားတို့ တစ်ကောင်နဲ့ တစ်ကောင် ကြည့်သလို မျိုးပါ။ **'snake to snake see the leg'** တဲ့ 'မြွေ မြွေချင်း ခြေမြင်တယ်' ဆိုလားပဲ။ သူတို့နှစ်ယောက်ကတော့ ခြေတင် မကဘူး။ ခြေဖမိုးပေါ်က ခြင်ကိုက်ဖုရောၤ ဒူးခေါင်းပေါ်က အနာရွတ်ပါ မြင်နေရတာမျိုးပါ။ စန္ဒီမိုးနဲ့ မြမြလတ် တို့နှစ်ယောက်စလုံးရဲ့ အတွေး ထဲမှာတော့ ....

*"အင်း ... အောင်မျိုးလွင်ဆိုတဲ့ဗေဒင်ဆရာဆီ တစ်ခေါက်သွားမှကို ဖြစ်တော့မယ်"*





"ဆရာ .. ကျွန်မကို မှတ်မိလားဟင် ..."

ဟောခန်းထဲဝင်လာတဲ့ အမျိုးသမီးကို ဆရာအောင်မျိုးလွင်က မော့ကြည့်လိုက်တယ်။ ရုပ်ကတော့ အပ္ပသည်ရုပ်နဲ့။ ဗေဒင်ဆရာဆီ ရောက်လာတဲ့ အမျိုးသမီး ခြောက်ဆယ်ရာခိုင်နှုန်းလောက်ဟာ အမှုသည် ရုပ်ချည်းပါပဲ။ အသက်ကတော့ သုံးဆယ်တောင် မရှိတတ်သေးဘူး။ မျက်လုံးတွေက မကြည်မလင် အိပ်ရေးမဝထားတဲ့ပုံစံမျိုး။ သင့်တင့် လျောက်ပတ်အောင် ပြင်ထားပေမယ့် နည်းနည်းတော့ အချိုးမကျ သလိုပါပဲ။

အိမ်ထောင်သည်အမျိုးသမီးရဲ့ အဆင်အပြင်တွေကိုကြည့်ပြီး သူတို့ရဲ့ အိမ်ထောင်ရေးအခြေအနေကို အနီးစပ်ဆုံး ခန့်မှန်းလို့ရတယ်။ အသက်အရွယ် အတော်အတန်ရပြီး အမျိုးသမီးတစ်ဦးဟာ ဆယ်ကျော်သက် တစ်ဦးလို ရဲရဲတင်းတင်း ဝတ်စားထားပြီဆိုရင် ဖြစ်နိုင်ခြေကတော့ အဲဒီအမျိုးသမီးရဲ့ အိမ်ထောင်ဖက်ဟာ သူ့ထက် အတော်လေးငယ်လို့၊ ဒါမှမဟုတ် နောက်ထပ်ဖြစ်နိုင်ခြေတစ်ခုက အိမ်က လင်တော်မောင်က အိမ်ကွင်း အဝေးကွင်း ခြေစမ်းပွဲတင်မကပဲ ချစ်ကြည်ရေးပွဲတွေရော၊ ရုပ်ကြွက်ပွဲ တွေပါမကျန် ဝင်ကစားတတ်လွန်းလို့၊ မယားလုပွဲဖယားမှာ အောက်တန်း မဆင်းရအောင် အသည်းအသန် ရုန်းကန်နေရပြီဆိုတာ မှတ်ချက်ချလို့ရတယ်။ အိမ်ထောင်ရေးဆိုတော့လည်း ဘောလုံးကလပ်လို မန်နေဂျာပြောင်း၊ ဘောသမားအသစ်ဝယ်လို့လည်း မဖြစ်ဘူးမဟုတ်လား။

အခုဝင်လာတဲ့တစ်ယောက်က အသက်နဲ့လျော်ညီအောင်



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်ထားပေမယ့် အဝတ်အစား အရောင်အသွေး ဒီဇိုင်းနဲ့ အဆင် တန်ဆာတွေက တစ်ခုနဲ့တစ်ခု match မဖြစ်သလိုပါပဲ။ ဗေဒင်စကားနဲ့ ပြောရရင် 'ဆန်း' ပျက်တယ်ပေါ့။ ဒီ အသက်အရွယ်မျိုးက အိမ်ထောင်ရေး ပြဿနာရှိတတ်တာနည်းပေမယ့် ဒီအမျိုးသမီးရဲ့ဒီဇိုင်းကို ဗေဒင်ဆရာ မျက်လုံးနဲ့သုံးသပ်ရရင်တော့ အိမ်က လင်တော်မောင်ရဲ့ စိတ်ဝင်စားမှုရအောင် ကြိုးစားနေရတဲ့အနေအထားပဲ။ အင်း သေချာပါတယ်။ ဒါ လင်ပူမိလာတယ်ဆိုတာ။ အောင်မျိုးလွင်က အမျိုးသမီးကို ပြန်ပြုံးပြလိုက် ရင်း

"ထိုင်ပါ။ မှတ်မိလားဆိုတော့၊ ဘယ်သူဆိုတာ အစလေးဖော်ပေးရင်တော့ မှတ်မိမယ်ထင်ပါရဲ့"

"ကျွန်မ ကိုဝင်းကိုသိုက်ရဲ့ဇနီးပါ"

"အာ ... ဝင်းကိုသိုက်၊ ကျွတ် .. ဒီလူနဲ့ ဒီလူ မေ့ရတယ်လို့ မ ... မြမြလတ် ဟုတ်တယ်နော်"

"ဟုတ်ကဲ့"

ဗေဒင်ဆရာက မှတ်မိသွားကော့လည်း တောက်လျှောက်ပါပဲ။ မြမြလတ်လည်း အတော်လေး အားရှိသွားတယ်။ နှစ်ခါသုံးခါလောက်ပဲ တွေ့ဖူးရုံနဲ့ နာမည် မှတ်မိတယ်ဆိုတော့ ဗေဒင်မှန်တာ မမှန်တာ အပထား လူကတော့ ကျေနပ်သွားတာအမှန်ပဲ။ ဒါကြောင့်ပဲ ဒီဗေဒင်ဆရာ နာမည်ကြီးနေတာထင်ပါ့။

"ဒါနဲ့ ဝင်းကိုသိုက် တစ်ယောက် ဘာဖြစ်လို့လဲ"

ဗေဒင်ဆရာက လိုရင်းကို တည့်တည့်မေးချလိုက်ပါတယ်။ အိမ်ထောင်သည်မိန်းမတွေ လာမှတော့ ယောက်ျားအကြောင်းက အဓိကပဲကိုး။ မြမြလတ်က မပွင့်တပွင့်နဲ့ ....

"လွန်ခဲ့တဲ့ ငါးနှစ်လောက်က၊ ဆရာ ဝင်းကိုသိုက်ကို ဟောခဲ့ဖူးတယ်လေ"

ဗေဒင်ဆရာခေါင်းထဲ လွန်ခဲ့တဲ့ငါးနှစ်က အကြောင်းတွေ အစီအရီ ပြန်ပေါ်လာတယ်။ ဝင်းကိုသိုက်၊ မြမြလတ်၊ ပြီးတော့ ...။





"ဟုတ်ပြီ မှတ်မိပြီ။ လွန်ခဲ့တဲ့ ငါးနှစ်က ဒီအချိန်ရောက်ရင် ဝင်းကိုသိုက်မှာ အိမ်ထောင်ရေး အလှုပ်အခတ်ရှိတယ်လို့ ဟောခဲ့ဖူးတယ်ထင်တယ်"

"ဟုတ်၊ အဲဒါ – အခု ..."

မြမြလတ်က ဆက်မပြောဘဲ ရပ်သွားတယ်။ ဗေဒင်ဆရာ သူ့ရှေ့က ကွန်ပျူတာခလုတ်တွေနှိပ်လိုက်တယ်။ သူက သူ့ဆီဗေဒင် လာတွက်ဖူးတဲ့ လူတွေရဲ့ ဇာတာတွေကို ကွန်ပျူတာထဲ စနစ်တကျ မှတ်ထားတာပါ။ ဝင်းကိုသိုက် ရဲ့နာမည် ရိုက်ထည့်လိုက်တယ်ဆိုရင်ပဲ ... monitor ပေါ်မှာ ဝင်းကိုသိုက်ရဲ့ မူလ ဇာတာပုံလေးပေါ်လာတယ်။ ဗေဒင်ဆရာက ခလုတ်တွေ ဟိုနှိပ် ဒီနှိပ်နဲ့ မူလဇာတာကို လက်ရှိဇာတာခွင်နဲ့ ယှဉ်ကြည့်လိုက်ပြီး။

"အင်း၊ ဗေဒင်အမြင်အရပြောရရင်တော့၊ အခုအချိန်မှာ ဝင်းကိုသိုက်ရဲ့ဇာတာမှာ အလှုပ်အခတ်တွေ အကြီးအကျယ်ဖြစ်နေတာ အမှန်ပဲ"

မြမြလတ်ရဲ့ မျက်လုံးအိမ်ထဲ မျက်ရည်ဥတွေ ချက်ချင်းဖုလာတော့တယ်။

"ကျွန်မကို ကယ်ပါဦးဆရာရယ်။ ဆရာပညာနဲ့ ကယ်လို့ မရတော့ဘူးလားဟင်။ သူနဲ့ ကျွန်မ တကယ်ပဲ ကွဲကြ၊ ကွာကြရမှာလား"

ဗေဒင်ဆရာက Keyboard က ခလုတ်တွေ ထပ်နှိပ်လိုက်ရင်း .....

"မမြမြလတ်ရဲ့ ဇာတာ ကွန်ပျူတာထဲမှာ မရှိဘူးနဲ့တူတယ်။ မွေးသက္ကရာဇ် ပြောပါဦး"

မြမြလတ်က သူ့မွေးသက္ကရာဇ်ကို ပြောလိုက်ပါတယ်။ ဗေဒင်ဆရာက ဇယားကွက်ထဲ ကိန်းဂဏန်းတွေရိုက်ထည့်လိုက်ပြီး၊ ပေါ်လာတဲ့ ဇာတာကွက်နှစ်ခုကို ယှဉ်ကြည့်နေလေရဲ့။ ပြီးမှ၊ လေသံ မှန်မှန်နဲ့ .....

"အင်း ၊ မြမြလတ်ရဲ့ ဇာတာမှာလည်း အလားတူ အလှုပ်အခတ်လေးတွေ ရှိနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို၊ ကျွန်မတို့ တစ်ကယ်ပဲ ကွဲကြကွာကြရမှာပေါ့"

"သားသမီးရှိတယ်မဟုတ်လား"

"ဟုတ်ကဲ့ သမီးလေးတစ်ယောက်ရှိပါတယ်"

"မြမြလတ်ရဲ့ ဇာတာအရ၊ သားသမီးနဲ့ ပတ်သက်တဲ့ ဂြိုလ်အနေအထားက အထောက်အပံ့ပေးမယ့် အနေအထားမျိုး။ ပြတ်ချင်ပေမယ့်လည်း သားသမီးကြောင့် ပြန်ပေါင်းသွားတာမျိုး'

"ကျွန်မကတော့ ရာထူးအတက်ခံပြီး ဆက်ပေါင်းနေတာမျိုး အဖြစ်မခံနိုင်ဘူးဆရာရယ်။ မယားကြီးရာထူးကို ဒီဘဝတင်မကဘူး ဘယ်ဘဝမှာမှ မလိုချင်ဘူး"

"ဝင်းကိုသိုက် နဲ့ ပြတ်ပြတ်တောက်တောက် စိမ်းစိမ်းကားကားကြီးတွေ ဖြစ်နေပြီလား"

"အဲဒီလိုတော့ မဟုတ်ပါဘူး။ လင်နဲ့မယား လျှာနဲ့သွားဆိုသလို၊ ကတောက်ကဆဖြစ်တာမျိုးလောက်ပေါ့။ အရင်တုံးကတော့ အကြောင်းအရာ မယ်မယ်ရရမရှိပေမယ့် အခုကတော့ ဒီအကြောင်းပဲ ယိုးမယ်ဖွဲ့ပြီး ဖြစ်နေရတာပေါ့"

"ဝင်းကိုသိုက်ကရော ဝန်ခံလား"

"ဒါမျိုးတော့ ဘယ်ဝန်ခံမလဲ ဆရာရဲ့"

"မြမြလတ်ကရော သက်သေပြနိုင်ရဲ့လား"

"အဲဒါကိုတော့ တိတိကျကျဖြစ်အောင် စုံစမ်းနေတုံးပဲ။ ဆရာ့လူကလှူလည်ဆရာရဲ့"

"အင်း၊ တော်တော်ကြာ ဗေဒင်ဆရာဟောထားလို့ဆိုပြီး ကိုယ့်ဘက်က တစ်ဖက်သတ် သံသယဖြစ်နေတာမျိုးလည်း ဖြစ်နေဦးမယ်။ ဗေဒင်ပညာဆိုတာ၊ အကျိုးနဲ့အကြောင်းမှာ အကြောင်းကိုပဲ မြင်နိုင်တာများတယ်။ ခေါင်းကွဲမယ်လို့ ဟောလိုက်ပေမယ့်၊ ဘာကြောင့် ခေါင်းကွဲမယ်ဆိုတာ မပြောနိုင်သလိုပေါ့။ တကယ်မဟုတ်ဘဲနဲ့ ဒီသံသယဆိုတဲ့ အကျိုးကြောင့် အိမ်ထောင်ရေးပြိုကွဲခြင်းဆိုတဲ့ အကြောင်းလည်း





ဖြစ်နိုင်တာပဲလေ"

"ဆရာက ကိုယ့်လူဖက်က ကာပေးနေပြန်ပါပြီ"

"ကာတာမဟုတ်ပါဘူး၊ သဘောပြောပြတာပါ။ ဆရာ အကြံတစ်ခုပေးမယ်။ ကလေးထပ်ယူဖို့ ကြိုးစားကြည့်ပါလား။ အပြောင်း အလဲတစ်ခုဖြစ်သွားတာပေါ့။ သားသမီးဂြိုလ်ကလည်း အထောက်အပံ့ ပေးနေတယ်ဆိုတော့လေ"

"ဟုတ်ကဲ့"

"ဒီအတောအတွင်းတော့၊ ကိုယ့်ဘက်က အလိုက်သင့် အလျှားသင့်ဆက်ဆံရမှာပေါ့။ အိမ်ထောင်ရေးဆိုတာ စွန့်လွှတ်တာနဲ့တူတယ်ဗျ။ လေကြောင်းကိုလိုက်ပြီး ကိုယ်လိုတဲ့နေရာရောက်ဖို့ လျှော့တန်လျှော့တင်းတန်တင်းပေါ့"

မြမြလတ်က ခေါင်းညိတ်လိုက်တယ်။

'ဆရာပြောတဲ့အတိုင်း ကြိုးစားကြည့်ရမှာပဲ။ ဟိုလေ ... ယတြာချေဖို့ ဘာတွေလုပ်ရမလဲဆိုတာ ပြောပါဦးဆရာ'

ဒါမျိုးက ဗေဒင်ဆရာတွေရိုက်လို့ကောင်းတာပေါ့။ ဒါပေမယ့်လည်း အောင်မျိုးလွင်က လူရင်းချင်းဆိုတော့ မရိုက်ရက်တော့ပါဘူး။ ဒါပေမယ့်လည်း ဒါမျိုးဆိုတာ တစ်ဖက်သားကျေနပ်သွားအောင်တော့ တစ်ခုခု လုပ်ပေးမှဖြစ်မယ်။

"အင်း၊ ယတြာကတော့ မမြမြလတ်ကိုယ်တိုင် စွန့်လွှတ်ပေးဖို့ပါပဲ"

ဒီယတြာကတော့ ဗေဒင်သုံးပုံထဲက ဘယ်အပုံမှာမှ ပါဟန်မတူပါဘူး။ ဆရာအောင်မျိုးလွင်ရဲ့ own tone ပဲထင်ပါရဲ့။

"ရှင်၊ ကျွန်မက စွန့်လွှတ်ရမယ်။ ဆရာပြောတဲ့အတိုင်းဆိုရင် ကလေးလည်းယူရဦးမယ်။ စွန့်လည်းလွှတ်ရမယ်ဆိုတော့ ဗိုက်ကြီးတကားကားနဲ့ စွန့်လွှတ်နေရမှာပေါ့။ ကြည့်လုပ်ပါဦးဆရာရယ်"

ဗေဒင်ဆရာလည်း မြမြလတ် ဗိုက်ဖုံးအင်္ကျီတစ်ဖားဖားနဲ့ စွန့်လွှတ်နေတဲ့ပုံစံ ပြေးမြင်မိတယ်။ အင်း ဟုတ်ပေသား၊ ဘယ်လိုမှ



www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေ မှာ မဟုတ်ဘူး။ ဒါပေမယ့် ဗေဒင်ဆရာပဲလေ။ ဒီလောက်တော့ ပြန်ဖြည် ရတာ အလွယ်လေးပေါ့။

"ဗိုက်ကြီးမကားခင် ဖွန်လွှတ်ရမှာလေ။ ဗိုက်ကြီးကားနေတဲ့ အချိန်ကျတော့ ခင်ဗျားလေးဘေး ဝင်းကိုသိုက် ပြန်ရောက်နေပြီပေါ့။ အဲဒီကျတော့ ဖွန်မလွှတ်ပဲ မီးပုံပျံလွှတ်ကြပေါ့ဗျာ – မဟုတ်ဘူးလား"

ဗေဒင်ဆရာပြောတော့လည်း နည်းလမ်းကျသား။

"sorry နော်ဆရာ။ ဒါနဲ့ ဝင်းကိုသိုက် ဆီမှာ ရှုပ်ရှုပ်ရက်ရက် လေးတွေရှိခဲ့ရင် ဘာနေ့သမီးဖြစ်နိုင်မလဲဆရာ"

ဗေဒင်ဆရာက ဘော့ပင်ကို လှည့်ပတ်ကစားရင်း ...

"အင်း ရှိခဲ့မယ်ဆိုရင်တော့ စ၊ ဆ၊ ဇ၊ ဈ၊ ည အင်္ဂါသမီးပဲ ဖြစ်လိမ့်မယ်"

"ရှင်"

မေးမိတာမှားပြီထင်ရဲ့။ စောစောက စိတ်သက်သာရာ ရတာလေး တောင် အရည်ပျော်ဆင်းသွားပါတယ်။ စန္ဒီမိုး ဆိုတော့ 'စ၊ ဆ၊ ဇ၊ ဈ၊ ည' အင်္ဂါသမီးပဲပေါ့။ ဘုရား .. ဘုရား၊ ဆင်အိပ်နေရာ ဆိတ်နှိုးလိုက်သလို များဖြစ်သွားပြီလားမသိဘူး။ တောက်၊ ဒီလိုမှန်းသိရင် စန္ဒီမိုးနဲ့ အရင်သွားမတွေ့ဘဲ၊ ဗေဒင်ဆရာဆီအရင်လာတွေ့ပါတယ်။ အခုတော့ လင်ဇော်နဲ့ လောကြီးသွားတယ်။

အဲဒီနေ့က ဗေဒင်ဆရာဆီကအပြန်မှာ မြမြလတ်တစ်ယောက် ဈေးထဲဝင်ပြီး၊ ဖွန်တွေ၊ ရစ်ဘီးတွေ၊ ကြိုးတွေဝယ်သွားတယ်။ ပြီးတော့ ဆေးဆိုင်သွားပြီး ယောကျ်ားကြီးတစ်ယောက် လက်မောင်းကြွက်သား တွေ ကွေးညွှစ်ပြနေတဲ့ပုံပါတဲ့ အားဆေးဆစ်ပုလင်းရယ်၊ 'For women only' ဆိုတဲ့ စာသားပါတဲ့ အားဆေးတစ်ပုလင်းရယ်ပါ ဝယ်သွားလေရဲ့။

ဖွန်တွေ၊ ရစ်ဘီးတွေကတော့ ယတြာချေဖို့ပဲပေါ့။ အားဆေး နှစ်ပုလင်းကတော့၊ အင်း ... ဒါလည်း ယတြာချေဖို့ပဲထင်ပါရဲ့။





"အရင်က လာဖူးလားမသိဘူး"

ဗေဒင်ဆရာအောင်မျိုးလွင်က သူရှေ့ထိုင်နေတဲ့ အမျိုးသမီး ချောချောကို စကားရော ဖောရော လုပ်လိုက်ပါတယ်။ တကယ်လည်း သူစိတ်ထဲမှာ မြင်ဖူးနေလို့ပါ။ အသက်က ၂၅ ဝန်းကျင်။ ရုပ်ရည်ကတော့ ခေတ်ရုံတန်ရုံ မင်းသမီးတွေကို နားထားလို့ ပြောလို့ရတဲ့ ရုပ်မျိုး။ ပိုပြီး ဘန်ဖိုးတက်စေတာက ရုပ်ရည်နဲ့ တွဲထားတဲ့ ကိုယ်လုံးအလှပဲ။ အဆီလေး မဆိုစလောက်တက်နေတာကလွဲရင် ကောက်ကြောင်းတွေက ပြိုင်ပွဲဝင် မယ်တစ်ယောက်လို constrast ဖြစ်နေတုံးပဲ။ ဒီလောက်လှတဲ့ မိန်းမကို ဘစ်ခါလောက် မြင်ဖူးထားရင် အောင်မျိုးလွင်တို့က နောက်ထပ် ဘဝသုံးဆယ်လောက်ထိအောင် အလွတ်ကျက်မိနေတတ်တာ။

ဒါပေမယ့် ..

"ကျွန်မ ဆရာဆီကို ဒါပထမဦးဆုံး လာဖူးတာပါ"

ဗေဒင်ဆရာက မကျေမနပ်ဖြစ်သွားပါတယ်။

"*သေချာပါတယ်။ ငါ့ဆီ အရင်တုံးက လာဖူးတယ်ဆိုတာ*"

ကောင်မလေးရဲ့ မျက်လုံးတွေကလည်း မလုံမလဲပုံစံနဲ့။

"အင်း၊ သတိထားမှ၊ ဒါမျိုးက ဗေဒင်ဆရာ ချောက်ကျတတ်တယ်"

ဟုတ်တယ်လေ။ ဗေဒင်ဆရာဆိုတာ မွေးသက္ကရာဇ်လေး သိရုံနဲ့ ဒိုးကနဲ ဒေါက်ကနဲ၊ နင်ဘာဖြစ်၊ ငါဘာဖြစ် ဆိုပြီး တန်းဟောလို့မှ မရတာ။ သေချာတာလေးတစ်ခွန်းနှစ်ခွန်းလောက်ပစ်ဟောပြီးတော့ အခါအပြောလေးတွေ့ လုပ်ရသေးတာပေါ့။ ပြီးတော့ ဗေဒင်တွက်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဖော်မျူလာထဲက မသိကိန်းတွေ ပြည့်စုံသွားမှ ညီမျှခြင်း တစ်ဖက်မှာ အဖြေထွက်လာတာမျိုး။ ဒီတော့ ဗေဒင်လာမေးတဲ့လူက တစ်ခုခုကို ကွယ်ထား၊ ဝှက်ထား၊ လိမ်ထားရင် ဗေဒင်ဆရာလည်း မှန်အောင် တွက်လို့ မရတော့ဘူးလေ။ ဒီလောက်မှ အကင်းမပါးရင်လည်း ဗေဒင်ဆရာ လုပ်စားမနေနဲ့တော့။ ဗေဒင်ဆရာက သတိထားပြီး

"နာမည်နဲ့ မွေးသက္ကရာဇ်လေး ပြောပါ"

"စန္ဒီမိုး ပါ။ မွေးသက္ကရာဇ်က ---"

စန္ဒီမိုး၊ စ၊ ဆ၊ ဇ၊ ဈ၊ ည ဗေဒင်ဆရာခေါင်းထဲ အချက်ပေးသံတွေ ဆူညံသွားတယ်။ မှတ်မိပြီ။ ဒီစန္ဒီမိုးဆိုတာ ဝင်းကိုသိုက်ရဲ့ ရည်းစားဟောင်း။ မနေ့တုံးကလဲ ဝင်းကိုသိုက်ရဲ့ မိန်းမ မြမြလတ်၊ ဟောခန်းဆီ ရောက်လာ တယ်။ ဒီနေ့ စန္ဒီမိုး ထပ်ရောက်လာတယ်ဆိုတော့၊ ဒါ ... တိုက်ဆိုင်မှု မဟုတ်ဘူး။

ဗေဒင်ဆရာက ကွန်ပျူတာခလုတ်တွေနှိပ်ပြီး စန္ဒီမိုး နာမည်ရိုက်ထည့်လိုက်တယ်။ လွန်ခဲ့တဲ့ ငါးနှစ်က စန္ဒီမိုးကို ဟောခဲ့တဲ့ ဖိုင်အဟောင်းတက်လာတယ်။

"*ဟင်း ..ဟင်း လူများကိုသာ ဘတ်လို့ရမယ်။ အောင်မျိုးလွင်ကိုတော့ လူဦးနှောက်ရော၊ ကွန်ပျူတာ ဦးနှောက်ကိုပါ ညာလို့မရဘူး မှတ်ထား*"

ဒါပေမယ့် ဗေဒင်ကြည့်မယ့်သူက သူ့ကိုယ်သူ အသိမခံချင်တဲ့သဘောဆိုတော့ ကိုယ်ကလည်း အလိုက်တသိ ကွယ်ထားရမှာပေါ့။

"အိမ်ထောင်ရေးကိစ္စ သိချင်တာမဟုတ်လား"

"ရှင် ... ဟုတ် .. ဟုတ်ကဲ့"

"ဒီနှစ်အတွင်း အိမ်ထောင်ကျမယ်။ ၉၀% လို့ ပြောလို့ရတယ်"

စန္ဒီမိုးရဲ့ မျက်လုံးတွေက ကလယ်ကလယ်ဖြစ်သွားတယ်။ ဗေဒင် ဆရာက ချောင်းဟန့်လိုက်ရင်း

"အဟမ်း ... အရုပ်အထွေးနဲ့ အိမ်ထောင်ကျမယ်။ ဆိုလိုတာ





မုဆိုးဖို၊ တစ်ခုလပ်၊ မယားရှိလင်၊ ဒါမျိုးတွေနဲ့ ရှုပ်ရှက်၊ ပတ်သက်ပြီး မှ ကျမှာ။ တစ်ဖက် အိမ်ထောင်က ပြိုကွဲပျက်စီးပြီးမှ ကိုယ်နဲ့ လက်ထပ်ရမယ့်ကိန်း။ အပြိုင်၊ အငယ်၊ အဲဒီလိုတော့မဖြစ်ဘူး။ ကျမယ့်လူက ကိုယ်ရဲ့ သိဟောင်း၊ ကျွမ်းဟောင်း လူရင်းထဲကပဲဖြစ်လိမ့်မယ်။ ဘာသိချင်သေးလဲ"

စန္ဒီမိုးခမျာ ခေါင်းငိုက်စိုက်ကျသွားတယ်။ ဟောချက်ကတော့ လွန်ခဲ့တဲ့ ငါးနှစ်အတိုင်းပါပဲလား။ သိဟောင်းကျွမ်းဟောင်း လူရင်းထဲကတဲ့၊ ရည်းစားဟောင်းလို့သာ တည့်တည့်ဟောလိုက်ပါတော့လား ဆရာရယ်။ တကယ်ပဲ သူနဲ့ ပြန်ဆုံရမှာလား။ စန္ဒီမိုးရဲ့ ရင်ထဲ နွေးနွေးလေး ဖြစ်လာပါတယ်။ ဝင်းကိုသိုက်ကသာ သူ့ကိုလက်ကမ်းလာမယ်ဆိုရင် ...။

စန္ဒီမိုး စိတ်ထဲ၊ မြမြလတ် မျက်နှာ ကွက်ကနဲ လှမ်းမြင်လိုက်တယ်။ ဟင်အင်း၊ မဖြစ်သေးဘူး၊ ဝင်းကိုသိုက် ရင်ထဲဝင်လာတာ ကြိုဆိုနိုင်ပေမယ့်၊ သူတစ်ပါး အသိုက်အမြုံ နင်းခြေဖျက်ဆီးပြီးမှ ဆိုရင်တော့။ ဘယ်လောက်ပဲ ချစ်တယ်ပြောပြော စန္ဒီမိုးရင်ထဲမှာတော့ လူ့ကျင့်ဝတ်ဆိုတာတွေ နားလည်နေတုံးပဲ။

ဒါပေမယ့် အချစ်စိတ် ကာမစိတ်ဆိုတာမျိုးက ဆင်ခြင်စိတ်ကို အမှောင်မိုက်ထဲ တွန်းပို့တတ်တာ မျိုးလေ။ စန္ဒီမိုးရဲ့ ဆင်ခြင်စိတ်ကရော ဘယ်လောက်များ အခြေခိုင်နေလို့ လဲ။ ဝိနည်းလွတ် လေးဆိုရင်တော့။ အင်း အခုတောင် စန္ဒီမိုး နှာခေါင်းထဲ သွေးညှီနံ့လိုလို၊ မိုးငွေ့မိုးသက်လိုလို ခံစားမိလိုက်သလိုပဲ။ မှန်တိုင်းဆိုတာ ဝင်မတိုက်သေးခင် ကြိုတင်နိမိတ်ပြစမြဲပဲလေ။ စန္ဒီမိုးက ခေါင်းပြန်မော့ လိုက်ရင်း .....

"ရှောင်လွဲနိုင်မယ့် နည်းလမ်း မရှိဘူးလားဆရာရယ်"

ဗေဒင်ဆရာက ခေါင်းခါလိုက်ပါတယ်။

"ဖြစ်နိုင်ခြေနည်းတယ်လို့ပဲ ပြောပါရစေ။ ပြီးတော့ သားသမီး ဂြိုလ်ကလည်း အားကောင်းနေတော့ ..."

ဗေဒင်ဆရာရဲ့ ပြောလက်စ စကားရပ်သွားတယ်။ မနေ့က မြမြလတ်ရဲ့ ဇာတာခွင်မှာလည်း သားသမီးဂြိုလ်အထောက်အပံ့ပေး



www.burmeseclassic.com

www.burmeseclassic.com



နေတယ်။ စန္ဒီမိုးရဲ့ ဇာတာမှာလည်း သားသမီးဂြိုလ်အားကောင်းနေတယ်။ အင်း၊ အတော်ထူးဆန်းပါလား။ ဗေဒင်ဆရာခများ အတော်ပဲ ခေါင်းစားသွားတယ်။ သော့ချက် ဒီမှာရှိမယ်ထင်တယ်။ ဒါကို ဖော်နိုင်ရင် အဖြေမှန်ထွက်ပြီပဲ။

*"စဉ်းစား အောင်မျိုးလွင် ... ဘာဖြစ်လာနိုင်သလဲ ... စဉ်းစားစမ်း"*

ဗေဒင်ဆရာက ခေါင်းကုတ်လိုက်တယ်။

"နောက်ထပ် ဘာတွေထူးခြားတာတွေ့လို့လည်း ဆရာ"

"အော်၊ အင်း ... နောက်ထပ်ထူးခြားတာတွေကတော့ ..."

ဗေဒင်ဆရာက မော်နီတာကို တစ်ခါပြန်ကြည့်လိုက်ရင်း

"အင်း၊ အမေ သို့မဟုတ် ဆွေမျိုးတွေထဲက အမေလိုလေးစားရတဲ့ လူတစ်ယောက်ရဲ့ ကံဇာတာအညံ့ရှိတယ်။ နာတာရှည် မဟုတ်ဘဲ၊ ခွေကနဲ၊ ခေါက်ကနဲ ဖြစ်သွားနိုင်တာမျိုး၊ သတိထားလိုက်ပါ"

အဲဒီနောက်မှာတော့ စန္ဒီမိုး တစ်ယောက် ဟောခန်းကနေ ဘိတ်ဆိတ်စွာ ပြန်ထွက်သွားပါတော့တယ်၊ ဗေဒင်ဆရာကတော့ မော်နီတာပေါ်မှာ ဝင်းကိုသိုက်၊ မြမြလတ် နဲ့ စန္ဒီမိုး တို့ရဲ့ ဇာတာသုံးခု ကို ယှဉ်ကြည့်ပြီး အသည်းအသန် ခေါင်းစားနေပါတယ်။ စဉ်းစားလေ အဖြေမရလေ၊ ဆံပင်ရှည်ကြီးကို တဗျင်းဗျင်းကုတ်လေပဲ။ ဟိုဘက်ကနေ လှည့်စဉ်းစား၊ ဒီဖက်ကနေလှည့်စဉ်းစားမရကဲ့ အဆုံးမှာတော့ –

"အား .. ခေါင်းတွေနောက်လာပြီ၊ အီး .. ကျွတ်ကျွတ် massage သွားမှ ဖြစ်တော့မယ် .. ဟင်း"





"အမယ်လေး အမေရဲ့၊ အလာကောင်းပေမယ့် အခါနှောင်းသွားပြီ .. အမေရဲ့၊ အမေ့သမီး နန္ဒာ မရှိတော့ဘူး။ မိန်းမရေ၊ နင့်အမေနဲ့ နင့်ညီမ ရောက်လာပြီလေ၊ ထကြည့်ပါဦး"

ခရီးရောက်မဆိုက် အိမ်ဝက ဆီးအော်ငိုလိုက်တဲ့လူက၊ စန္ဒီမိုးရဲ့ အစ်မ နန္ဒာမိုးရဲ့ယောကျ်ား ကိုရေချမ်း။ ဗေဒင်ဆရာက တစ်လောကပဲ ဟောလိုက်သား။ ဆွေထဲမျိုးထဲက အမေလို လေးစားရတဲ့ လူတစ်ယောက် ကံဇာတာအညံ့ရှိတယ်လို့။ ဒါပေမယ့် အသက်သုံးဆယ်ကျော်စ သန်သန်မာမာကြီးကို ဒီလို ခေါက်ကနဲ ခွေကနဲ ဖြစ်သွားရှာမယ်လို့ ဘယ်သူ ထင်မိမလဲ။

"အမယ်လေး၊ ရေချမ်းရယ်၊ နင်ပြောတော့ ငါ့သမီးကြီးကို တစ်သက်လုံး စောင့်ရှောက်မယ်ဆို။ အခုတော့ နင် မစောင့်ရှောက်နိုင်တော့လို့ ငါ့သမီးကို သေရွာသွားခိုင်းလိုက်တာလား ရေချမ်းရဲ့"

တလမ်းလုံး အံတင်းတင်းကြိတ်ပြီး မျက်ရည်မကျအောင် ထိန်းလာခဲ့တဲ့ စန္ဒီမိုးရဲ့အမေကလည်း စိတ်မထိန်းနိုင်တော့ပဲ သမက်ယောက္ခမ နှစ်ယောက်တွဲပြီး ငိုပွဲဆင်ပါတယ်။

စန္ဒီမိုး ကိုယ်တိုင်လည်း မျက်ရည်လေးစမ်းစမ်းနဲ့၊ နန္ဒာမိုး ဆိုတာ စန္ဒီမိုးရဲ့အစ်မအရင်းခေါက်ခေါက်။ သူတို့မိသားစုက စန္ဒီမိုးတို့ မိဘတွေရှယ်ယာပါတဲ့ ပဲခူးအကျော်လေးက သစ်အချောထည်စက်ရုံမှာ နေကြတာပါ။ ကိုရေချမ်းကတော့၊ ဒီစက်ရုံရဲ့ မန်နေဂျာလည်းဟုတ်၊ ဒီသစ်ကုမ္ပဏီတစ်ခုလုံးရဲ့ ဒါရိုက်တာလည်းဟုတ် ဆိုပါတော့။ ကိုရေချမ်း



www.burmeseclassic.com

www.burmeseclassic.com



မိဘတွေဆိုတာကလည်း စီးပွားဖက်တွေလေ။ ဒါနဲ့ပဲ နှစ်ဖက်မိဘတွေက ကိုရေချမ်းနဲ့ နန္ဒာမိုးကို ပေးစားခဲ့တာပေါ့။ သူတို့ နှစ်ယောက်စလုံး မိဘဆန္ဒတွေလိုက်လျောပြီး ရေချမ်းကလည်း လက်ရှိ ရည်းစားလေး ယောက်ကို ရင်လေးပိုင်းအကွဲခံပြီး လမ်းခွဲခဲ့ရသလို၊ နန္ဒာမိုးကလည်း အိစိကလီငါးယောက်ကို မျက်ရည်စက်လက်နဲ့ အစိမ်းဖြတ်ခဲ့ရတာပါ။

သူတော်ချင်း သီတင်းလွှဲ့လွှဲ့ပဲဆိုရမလား၊ အသွင်တူလို့ အိမ်သူ ဖြစ်တယ်ပဲပြောရမလား မသိဘူး။ ညားလည်း ညားရော ချစ်လိုက်ကြတာ ဘေးကတောင် အမြင်ကတ်ယူတယ်။ 'နန္ဒာရေ' 'ချမ်း'ရေ ဆိုတာ ပါးစပ်ကနေမချဘူး။ မသိရင် နှစ်ပါးခွင်ထွက်နေတဲ့အတိုင်းပဲ။ အခုတော့လည်း နန္ဒာက ချမ်းကို ထားခဲ့ရက်ပြီပေါ့။ သူထားသွားတာက ကိစ္စမရှိဘူး။ ကိစ္စရှိတာက သူတို့ နှစ်ယောက်မွေးထုတ်ထားတဲ့ သားလေး ဂျူနီယာရေချမ်းက အခုမှ အသက် ငါးနှစ်ကျော်ပဲရှိသေးတာ။ အခုတော့ အမိမဲ့သား ရေနည်းငါးလေးဖြစ်ပြီပေါ့။

"အမယ်လေး၊ ငါ့မြေးလေး ဘယ်ရောက်နေပါလိမ့်၊ ငါ့ မြေးလေး ရော"

စန္ဒီမိုးရဲ့ အမေက သူ့မြေးလေးကို တလိုက်တော့မှ အားလုံး ဝိုင်းရှာရတော့တယ်။ ခဏကြာတော့ ဂျူနီယာရေချမ်းက ဖုတ်တွေသဲတွေ လူးပြီး ရောက်လာပါတော့တယ်။

"တကိုယ်လုံးလည်း ပေပွလို့ပါလား။ ငါ့မြေးရယ် ဘယ်လို ဖြစ်ရ တာလဲကွယ်"

"သားက သစ်ပုံပုံဟိုဘက်နားမှာ ဂေါ်လီရိုက်နေတာ"

"ဟိုက်"

အမေကသေကောင်းတုံး၊ သားက ဂေါ်လီရိုက်နေတယ် ဆိုပါလား။ အတော့်ကို အဆော့မက်တဲ့ဟာလေး။

ရေချမ်းက မကျေမချမ်းနဲ့ သူ့သားကို ကောပါတော့တယ်။

"မင်းကွာ၊ အမေတစ်ယောက်လုံး ဆုံးတာတောင် ဝမ်းနည်းရ





ကောင်းမသိဘဲ၊ ဂေါ်လီရိုက်နိုင်သေးတယ်"

"ဟာဖေကြီးကလဲ၊ စောစောက သား နှစ်ခါတောင် ငိုပြီးပြီ။ ဗိုက်ဆာတယ် ဖေကြီးရ။ အဲဒါကြောင့် သားသွားကစားနေတာ"

"အော်၊ ကစားတာတော့ ဗိုက်မဆာဘူးပေါ့"

"ဖေကြီးလည်း စောစောတုံးက ဖဲဝိုင်းမှာ ဘေးထိုးနေပြီးတော့"

"သေဟ"

ယောက္ခမကြီးရဲ့ မျက်စောင်းက ရေချမ်းဆီ ရောက်လာ ပါတယ်။ ရေချမ်းက ဇက်ကလေးပုပြီး တစ်ဖက်လှည့်သွားတယ်။ စန္ဒီမိုး အမေက စန္ဒီမိုးဖက်လှည့်ပြီး

"ဒီကလေးအတွက် ငါရင်လေးတယ်။ မိစန္ဒီ၊ နင့်တူကို ခေါ်သွားပြီး ရေမိုးချိုး အဝတ်အစားလဲပေးလိုက်"

"ဟုတ်ကဲ့"

စန္ဒီမိုးက သူ့တူလေးကို ရေချိုးပေးဖို့ ခေါ်သွားပါတော့တယ်။ ခက်ရုံက တပည့်လေးတစ်ယောက် ရေချမ်းနားကပ်လာပြီး

"ဆရာ၊ ရန်ကုန်က ဧည့်သည်တွေလာတယ် ဆရာ"

အဲဒီတော့မှ ရေချမ်းလည်း ထွက်ပေါက်ရပြီး၊ ဧည့်သည်တွေ ကို ကြိုရပါတော့တယ်။

"လာကြဗျာ၊ လာကြ၊ ဒီဘက်မှာထိုင်ကြပါ။ ကိုဝင်းကိုသိက်ပါ လိုက်လာတာကို"

"အေးဗျာ၊ ကျွန်တော်လည်း ကြားကြားချင်းပဲ ထလိုက်လာတာ၊ ဘယ်လိုဖြစ်ရတာလဲဗျာ"

"မပြောချင်တော့ပါဘူးဗျာ"

ရေချမ်းက အဲဒီလို အစချီလိုက်ပါတယ်။ ဒါဆိုရင်တော့ non-stop ပြောတော့မှာ အသေအချာပါပဲ။

"ဒီနေ့မနက်စောစော၊ စက်ရုံက ဝန်ထမ်းကောင်လေး မင်းလာ ဆောင်မှာ အုန်းနို့ခေါက်ဆွဲ နှစ်ပန်းကန်မောက်မောက်ကြီးစားခဲ့တယ်ကဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ အိမ်ပြန်ရောက်တော့၊ ယောကျ်ားရေတဲ့ ဆံပင်တွေ အဖြောင့်ဆွဲထားတာ သူ့မျက်နှာနဲ့ မလိုက်ဘူးထင်တယ်တဲ့။ အခုဆံပင်ကို wave လေးတွေနဲ့ ပွပွရွရွလေးတွေ ပြန်ခေတ်စားနေသတဲ့၊ ဒါနဲ့ပဲ သူ့ကို စိတ်ကြိုက် ပွပွရွရွလေးဖြစ်အောင်ဆိုပြီး သူ့ကို Beauty Parlor ပို့၊ ကျွန်တော်က သစ်ကွင်းကို သွားပါရောလား။ အဲဒီမှာ သူက ညှပ်ပြီးလျှော်၊ လျှော်ပြီး ပုံသွင်း၊ ပုံသွင်းပြီးပြန်လျှော်နေတုံး ဖြုံးဆို မီးပျက်ပါရော။ အဲဒါကို သူက စိတ်မြန်လက်မြန်နဲ့ ဆံပင် အခြောက်မခံဘဲ ထပြန်လာသတဲ့။ တကယ်ဆို ကိုယ်ယောကျ်ားကို ဖုန်းလေးဆက်ပြီး လာကြိုခိုင်းရောပေါ့။ အဲဒါကို မကပ်စေးက လိုင်းကားနဲ့ပြန်လာသတဲ့။ ဆံပင်ကောက်ဖို့ သောင်းချီကုန်တာကျ မနမြော၊ တက္ကစီဖိုးကျနမြောသတဲ့လေ။ အဲဒါ လမ်းမပေါ်က စက်ရုံဝင်းအထိ နေပူကျဲတဲ လမ်းလျှောက်ပြန်လာတာ စက်ရုံဝအရောက် ခွေကနဲ ခေါက်ကနဲပါပဲ။ ဆေးရုံပို့တော့ ဆုံးပြီတဲ့။ အမယ်လေး မိန်းမရဲ့ မင်းဖြစ်ချင်တဲ့ ပွပွရွရွ မဖြစ်ပဲ အခုတော့ တောင့်တောင့်ကြီး ဖြစ်နေပါရောလား မိန်းမရဲ့'

ရေချမ်းရဲ့ တစ်ကိုယ်တော် ဆို ငို ပြော အစီအစဉ်လည်း အခုမှပဲ ပြီးဆုံးပါတော့တယ်။ အတော့်ကို မောသွားတယ်ထင်ပါ့၊ ဘေးဘီလှည့် ကြည့်ပြီး ရေခပ်ခိုင်းရမယ့်လူ လိုက်ရှာတယ်။ အိမ်ထဲက ထွက်လာတဲ့ စန္ဒီမိုး ကိုတွေ့တော့

"ညီမရေ၊ ဧည့်သည်တွေဖို့ အအေးယူခဲ့ပါဦး၊ အစ်ကိုဖို့ရော တစ်ခွက်ယူခဲ့ပါ"

"ဟာ ... ရပါတယ်၊ ကိစ္စမရှိ ....."

ဝင်းကိုသိုက်ရဲ့ အငြင်းစကားက လမ်းတစ်ဝက်မှာတင် ရပ်သွားတယ်။

'စန္ဒီ .....'

ဟုတ်တာပေါ့၊ ရည်းစားဟောင်းလေး စန္ဒီမိုး ။ စန္ဒီမိုးကလည်း ဝင်းကိုသိုက်ကို ခပ်ငေးငေးလေးကြည့်နေလေရဲ့။ အခုမှ ဆက်စပ်





ကြည့်မိတယ်။ ဆုံးသွားတဲ့ နန္ဒာမိုးဆိုတာ စန္ဒီမိုးရဲ့အစ်မကိုး။ ပတ်ပတ်သက်သက်ရှိပေမယ့် ဆက်ဆက်စပ်စပ်မရှိတော့ မသိမိကြဘူးလေ။

စန္ဒီမိုးက ကိုယ်လေးယို့ပြီး အိမ်ခန်းထဲ ပြန်ဝင်သွားတယ်။ အအေး သွားယူ တယ်ထင်ပါ့။ ဝင်းကိုသိုက်ကလည်း အခုမှပဲ ရေငတ်ချင်သလိုလို ဖြစ်လာ ပါတယ်။ ရာသီဥတုကလည်း ပူတယ်လေ။ ရည်းစားဟောင်းလေးက လည်း လှနေတုံးပဲ။ လှပါတယ်ဆိုနေမှ တင်းပြည့်ကျပ်ပြည့်ကို လှနေတာ။ မတွေ့ဖြစ်ကြတာတောင် ငါးနှစ်လောက်ရှိရောပေါ့။ မြမြလတ် နဲ့ အိမ်ထောင်ကျကတည်းက။ ဝင်းကိုသိုက်က မဆီမဆိုင် မြမြလတ်နဲ့ ယှဉ်ကြည့်လိုက်တယ်။

အင်း .. သူကတော့ ကလေးတစ်ယောက်အမေဆိုတော့ မူးလျော့၊ ပဲလျော့စပြုပြီပေါ့။

အခြားတစ်စိမ်းတစ်ယောက်အမြင်မှာ မြမြလတ်က လှကောင်း လှနေဦးမှာ ဖြစ်ပေမယ့် နေ့စဉ်စားသုံးသူ ဝင်းကိုသိုက်ကတော့ အလှတွေ တဖြည်းဖြည်း ပွန်းတီးလာတာ မမြင်ချင်အဆုံးလေ။ မြင်ပါများတော့ ပြယ်ဆိုသလိုပေါ့။ အစကတည်းက စန္ဒီမိုး လောက်မလှတဲ့ မြမြလတ်ကိုပဲ ဝင်းကိုသိုက်ကိုယ်တိုင် ရွေးချယ်ခဲ့တာပဲလေ။ အခုတော့ ကိုယ့် ရွေးချယ်မှုကိုပဲ နောင်တရမိသလိုလို။

"အအေးသောက်ပါဦး"

စန္ဒီမိုးက ဘေးနားရောက်လာပြီး အအေးခွက်တွေ လာချပေးတယ်။ ကိုရေချမ်းက .....

"ဒါ၊ ကျွန်တော့ ခယ်မလေး ..လေ"

ဝင်းကိုသိုက်က ခေါင်းညိတ်ပြလိုက်ရင်း

"ကျွန်တော်နဲ့ စန္ဒီမိုးက ကျောင်းတုန်းက same batch တွေပါ။ မဆက်စပ်မိလို့"

"အော်၊ သူငယ်ချင်းတွေကို"

တကယ်ဆိုရင် သူငယ်ချင်းတောင် ဘယ်ကလိုမှ်မလဲနော်။



www.burmeseclassic.com

www.burmeseclassic.com



စန္ဒီမိုးက လူကြီးလူကောင်းအရမ်းဆန်နေတဲ့ ဝင်းကိုသိုက်ရဲ့ဘေးနား ပဆစ်လေးတုတ်ပြီး မယောင်မလည် ဝင်ထိုင်လိုက်တယ်။ ပြီးတော့ – လေသံတိုးတိုးနဲ့

"အလုပ်က မြမြလတ်အဒေါ်ကုမ္ပဏီမှာပဲလား ....."

"ဟုတ်တယ်၊ သူ့အဒေါ်ကတော့ ဟိုခြောက်လ၊ ဒီခြောက်လပဲ၊ ဒီက ကိစ္စတွေက ငါပဲလုပ်နေရတာ"

"အော်၊ မြမြလတ်ရော နေကောင်းရဲ့လား"

မေးရိုးမေးစဉ်မို့၊ မေးလိုက်ရတာ။ မြမြလတ် ဒေါင်ဒေါင်မြည်တာ စန္ဒီမိုးသိပြီးသားပဲ။ တစ်လောကတောင် တွေ့ဖြစ်ကြသေးတယ်လေ။ စန္ဒီမိုးကိုတောင် ကပ်ချည်သွားသေးတယ်။

"အင်း ကောင်းပါတယ်။ စန္ဒီမိုးရော ဘာလုပ်နေလဲ"

"ဒီသစ်ကုမ္ပဏီမှာပါပဲ။ မိသားစုလုပ်ငန်းဆိုတော့လည်း သာမန်ဝင်ပါရုံလောက်ပါပဲ"

"အော် .. အော်"

"ကလေးရော၊ အတော်ကြီးနေရောပေါ့"

"အင်း နှစ်နှစ်ကျော်ပြီ၊ သမီးလေးလေ"

"ချောမှာပေါ့၊ ဖအေရော မအေရော အချောတွေပဲဥစ္စာ၊ အဖေတူလား၊ အမေတူလား"

ဝင်းကိုသိုက်က မပွင့်တပွင့်လေးပြုံးတယ်။

"ငါနဲ့တူတယ်လို့ ပြောကြတယ်။ စန္ဒီမိုးရော အရင်အတိုင်းပဲလား"

စန္ဒီမိုးကလည်း ရိုးရိုးရိပ်ရိပ်လေးပြုံးတယ်။ မျက်လုံးထဲမှာတော့ အလွမ်းငွေ့လေးတွေ ဝေနေသလိုပါပဲ။

"ဘာများပြောင်းလဲစရာရှိလို့လဲဟယ်"

"ငါတို့မတွေ့တာ ငါးနှစ်တောင်ရှိပြီထင်တယ်"

စန္ဒီမိုးက ခေါင်းလေးငုံ့နေရာက ဝင်းကိုသိုက်ကို မော့ပြီး ကြည့်လိုက်ပါတယ်။ ပြောလိုက်ပြီးမှ ဝင်းကိုသိုက်ခေါင်းထဲ ဗေဒင်ဆရာ





အောင်မျိုးလွင်ပြောခဲ့ဖူးတာ ရုတ်တရက်ဝင်လာလေရဲ့၊ ဘာတဲ့

*"နောက် ငါးနှစ်ဆိုရင် သူတို့နှစ်ယောက်ရဲ့ အိမ်ထောင်ရေး ဂြိုလ်တွေ အလှုပ်အခတ်ရှိလာမယ်"* ဆိုလားပဲ။

ဝင်းကိုသိုက်က စန္ဒီမိုးကို စိုးရွံ့စွာကြည့်လိုက်တယ်။ စန္ဒီမိုးကလည်း ဝင်းကိုသိုက်ကို ရီဝေဝေလေးကြည့်နေလေရဲ့။ တစ်ချိန်တုံးက ဆိုရင်၊ ဒီလိုအကြည့်တွေအောက်မှာ နှစ်ယောက်စလုံး ပျော်ဝင်ကြည်နူးခဲ့ကြတာပေါ့။ ဝင်းကိုသိုက်ရော စန္ဒီမိုးပါ၊ ဒါ အသုဘအိမ်ဆိုတာ မေ့သွားကြတယ်။ ကာလအတော်ကြာ အေးစက်နေခဲ့တဲ့ အကြည့်တွေကလည်း ပူနွေးစိုလက်လာသလိုပဲ။

ဟိုး ... ရေခဲတောင်တွေဆီမှာ ဆောင်း ကာလတစ်ခုလုံး သိပ်သည်းတဲ့ နှင်းထုအောက် ဖိနှိပ်ပျောက်ကွယ် နေပြီးမှ နွေဦးပေါက် နှင်းခဲပျော်ချိန်မှာ ရှင်သန်လာတဲ့ ပန်းရိုင်းပွင့်တွေလို၊ သူတို့ နှစ်ယောက်ကြားက သံယောဇဉ်တွေ ရှင်သန်လာတာမျိုးလေလား။ ဘယ်လောက် ကြာအောင် သူတို့နှစ်ယောက် စိုက်ကြည့်နေခဲ့လည်း မသိတော့ပါဘူး။

"အမယ်လေး အန်တီရယ်၊ အခုမှ လာရလား၊ အန်တီရဲ့၊ အန်တီတူမတော့ အန်တီလာတာကို မသိနိုင်တော့ဘူး အန်တီရဲ့"

ကိုရေချမ်းရဲ့ အသံကြားမှပဲ နှစ်ယောက်စလုံး သတိဝင်လာပြီး ကမန်းကတန်း မျက်လုံးလွှဲဖြစ်ကြတော့တယ်။ နှစ်ယောက်စလုံးရဲ့ ရင်ထဲမှာတော့ ပန်းရိုင်းပွင့်လေးကိုယ်စီနဲ့။



www.burmeseclassic.com

www.burmeseclassic.com



စန္ဒီမိုးတစ်ယောက် PLAZA ထဲ ဖြတ်လျှောက်လာတုံး သူ့နောက်ကို တစ်စုံတစ်ယောက်လိုက်လာသလို ခံစားလိုက်ရတယ်။

*"ဘုရား .. ဘုရား .. ခါးပိုက်နှိုက်များလား"*

ဘေးဘီကိုကြည့်တယ်။ နောက်ကို မသိမသာလေး ငုံ့ကြည့်တယ်။ စိတ်ထင်လို့ပဲ ထင်ပါရဲ့။ အားလုံးက ကိုယ့်အာရုံနဲ့ကိုယ်၊ စန္ဒီမိုးကို ဂရုတစိုက်ကြည့်နေမယ့်သူ မရှိဘူး။ အဲ .. မိန်းမချောဆိုတော့ လှမ်းကြည့်ကြတဲ့ ပုရိသတွေတော့ရှိတာပေါ့။ ဒါပေမယ့် 'ဒီမိန်းမ လန်းတယ်ဟ' ဆိုတဲ့ အတွေးလောက်နဲ့တင် ပြတ်သွားတာမျိုး။ တစ်ချို့ တစ်လေလည်း ခေါင်းလေးတွေတော့ စောင်းသွားကြတာပေါ့။ ဒါပေမယ့် စန္ဒီမိုး ဆိုတာက၊ အဲဒီလောက် အကြည့်ခံရုံလောက်နဲ့တင် ဖြုတဲ့မိန်းမ မဟုတ်ဘူးလေ။

အပျိုပေါက်စဘဝကတည်းက တစ်နေ့တစ်နေ့ အကြည့်ခံလာရတာ၊ အဲဒီကြည့်တဲ့ မျက်လုံးတွေကို စုပုံထားမယ်ဆိုရင်တောင် ကမ္ဘာပေါ်မှာအမြင့်ဆုံးဆိုတဲ့ ဧဝရက်တောင်ကြီးကိုတောင် ၁၇ ပေလောက် ဖြတ်ထားခဲ့လို့ရတယ်။ တက္ကသိုလ်တက်တုံးက တစ်နေ့တစ်နေ့ သူ့ကို လာကြည့်ကြတဲ့ ကျောင်းသားတွေကို ခြေသလုံးဖြတ်ရိုက်ပြီး၊ အဲဒီ ခြေသလုံးရိုးတွေနဲ့၊ တံတားထိုးရင်တောင် မြစ်ကူးတံတားကြီး ၂စင်း လက်ယှက်ထိုးဆောက်လို့ ရသေးတယ်။ အဟုတ်ပြောနေတာ။

*"ဟော ဟို ညာဘက် အကျီဆိုင်ထောင့်က ရိပ်ကနဲ။ သေချာပြီ၊ ဒါ စိတ်ထင်နေတာမဟုတ်တော့ဘူး"*

စန္ဒီမိုး စိတ်ထဲ ကယောက်ကယက်လေးဖြစ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ ကများ နောက်ကနေ တကူးတက လျှို့လျှို့ဝှက်ဝှက် လိုက်နေရတာပါလိမ့်။ စန္ဒီမိုး ဘဝတလျှောက်လုံး လျှို့လျှို့ဝှက်ဝှက် ပတ်ပတ်သက်သက် ဘာဆို ဘာမှ မရှိခဲ့တာ အမှန်ပဲ။ ရည်းစားထားတော့လည်း ဖြောင့်ပဲ။ ရည်းစား နဲ့ တွဲတော့လည်း ပလိန်းကြီးပဲ။ ဘယ်ခံစားချက်ကိုမဆို ရင်ထဲ သိမ်းမထား တတ်တာ စန္ဒီမိုးပဲလေ။ စန္ဒီမိုးက လျှောက်လက်စ ခြေလှမ်းကို တုံ့ကနဲ ရပ်လိုက်ပြီး နောက်ဘက်ကို ၁၈၀ ဒီဂရီတိတိ လှည့်လိုက်တယ်။ ဖြုန်းစား ကြီး လှည့်လိုက်တဲ့အတွက် နောက်က ကပ်ပါလာတဲ့လူနဲ့ တိုက်မိမလို ဖြစ်သွားလိုက်သေး။ ကပ်ပါလာတာက အသက် ၆၀ လောက်ရှိမယ့် အဘိုး ကြီးတစ်ယောက်။ ကိုယ်နဲ့ လိုက်မှန်း မသိ မလိုက်မှန်းမသိ ဘောင်းဘီ ပွပွကြီးနဲ့ တီရှပ်နဲ့။ အမယ် တီရှပ်မှာ စာတောင်ရေးထားလိုက်သေးတယ်။

'no money no honey' တဲ့။

မသကာ 'ကျိုက်ထီးရိုးအမှတ်တရ' တို့၊ 'ပုဂံအမှတ်တရ' တို့ဆို တော်သေး။ အဘိုးကြီးကြည့်ရတာ တစ်လျှောက်လုံး စန္ဒီမိုး ကျောဖက်ကို ကြည့်ပြီး အားပေးလာတဲ့ပုံပါပဲ။ စန္ဒီမိုးက ရုတ်တရက် လှည့်လိုက်တော့ အိုးတိုး အမ်းတမ်းကြီးဖြစ်သွားတယ်။ ပါးစပ်ကလည်း

"ဆောရီး ... ဟဲဟဲ"

ဆောရီးဆိုတော်ရောပေါ့၊ အဲဒီ 'ဟဲ ဟဲ' ကြီးက မှန်းစရာ။ ဒါပေမယ့်၊ စန္ဒီမိုးပဲလေ။

"ကျေးဇူးပဲ၊ အန်ကယ်"

အင်း၊ ဘာကို ကျေးဇူးတင်တာလည်းမပြောတတ်ဘူး။ နောက်ကနေ လိုက်အားပေးတာကိုပဲ ကျေးဇူးတင်တာလား မသိဘူး။ စန္ဒီမိုးက ကျေးဇူးစကားနဲ့အတူ အပြုံးတစ်ချက်လောက် ခြွေထားခဲ့ပြီး အဖိုးကြီးကိုကွင်းပြီး လာလမ်းအတိုင်း ပြန်လျှောက်သွားတယ်။ အဖိုးကြီးကတော့ အီလည်လည်ကြီးနဲ့ ရှေ့ပဲဆက်လျှောက်ရမလို၊ စန္ဒီမိုးနောက်ကိုပဲ ဆက်လိုက်ရမလို ဖြစ်သွားလေရဲ့။





*"အင်း .. ငါ့ကိုလိုက်ကြည့်နေတာ၊ ဒီအဖိုးကြီးတော့ မဖြစ်နိုင် ဘူး။ သူက လမ်းကြုံမျှောလာတဲ့ ပုံစံ၊ နောက်တစ်ယောက်တော့ ရှိကို ရှိဦးမယ်"*

စန္ဒီမိုးတွေးနေတုံးမှာ ဟိုညာဘက်တောင့် အပြင်ဘက်ဆုံး ခန်းနားက ရိပ်ကနဲ။

လူတစ်ယောက်မှာ မသိစိတ်ပဲခေါ်မလား၊ ဆဋ္ဌမ အာရုံပဲ ဆိုရမလား။ တတိယမျက်လုံးလို့ပဲပြောရမလား၊ ကိုယ့်ကို တစ်စုံတစ်ယောက်က စောင့်ကြည့်နေရင်၊ ကိုယ်က အလိုလို သိလာတတ်တဲ့ စိတ်မျိုး။ သေချာတယ်။ လုံးဝသေချာတယ်။ စန္ဒီမိုးက ညာဘက်ကို ဖျတ်ကနဲ ချိုးလိုက်တယ်။ ဆိုင်ထောင့်မှာ ရပ်နေတဲ့ ချာတိတ်လေးက လှမ်းရှုံးနေတယ်။

*"မဟုတ်သေးဘူး၊ ဒီချာတိတ်လေးလည်း မဟုတ်သေးဘူး"*

စန္ဒီမိုးက ချာတိတ်လေးကို ချန်ထားခဲ့ရင်း၊ အပြင်ဘက်ဆုံး တန်း ရောက်အောင် ခပ်သွက်သွက် လျှောက်သွားလိုက်တယ်။ အောက်ခံ ကြွေပြားနဲ့ လေဒီရှူးနဲ့ တိုက်မိတဲ့အသံက လမ်းလျှောက်တိုင်း စည်းချက်နဲ့ အညီ ခွပ်ကနဲ၊ ခွပ်ကနဲ။ အဲဒီခြေသံနဲ့ စန္ဒီမိုးရဲ့ ရုပ်ရည်ကြောင့် ပုရိသတွေ၊ ဣတ္ထိယတွေ၊ နပုံသကတွေ အကုန်လုံး မျောကျန်ခဲ့တယ်။

စန္ဒီမိုးကတော့ ဂရုမစိုက်အားပဲ အပြင်ဘက်ဆုံးတန်း ရောက်အောင် လူတွေကို တိုးဝှေ့ရင်း ထွက်သွားလေရဲ့။ အပြင်ဘက်ဆုံး တန်းရောက်တော့ ဘယ်ဘက် ထပ်ချိုးရင်း လျှောက်ကြည့်တယ်။ သံသယ ဖြစ်ရလောက် တဲ့လူ မတွေ့သေးဘူး။ ညာဘက် ထပ်ကွေ့တယ်။ အလှကုန် ဆိုင်ရှေ့၊ ဖဲပြားဆိုင်ရှေ့၊ စာရေး ကိရိယာဆိုင်ရှေ့၊ Fancy ဆိုင်ရှေ့၊ Fancy ဆိုင်ရှေ့မှာ ထူးထူးခြားခြား ခြုံလုံကြီးတွေချိတ်ထားလို့။ စန္ဒီမိုးရဲ့ ဘက်က အတိတ်ကို ဖျတ်ကနဲ။ ခြုံလုံးကြီးတွေရဲ့နောက်မှာ ကျောပေး ရပ်နေတဲ့လူတစ်ယောက်။

စန္ဒီမိုးရင်ထဲ ဒိန်းကနဲဖြစ်သွားတယ်။ ဆူညံနေတဲ့ အသံတွေ က တိကနဲပြတ်တောက် တိတ်ဆိတ်လို့ သွားသလိုမျိုး၊ လင်းနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ဟာ နေကြတ်စ အချိန်လို မှိန်ဖျော့မှေးမှိတ်သွားသလိုမျိုး၊ စန္ဒီမိုးရဲ့ရင်ထဲမှာတော့ ကျောက်ခဲ နှစ်လုံးခတ်လိုက်သလို မီးပွားစလေးတွေ တဖျတ်ဖျတ်။ ရင်ညွန့်အောက်မှာ တော့ ရှူးနစ်လို့။ ရင်ခေါင်းထဲက အသံတစ်ခုက လည်ချောင်းထဲ ဆို့နစ်လို့။

"မောင်"

'Energy' ဆိုတာ မဖျက်ဆီးနိုင်ပေမယ့် ပြောင်းလဲနိုင်တယ်တဲ့။ စန္ဒီမိုးရဲ့ 'မောင်' လို့ ခေါ်လိုက်တဲ့ energy ဟာ အသံစွမ်းအင်အဖြစ် ပေါ်ထွက်မလာပေမယ့် အခြားစွမ်းအင်တစ်ခုခုအဖြစ် ပြောင်းသွားပြီး ဝင်းကိုသိုက်ကို ရိုက်ခတ်မိတယ်ထင်ပါရဲ့။ ဝင်းကိုသိုက်က နောက်ကို ဆတ်ကနဲ လှည့်လာပါတယ်။ စန္ဒီမိုးကို ရုတ်တရက်မြင်လိုက်တော့ လန့်သွားတဲ့ပုံစံပါပဲ။

"စန္ဒီမိုး"

စန္ဒီမိုး က ဣန္ဒြေမပျက်လေးပဲ၊ ပြန်ပြုံးပြလိုက်ပြီး .....

"တစ်ယောက်တည်းလား၊ ဈေးလာဝယ်တာလားဟင်"

အခေါ်အဝေါ်တွေ၊ နာမ်စားတွေမပါဘဲ၊ သံပြတ်လေးနဲ့ မေးလိုက်တယ်။

"အော်၊ အင်း ... ဈေးလာဝယ်တာပဲ၊ စန္ဒီမိုးရော . ဟို တစ်ယောက်တည်းလား"

ဝင်းကိုသိုက်ရဲ့ပုံစံက မလုံမလဲနဲ့ရယ်။ စန္ဒီမိုးကို စကားပြောနေရင်း အပြင်ကိုလည်း လှမ်းလှမ်းကြည့်နေသေးရဲ့။

*"ဟင်း . ဟင်း အစောကြီးကတည်းက ငါတစ်ယောက်တည်းဆိုတာ နင်သိပြီးသား မဟုတ်လား မောင်ရယ်၊ အပိုတွေ"*

စန္ဒီမိုးက စိတ်ထဲက ဒီလိုတွေးလိုက်ပေမယ့် ပါးစပ်ကတော့

"အင်း၊ တစ်ယောက်တည်းပါပဲ၊ ဘာလာဝယ်တာလဲ"

"ဟာင်၊ အော်၊ အလကား ပါပဲ"

ဈေးလာဝယ်တာလည်းပြောသေး၊ အလကားပါပဲလည်း ပြောသေး။ ပြီးတော့ ပြန်ဖြေတာကလည်း စန္ဒီမိုးကို ကျော်ပြီး ဟိုးနောက်ကို ကြည့်နေလိုက်သေး။ စန္ဒီမိုးက မသိမသာလေး နောက်လှည့်ကြည့်လိုက်တယ်။

**'အမျိုးသမီး အိမ်သာ'**

စန္ဒီမိုးက ပြုံးစိစိလေးဖြစ်သွားတယ်။ အော် ဝင်းကိုသိုက် တစ်ယောက် အမျိုးသမီးအိမ်သာရှေ့ ရပ်စကားပြောနေရလို့ မလုံမလဲဖြစ်နေတာ ထင်ပါရဲ့။

*"ဒါလေးများမောင်ရယ်၊ ဒီနားစကားပြောလို့မကောင်းဘူး၊ ဟိုဘက်ရွှေ့ရအောင်လို့ ပြောလိုက်ရင် ပြီးနေတဲ့ဥစ္စာကို"*

ဒါက စန္ဒီမိုးရဲ့ အတွေးမှကား။ ဒါပေမယ့် ဝင်းကိုသိုက်ကို နည်းနည်းလောက်ညှင်းချင်တာကြောင့် မသိချင်ယောင်ဆောင်နေလိုက်တယ်။ ဝင်းကိုသိုက် က တစ်စုံတစ်ခုပြောဖို့ အားယူလိုက်တယ်။

*"ဟော . ပြောတော့မယ်၊ ပြောတော့မယ်၊ အင်း .. တစ်နေရာ သွားပြီး ဆိုင်တစ်ခုခု သွားထိုင်ရအောင်ဆိုရင် ဘယ်လိုလုပ်ရပါ့"*

စန္ဒီမိုးအတွေးထဲ ယောက်ယက်ခတ်သွားတယ်။

*"အင်း .. ငါလိုက်သွားရင် သင့်တော်ပါ့မလား"*

ရိုးရိုးတန်းတန်း ယောကျ်ားလေးသူငယ်ချင်းတစ်ယောက်နဲ့ နှစ်ယောက်တည်း ဆိုင်ထိုင်ရမှာက လိပ်ပြာလုံပေမယ့် ဝင်းကိုသိုက်နဲ့ကျတော့။

*"အို နှစ်ယောက်တည်း ဘာဖြစ်လဲ လူမြင်ကွင်းပဲဟာ"*

လူမြင်ကွင်းပေမယ့် မတော်လို့ ဒီအကြောင်း မြမြလတ်နား ေါက်သွားခဲ့ရင်။

*"အင်း .. စိတ်မကောင်းစရာပဲ၊ လိုက်ချင်ပေမယ့် ငြင်းရတော့မှာပဲ"*

စန္ဒီမိုးက သက်ပြင်းလေးချလိုက်တယ်။ ဝင်းကိုသိုက်က သပ် အားယူလိုက်ရင်း .....

"စန္ဒီမိုး ... ဟိုလေ .. ငါကိစ္စလေးရှိလို့ သွားတော့မယ်နော်"







www.burmeseclassic.com

www.burmeseclassic.com



"အော်၊ အင်း၊ အင်း၊ ငါမလိုက်တော့ဘူး"

ရော်၊ ဟိုကလည်း သူ့ကို လိုက်ဖို့ ခေါ်တာလည်းမဟုတ်ဘဲနဲ့။ စန္ဒီမိုးက ကိုယ်ပါးစပ်ကို ပြန်ပိတ်ရိုက်ချင်တဲ့စိတ် ပေါက်သွားတယ်။ ဝင်းကိုသိုက်ကတော့ စန္ဒီမိုးစကားမှားသွားတာ သတိထားမိပုံမရပါဘူး။ စန္ဒီမိုးကို ကျော်ပြီး အမျိုးသမီးအိမ်သာကို လှည့်ကြည့်လှည့်ကြည့်နဲ့ ထွက်သွားလေရဲ့။ စန္ဒီမိုးရဲ့စိတ်ထဲမှာတော့ မတင်မကျနဲ့။

*"ဘာကိစ္စ ဒင်းက အမျိုးသမီးအိမ်သာ လှည့်ကြည့် လှည့်ကြည့် လုပ်နေရတာတုံး။ မဟုတ်မှလွဲရော .. အိမ်သာထဲမှာ မြမြလတ် ရှိနေတာများလား"*

စန္ဒီမိုးက နည်းနည်းတော့ မခံချင်ဖြစ်သွားတယ်။ ဝင်းကိုသိုက်က မြမြလတ်ကို ဒီလောက်တောင်ကြောက်ရလား။ စန္ဒီမိုးက နောက်ပြန်လှည့်ပြီး အမျိုးသမီးအိမ်သာထဲ ဝင်ကြည့်လိုက်တယ်။ အိမ်သာအပေါက်ဝမှာ ကောင်မလေးတစ်ယောက်နဲ့ ဝင်တိုက်မိမလိုဖြစ်သွားတယ်။

"ဆောရီး"

"ဆောရီး"

အပြန်အလှန် ဆောရီးလိုက်ရင်း စန္ဒီမိုးက ကောင်မလေးကို ပြုံးပြလိုက်တယ်။ ကောင်မလေးက ပြန်ပြုံးပြလိုက်တယ်။

*"အင်း ... ဒီကောင်မလေးမှာလည်း မြမြလတ်လို ပါးရိုးပေါ် မှဲ့နက်လေးပါတာပဲ"*

စိတ်ထဲက မှတ်ချက်ချရင်း အိမ်သာထဲဝင်ပြီး မြမြလတ်ကို ရှာကြည့်တယ်။ အိမ်သာအပြင်ခန်းမှာ အမျိုးသမီး ဝဝကြီးနှစ်ယောက်၊ မြမြလတ်နဲ့ တစ်ခြမ်းလောက်တူတာတောင်မတွေ့မိဘူး။ ဒါဖြင့် အတွင်းခန်းမှာရော ... ။ အိမ်သာ ငါးခန်းရှိတဲ့အထဲမှာ သုံးခန်းက လူမရှိဘူး။ စန္ဒီမိုးက လူရှိတဲ့ အခန်းရှေ့တမင်ရပ်လိုက်ပြီး အိမ်သာတံခါးကို အသာခေါက်လိုက်တယ်။

"ဒေါက်၊ ဒေါက်"





"လူရှိတယ်"

အထဲက ပြန်ဖြေသံက မြမြလတ်ရဲ့အသံမဟုတ်ပါဘူး။ ဒီဟာမရဲ့ အသံကိုတော့ အသံဖမ်းပြီး sound box အစုတ်အပြတ်နဲ့ ဖွင့်ပြရင်တောင် မှတ်မိနိုင်သေး။ စန္ဒီမိုးက နောက်တစ်ခန်းရှေ့သွားပြီး တံခါးခေါက်လိုက်တယ်။ ပြန်ဖြေသံမကြားဘူး။ စန္ဒီမိုးက အသံမြှင့်ပြီး ထပ်မေးတယ်။

ဒါလည်း အဖြေစကားမရဘူး။ စန္ဒီမိုးက တံခါး Lock ကို အသာလှည့်ကြည့်လိုက်တယ်။

"ကလစ်"

အထင်မှတ်ပဲ တံခါးက ပွင့်သွားတယ်။ အထဲက ကမန်းကတန်း ပြန်တွန်းလိုက်ပုံပါပဲ။ ဒါပေမယ့် စန္ဒီမိုး တွန်းလိုက်တဲ့ အားကပဲ များသလား၊ တံခါးကိုယ်တိုင်ကပဲ အညာလွယ်နေသလား မပြောတတ်ဘူး။ အိမ်သာတံခါးက ဟင်းလင်းနီးပါး ပွင့်သွားတဲ့အချိန်မှာတော့

"အား"

စန္ဒီမိုးက အသံနက်ကြီးအော်နဲ့ တံခါးကို ပြန်မပိတ်အားပဲ အိမ်သာအပြင်ကို တစ်ချိုးတည်း ထွက်ပြေးပါတော့တယ်။ ဘေစင်မှာ လက်ဆေးနေတဲ့ အမျိုးသမီးဝဝကြီးနှစ်ယောက်လည်း အထိတ်တလန့်နဲ့ စန္ဒီမိုးဖွင့်ခဲ့တဲ့ အိမ်သာခန်းကို လှမ်းကြည့်လိုက်ကြတယ်။

"အား"

အမျိုးသမီး နှစ်ယောက်လည်း အသံနက်ကြီးနဲ့အော်ပြီး အိမ်သာထဲက ပြေးထွက်လာကြတယ်။ လုံခြုံရေးဝန်ထမ်း နှစ်ယောက်က အပြေးအလွှား အမျိုးသမီးအိမ်သာရှေ့ရောက်လာကြတယ်။

"ဘာ . ဘာတွေ့လိုက်လို့လဲဟင် ..၊ ဘာဖြစ်လို့လဲ"

"ယောကျ်ားကြီး၊ အဲ အခြောက်ကြီး၊ အမျိုးသမီးအိမ်သာထဲမှာ အခြောက်ကြီး၊ အခြောက်ကြီး"

တော်ပါသေးရဲ့၊ မြွေအောင့်မေ့လို့၊ လုံခြုံရေးသာလာပေါ်နေတာ၊



www.burmeseclassic.com

www.burmeseclassic.com

မြွေတော့ ကြောက်တတ်တယ်။ လုံခြုံရေးနှစ်ယောက်လည်း အထဲဝင်ပြီး အိမ်သာအလွဲသုံးစားလုပ်တဲ့ လေဒီလုံးကြီးကို ဆွဲထုတ်လာရတယ်။ မသိလို့ကတော့ တကယ့်အမျိုးသမီးအတိုင်းပဲ။ အရေးထဲ ဒင်းက ပဲများနေရသေး။

"သူများကို မထိနဲ့နော်၊ တိုင်မှာနော်၊ သူများကိစ္စမပြီးသေးဘူးနော်"

လေဒီလုံးကြီးက ရှန်းရင်းကန်ရင်းပါသွားလေရဲ့။ ဒီ အတိုင်းဆိုရင် အများသုံးအိမ်သာတွေမှာ ယောကျာ်းလေး မိန်းကလေး ခွဲခြား နိုင်တဲ့ စက်တွေတပ်ရတော့မယ် ထင်ပါရဲ့။ အခုအချိန်ထိ ရင်တုန် ပန်းတုန် တာ မပျောက်သေးတဲ့ စန္ဒီမိုးခများ ကိုယ့်ရင်ဘတ်ကိုယ်ဖိရင်း တစ်စုံတစ်ရာ စဉ်းစားမိလိုက်တယ်။

*"အင်း ..ဝင်းကိုသိုက်က ဒီဟာကြီး အိမ်သာထဲဝင်သွားတာ တွေ့လို့ လိုက်စပ်စုနေတာထင်တယ်။ ဘုရား ..ဘုရား၊ ကံကောင်းလို့ ငါကိုယ်က ဆတ်ဆတ်ဆော့ဆော့"*

စန္ဒီမိုးရဲ့စိတ်ထဲ စောစောတုံးက ဖီလင်အုနေတာတွေ ကျကွဲသွားပါတယ်။

*"မောင်ရယ်၊ နှင်နဲ့ငါတွေ့ရပုံကြီးကလဲဟယ်"*

❦ ❦ ❦





မြမြလတ်တစ်ယောက် အားဆေးပုလင်းတစ်ကိုင်ကိုင်နဲ့ မှန်တင်ခုံရှေ့ထိုင်ပြီး၊ ချီတုံချတုံဖြစ်နေတယ်။ အိမ်ခန်းထဲမှာ ကိုယ်တစ်ယောက်တည်းဆိုပေမယ့်၊ စိတ်ထဲမှာတော့ မလုံမလဲ။ မကောင်းမှုတစ်ခုခု လုပ်ခါနီးဖြစ်တတ်တဲ့ လူ့သဘာဝစိတ်မျိုးလေးနဲ့။

"အိုး ..ကိုယ့်လင်ကိုယ် အားဆေးတိုက်တာ၊ ဘယ်ရုံးသွားပြီး ပါမစ်ယူနေရဦးမှာလဲ"

မြမြလတ်က ကိုယ့်ကိုယ်ကို အားပေးလိုက်ပါတယ်။ ကိုယ့်ယောကျာ်းကိုယ် အားဆေးတိုက်တာ ရာဇဝတ်မှုမမြောက်ပေမယ့် ကြိုတင်ကြံစည်မှုမြောက်တာပေါ့။ အဲဒီအားဆေးကို ဝင်းကိုသိုက်ကို ဖြောင်တိုက်ရဲလားဆိုတော့လည်း မတိုက်ရဲပြန်ဘူး။ တော်တော်ကြာ ကိုယ်က အိမ်အတွက် ဟင်းစားလေးရမလားလို့ ကျည်ဖြည့်ပေးလိုက်မိပါတယ်။ ကိုယ်တော်ချောက ဆင်သတ်ပြီးအရပ်ဝေနေမှ ဒုက္ခ။

မိန်းမ ဖြစ်ရတဲ့ဘဝမှာ ကိုယ့်လင်ကိုယ် အားဆေးနိုးတိုက်ရတဲ့ဘဝလောက် အောက်ကျနောက်ကျ နိုင်တာ မရှိတော့ဘူး ထင်ရဲ့။ မိန်းမဆိုတာမျိုးက ကိုယ့်ယောကျာ်းက ကိုယ့်ကို ဇနီးမယားလို အသိအမှတ်ပြုမှုရော၊ မိန်းမ တစ်ယောက်လို တပ်မက်မှုကိုပါ လိုချင်တတ်တာမျိုး။ တာဝန်ကျေတယ် ဆိုတာ နားထောင်ကောင်းပေမယ့် အဆီအသားအားမပါလှဘူး။

မြမြလတ်က သက်ပြင်းလေးချလိုက်ပြီး အားဆေးပုလင်းကို မှန်တင်ခုံပေါ်တင်လိုက်ပါတယ်။ ဝင်းကိုသိုက်ဆီက မသင်္ကာစရာကောင်း



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အပြုအမူတွေ တွေ့တွေ့နေရတာ အတော်လေးကြာနေပြီ။ မြမြလတ်အပေါ် ဆက်ဆံလာတာကလည်း တာဝန်ကျေဆိုတာထက်တောင် လျော့လျော့လာတယ်။ အာရုံမထားတာတွေတိုးတိုးလာနေတယ်။

အနောက်တိုင်းဆိုရိုးစကားတစ်ခုရှိတယ်။ 'seven year's itch' တဲ့။ 'ခုနှစ်နှစ်ပြည့်ယားနာ' လို့ ခေါ်ရမလားမသိဘူး။ အိမ်ထောင်သက် ပထမဦးဆုံးသုံးနှစ်မှာတော့ တစ်ယောက်နဲ့တစ်ယောက် အချစ်ဝင်နေကြ သေးတော့ အပြစ်မမြင်တတ်ကြသေးဘူးတဲ့။

ဒုတိယသုံးနှစ်မှာတော့ တစ်ယောက်နဲ့တစ်ယောက် အပြစ်တွေ မြင်တတ်လာပြီ။ ကတောက်ကဆလေးတွေ ဖြစ်လာပြီ။ သူ့ကို ကိုယ်သည်းမခံနိုင် ကိုယ့်ကို သူသည်းမခံနိုင် တာလေးတွေ တွေ့လာပြီ။ အဲဒီနောက်မှာတော့ တစ်ယောက်နဲ့ တစ်ယောက် စိတ်ကုန်လာသလို ငြီးငွေ့လာသလိုလို၊ ယူမိတာ မှားမိ သလိုလို၊ ဒါတွေမသိလို့ ယူခဲ့မိတာဆိုတဲ့ စကားတွေ ဖြစ်လာ သတဲ့။ အဲဒီအချိန်မှာ ကွဲချင်ကွာချင်တဲ့စိတ်တွေလည်း ထိန်းမရ သိမ်းမရ ဖြစ်လာကြသတဲ့။ အဲဒီအချိန်မှာ မကွဲမကွာဖြစ်ရင်တော့ ဆက်ပေါင်းနေ ကြပေမယ့် တစ်ယောက်နဲ့ တစ်ယောက် အစေးသိပ်မကပ်ကြတော့ပဲ နင်လည်း နင်ကြိုက်တာလုပ်၊ ငါလည်း ငါကြိုက်တာလုပ်မယ်ဆိုပြီး ဥပေက္ခာတွေ၊ မသိချင်ယောင် ဆောင်တာတွေ ထပ်ပေါင်းပြီး အိမ်ထောင်မြဲ သွားကြတယ်ဆိုတာပဲ။ ယားတာတွေများလွန်းတော့ မကုတ်အားတော့ဘဲ နဲ့ ပစ်ထားလိုက်တာ ထင်ပါရဲ့။

ဒီအတိုင်းဆိုရင်တော့ အချစ်ဆိုတာ ပီကေမှာပါတဲ့ အချိုဓါတ်လိုပဲထင်ပါ့။ ဝါးရင်း ဝါးရင်း အချိုဓါတ်ကုန်လာ ပြီး နောက်ဆုံးတော့ ဘာအရသာမှမရှိတော့တဲ့ သားရေတုံးသာသာကို ဝါးနေကြရတော့တာ။

အခုတော့ မြမြလတ်နဲ့ ဝင်းကိုသိုက်တို့ လက်ထပ်ခဲ့တာ ခုနှစ်နှစ်တောင် မပြည့်သေးဘဲ အိမ်ထောင်သက် ငါးနှစ်လောက်နဲ့တင် ဝင်းကိုသိုက်တစ်ယောက် ဟိုကုတ်ချင် ဒီဖွဲ့ချင်ဖြစ်လာပြီထင်ရဲ့။ အင်း





seven year's itch ကနေ five year's itch လို့တောင် ပြောင်းရမလိုဖြစ်နေပြီ။

ဒီခေတ်ကြီးမှာ ကာရာအိုကေတွေ၊ night club တွေ massage တွေက စီးပွားရေးအောင်မြင်ကြောင်း အစိတ်အပိုင်းတစ်ခုလိုသဘောထားလာကြတာ။ လုပ်ငန်းအောင်မြင်လို့၊ ဘယ်သူ့ကို လိုက်ပြုစုလိုက်ရလို့၊ နှုတ်ဆက်ပွဲတို့ ညှိခံပွဲတို့ ဆိုတဲ့ ခေါင်းစဉ် မျိုးစုံနဲ့ ဝင်းကိုသိုက်ဆီက ယမကာနံ့တွေ၊ ရေမွှေးနံ့တွေ၊ နှုတ်ခမ်းနီနံ့တွေရတတ်တာ မထူးဆန်းပေမယ့် ရေမွှေးနံ့ တစ်မျိုးတည်းကို ရက်ဆက် ရလာတဲ့အခါ .....။

အင်း၊ မြမြလတ်ဆိုတာ မိန်းမသားပီပီ သိပ်အူတိုတတ်တာပေါ့၊ ဒါပေမယ့် တိုနေတဲ့အူကို ခြေကန်ဆွဲဆန့်ပြီး နေခဲ့ရတာ အခုတော့ ခြေကုန်လက်ပမ်းကျလုလုပြီ။

ဒီ ၂၁ရာစုကြီးမှာ ယောကျ်ားနဲ့ မိန်းမ မခွဲခြားဘဲ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး ကဏ္ဍအားလုံး ရင်ဘောင်တန်း တာဝန်ယူ နေကြတဲ့ကာလမျိုးမှာ KTV သွားပြီး အယားဖျောက်တော့လည်း သူတို့ချည်း၊ massage သွားပြီး အကြောလျော့ကြတော့လည်း ဒင်းတို့ ချည်း။ သူတို့ယောကျ်ားတွေပဲ သွေးနဲ့ကိုယ် သားနဲ့ကိုယ်၊ မိန်းမတွေကျတော့ အသွေးအသား အကြောအချင် စိတ်ဆန္ဒမရှိတဲ့ စက်ရုပ်မကြီး တွေကျလို့။

သူတို့ ယောကျ်ားတွေ ယားတတ်၊ ညောင်းတတ်သလို၊ ဒီက မိန်းမတွေလည်း သိပ်ညောင်းတတ်တာပေါ့။ သူညောင်းကိုယ်ညောင်း ဆိုပြီး အညောင်းပြိုင် လိုက်ရလို့ကတော့ မကောင်းဘဲရှိလျော့မယ်။ တော်တော်ကြာ သင်္ဂဇာ ဆရာတော်ကြီးဟောထားတဲ့ ပုံပြင်လို ဖြစ်နေမှာစိုးလို့။

တစ်ခါတုံးက သင်္ဂဇာဆရာတော်ကြီးကို ကနောင်မင်းသားနဲ့ လှိုင်ထိပ်ခေါင်တင်မင်းသမီးတို့က ဆွမ်းပင့်ဖိတ်ကြသတဲ့။ ဆွမ်းကျွေးလည်းပြီးရော လှိုင်ထိပ်ခေါင်တင်မင်းသမီးက ဆရာတော်ကြီးကို .....

"အရှင်ဘုရား၊ အိမ်ရှေ့ကနောင် မောင်တော်က တပည့်တော်မ ကို



www.burmeseclassic.com

www.burmeseclassic.com



မကြောင်နာဘဲ တခြားမှာ အပျော်ရှာပါတယ်ဘုရား။ အရှင်ဘုရား ဆုံးမတော်မူပါ"

လို့ လျှောက်ပါလေရော။ ကနောင်မင်းသားဆိုတာကလည်း အဲဒီဖက်မှာ နာမည်တစ်လုံးနဲ့ နေတာ။ စစ်မြေပြင်နဲ့ အိမ်ယာပေါ်မှာ သွေးကြောင်ရင် ယောကျ်ားမဟုတ်ဘူး လို့ ခံယူထားတဲ့လူ။ ဒါနဲ့ ဆရာတော်က အလျှုဒါယိကာမကို ...

"အင်း၊ အိမ်ရှေ့မင်းကို ဆုံးမတာလည်း ဆုံးမတာပေါ့။ အခုတော့ အိမ်ရှေ့မိဖုရားကို တစ်ခုမိန့်ရဦးမယ်"

ဆိုပြီး ပုံပြင်လေးတစ်ပုဒ် ဟောကြားသတဲ့။

"တစ်ခါတုန်းက လူတစ်ယောက်က အခြားလူတစ်ယောက်ဆီက မြင်းတစ်ကောင် ငှားစီးသတဲ့။ မြင်းငှားစီးတဲ့လူက သူ့မြင်းမဟုတ်လေတိုင်း၊ မညှာမတာ မြင်းကို အမောဆိုက်တဲ့အထိ စီးသတဲ့။ ဒါကို မြင်းရှင်က တွေ့တော့ ဒေါသအရမ်းထွက်ပြီး၊ မြင်းငှားစီးတဲ့လူရဲ့ လှေကို ပြန်ငှားပြီး အပြင်းလှော်သတဲ့။ ဒါပေမယ့် လှေနဲ့ မြင်း သဘောသဘာဝချင်း မတူလေ တော့ လှော်တဲ့လူသာပင်ပန်းပြီး အမောဆိုက်တဲ့ဆီ ရောက်တော့ တာပဲ။ ဒါကြောင့်မို့ အိမ်ရှေ့မိဖုရားလည်း လှေငှားလှော်မိတဲ့လူလို မတူရင် မတူလေနဲ့"

ဆိုပြီး ဩဝါဒခြွေသွားသတဲ့။ အိမ်ရှေ့မိဖုရားလည်း အားကိုးရမလားလို့ ဘုန်းကြီးသွားလျှောက်မိခါမှ၊ ပြန်ပြီး ဆုံးမခံလိုက်ရတယ်။ အင်းလေ၊ ဘုန်းကြီးကလည်း ပုရိသဆိုတော့၊ ယောကျ်ားချင်းချင်း ရိုင်းပင်းတော့မှာပေါ့။ ဒါတောင် ကနောင်မင်းသားကြီးခေတ်က KTV တို့ night club တို့ မပေါ်သေးလို့။ ရှိလို့ကတော့ ကနောင်မင်းသားကြီး လည်း ဆွမ်းကျွေးတဲ့ဆီတောင် အချိန်မီမှ ရောက်ပါ့မလား မပြောတတ် ဘူး။

အခုတော့ မြမြလတ်ခမျာ၊ အားဆေးပူးလေး၊ ကောက်ကိုင် လိုက်၊ ပြန်ချလိုက်နဲ့။ သုံးနှစ်ပဲယားယား၊ ငါးနှစ်ပဲယားယား ကိုယ်က





မပစ်နိုင် သေးတော့လည်း၊ ဒင်းယားတာကို ကိုယ်တိုင်ပဲ ကုတ်ပေး ရမယ့်ကိန်း ဆိုက်နေပြီ။

မြမြလတ်က မှန်ထဲမှာ မြင်နေရတဲ့ သူ့ရုပ်လေးကို စေ့စေ့ ကြည့်တယ်။ ကိုယ့်ပါးကိုယ် ကိုင်ကြည့်တယ်။ ပါးရိုးပေါ်က မှဲ့နက် ထင်ထင်ကို လက်ညှိုးနဲ့ထိုးကြည့်တယ်။ အရေပြားလေးက တင်းမနေပဲ လျော့အိအိလေးဖြစ်နေသလိုလို။ ကလေးတစ်ယောက်အမေဆိုတော့ လည်း အပျိုလိုတော့ ဘယ်စိုတော့မလဲ။ ဒါပေမယ့် အဝတ်အစားဆိုတာ မျိုးတောင် တစ်ရေလောက်ချပြီးမှ ဝတ်လို့ကောင်းတာမျိုး။ မိန်းမဆိုတာ ကလည်း တစ်ရေလောက်ချပြီးမှ အဲလေ တစ်သားမွေး တစ်သွေးလှလို့ ဆိုထားတယ် မလား .....။

မြတ်စွာဘုရားလောင်းကို ဘုရားအဖြစ် မရောက်အောင် မာရ်နတ်မင်း က သူ့သမီးသုံးယောက်ကို ကာမဂုဏ် အာရုံတွေနဲ့ ဖြားယောင်းခိုင်းတုံးက မာရ်နတ်မင်းသမီးသုံးယောက်ဟာ အပျိုဖြန်း အရွယ်၊ အပျိုတင်းပြည့်ကျပ်ပြည့်အရွယ်၊ သားတစ်ယောက် ဖွားပြီးစ မိန်းမအရွယ်တွေနဲ့ ဖြားယောင်းခဲ့တယ်ဆိုပဲ။

ဒီတော့လည်း သားတစ်ယောက်အမေအရွယ်မှာ စွဲမက်စရာ လေးတွေရှိနေဦးမှာ အသေအချာပါပဲ။ တစ်ပုံတစ်ပင်ကြီးမဟုတ်ပေမယ့် တစ်ခုကောင်း ဆိုတာမျိုးလေ။ good second hand လေးက သုံးပျော်သားဆိုတာမျိုး လေးတွေပေါ့။ မြမြလတ်က အားဆေးပုလင်း ပေါ်က လက်မောင်းညှစ်ပြနေတဲ့ ရုပ်ပုံကိုကြည့်ပြီး ခေါင်းတစ်ဆတ်ဆတ် ညိတ်လိုက်တယ်။ စလင်းဘက်ထဲက Hand Phone ယူပြီး ခလုတ် ကလေးတွေ နှိပ်လိုက်တယ်။

"ဟဲလို၊ အမေလား၊ အင်း ဟုတ်တယ်၊ သမီးပါ အမေရဲ့၊ ဘာမှ မဟုတ်ပါဘူး အမေ့မြေးလေးက ဘွားဘွားကြီးအိမ်သွားချင်တယ်ဆိုပြီး အတင်းဂျီကျနေလို့။ အဲဒါ အခုလာပို့ထားမလို့။ ဒီတစ်ညတော့ ကလေး ကျနုပ်သွားအောင်၊ အမေတို့ အိမ်မှာပဲ အိပ်ခိုင်းလိုက်ပေါ့။ မနက်ဖြန်



www.burmeseclassic.com

www.burmeseclassic.com



ကျမှပဲ သမီးပြန်လာခေါ်တော့မယ်။ ဒါပဲနော် အမေ။ သမီး အခုပဲ ထွက်ခဲ့မှာ"

မြမြလတ်က ပြုးစေ့စေ့နဲ့ ဖုန်းပိတ်လိုက်ပါတယ်။ အရှုပ်ထုပ်တစ်ခုတော့ ရှေ့ပြီးသွားပြီ။ ကလေးကျေနပ်မနပ်တော့ မသိဘူး။ လူကြီးကတော့ ....။ မြမြလတ်က အံကလေးကြိတ်ပြီး မယ်ကုဝဏ်ကြိမ်းကြိမ်းဝါးလိုက်တယ်။

"ဒင်း စောစောပြန်လာလို့ကတော့ .. ဟင်း . ဟင်း . ဟင်း"





ဝင်းကိုသိုက်က ကားတံခါးသော့ပိတ်လိုက်ရင်း၊ တစ်ဖက်ကားလမ်းကို ကူးဖို့ ကားအသွားအလာ ရှင်းမရှင်း ကြည့်လိုက်ပါတယ်။ ဝင်းကိုသိုက်က သူ့ MD ဒေါ်မေစိုးခင်ကို လေယာဉ်ကွင်းကို လိုက်ပို့ပြီး ပြန်လာခဲ့တာပါ။ ဒေါ်မေစိုးခင်ဆိုတာ မြမြလတ်ရဲ့ အဒေါ်ပေါ့။ ဝင်းကိုသိုက် တစ်ယောက် မြမြလတ်နဲ့ နီးစပ်ပြီး ဒေါ်မေစိုးခင်ရဲ့ ကုမ္ပဏီမှာ အလုပ်ဝင်လုပ်ရာက အခုတော့ ရာထူးတွေတက်ပြီး GM တောင် ဖြစ်နေပါပြီ။ ဒေါ်မေစိုးခင်က မြန်မာပြည်ခြောက်လ၊ နိုင်ငံခြားမှာ ခြောက်လနေတတ်သူမို့ ဒီက ကုမ္ပဏီကိစ္စအဝဝက ဝင်းကိုသိုက်လက် ဝင်းကိုသိုက်ခြေ ဖြစ်နေပါပြီ။ မြမြလတ်ကတော့ ကလေးတစ်ယောက်ရပြီးမှ အလုပ်ကထွက်လိုက်ရတယ်။ ဝင်းကိုသိုက် ကားအရှင်းစောင့်တုံး Hand Phone နဲ့ ကုမ္ပဏီကို လှမ်းဖုန်းဆက်ပါတယ်။

"အေး ..ငါ ... ဝင်းကိုသိုက်။ ဘာထူးသေးလဲ။ ဟုတ်ပြီ။ အဲဒီဖိုင်တွေ ငါ့စားပွဲပေါ်တင်ထားလိုက်။ အခြားလက်မှတ်ထိုးစရာ တွေရော ...။ အေး၊ အထွေအထူးမရှိရင် ငါရုံးပြန်မလာတော့ဘူး။ ငါ့အိမ်က ဖုန်းတွေဘာတွေဝင်လာရင် ကမ်းနားကိုဒေါင်ဆင်းသွားတယ် ပြောလိုက်။

"_______"

"ဘာ ...လဒူကောင်၊ ကိစ္စရှိရင် ငါ့ဆီတန်းဖုန်းဆက်မှာ ပေါ့ကွ။ ရုံးဖုန်းကိုဆက်တယ်ဆိုတာ မြမြလတ်က counter check လုပ်တာကွ။ ဒါလေးတောင် မပေါက်ဘူး။ အထူအပါး နားမလည်ပဲနဲ့၊ ဘယ်လို ကျောင်းပြီးလာလဲမသိဘူး။ အေး ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဝင်းကိုသိုက်က ဖုန်းပိတ်လိုက်ပြီး နာရီကို တစ်ဆက်တည်း ကြည့်လိုက်တယ်။ နေ့လည် နှစ်နာရီ သုံးဆယ့်ခြောက်မိနစ်။ ဒီအချိန်မျိုး က တကယ့်ကို စကောစကအချိန်မျိုး။ စာအုပ်တစ်အုပ်ထဲ ဖတ်ဖူး သလို တစ်ခုခုစလုပ်ဖို့ စောလွန်းတဲ့အချိန်။ ဒါမှမဟုတ်၊ နောက်ကျလွန်း တဲ့အချိန်မျိုး။ သွားစရာရှိသေးပေမယ့် အဲဒီကိုလည်း မသွားချင်သေးဘူး။ ဘီယာသောက်ရမှာလည်း တစ်ယောက်တည်း ပျင်းခြောက်ခြောက်နဲ့ ဘာလုပ်ရင် ကောင်းပါ့။ ဝင်းကိုသိုက် ဟိုစဉ်းစား ဒီစဉ်းစား လုပ်နေတုန်း မျက်လုံးတောင့်ထဲ ရင်းနှီးနေကျ အရိပ်ကလေးတစ်ခု ဖြတ်ကနဲ ဝင်လာ တယ်။

"စန္ဒီမိုး"

ဟုတ်ပါတယ် စန္ဒီမိုးပါ။ စန္ဒီမိုးကတော့ ဝင်းကိုသိုက်ကို မြင်ပုံ မရပါဘူး။ လမ်းဘေးခင်းထားတဲ့ သစ်သီးဆိုင်ကနေ သီးမွှေး ငှက်ပျောသီး ဝယ်နေပုံရပါတယ်။ ကြည့်ရတာတော့ တစ်ကျပ်တစ်ပြားကို တစ်တစ် တအား ဈေးဆစ်နေပုံပါပဲ။

"အင်း၊ လုနေတုံးပါပဲလား ရည်စားဟောင်းလေးရယ်"

"နှစ်ဆယ်ကျော် အစိတ်ပိုင်း၊ အရွယ်တော် တစ်ဆိတ်ဟိုင်းပြီ' လို့ စာချိုးလေးရှိပေမယ့် စန္ဒီမိုးကိုတော့ ခြွင်းချက်ထားရလိမ့်မယ်။ ဒီ တစ်ခါ မြင်လိုက်ရတဲ့ စန္ဒီမိုးရဲ့ပုံစံလေးက ဝင်းကိုသိုက်အတွက် ထူးထူးဆန်းဆန်း လက်မောင်းပြတ် ဘလောက်စ်အင်္ကျီခါးရှည် ကိုယ်ကျပ်လေးကို ယော ရောင်ထမီလေးနဲ့ တွဲဝတ်လို့။ မျက်နှာမှာလည်း သနပ်ခါး ဘဲကျားရိုက် ထားသေးတယ်။

သူငယ်ချင်းဘဝမှာရော၊ သမီးရည်းစားဘဝမှာပါ စန္ဒီမိုး သနပ်ခါးလိမ်းတာ၊ လက်မောင်းပြတ်အင်္ကျီဝတ်တာ၊ တစ်ခါမှ မတွေ့ဖူး ဘူး။ ဒါကြောင့် ဝင်းကိုသိုက်အတွက် အမြင်ဆန်းနေတာ။ လက်မောင်း သားတစ်ခုလုံးက ရွှေရည်လိမ်းထားသလို လင်းလက်နေတာများ ဘေးနားကချိတ်ထားတဲ့ ငှက်ပျောသီး ဝင်းဝင်းဝါဝါကြီးတောင် ခပ်မှိန်မှိန်





ဖြစ်သွားရတယ်။ အဖုအထစ်မရှိ လုံးဝန်းချောမွတ်နေတဲ့ လက်မောင်းသား တွေက လိုတာထက် နည်းနည်းလေး ပိုပြီးပြည့်နေသလို။ ရင်လေးချီအောင် ဘရာဇီယာနဲ့ ဆွဲပင့်ထားတော့ အစ်နေတဲ့ ချိုင်းအောက်က အတွင်းသား တွေက ခပ်ကျပ်ကျပ်လက်မောင်းပြတ်အင်္ကျီ အဝိုက်ထဲကနေ တိတိရိရိလေး ထွက်လို့။ ဒါအဆီတွေစုစုပြုနေတဲ့ သဘောပဲ။

"မိုးခို သားလေး"

ဝင်းကိုသိုက်က အသားစိုင်လေးကိုကြည့်ရင်း စိတ်ထဲကနေ မှတ်ချက်ချလိုက်တယ်။ ပုံဆိုးပန်းဆိုး ဝတဲ့မိန်းမတွေမှာ အဲဒီအဆီပို အသားစိုင်တွေ ထွက်နေရင် ကြည့်ရဆိုးပေမယ့်၊ စန္ဒီမိုးကျတော့ အဲဒီ မိုးခိုသားလေးက ဆွဲဆောင်မှု တစ်ခုလိုဖြစ်နေတယ်။ လက်မောင်းလေး လှုပ်လိုက်တိုင်း တုန်တုန်အိအိလေး။ အင်း ... နဂိုကတည်းက လှတဲ့လူ ဆို တော့လည်း အပြစ်ကလေးရှိနေတာကိုကပဲ အလှတရား ဖြစ်နေတော့တာ။

ရည်းစားဟောင်းလေးကိုကြည့်ပြီး မျောသွားတဲ့ ဝင်းကိုသိုက် လည်း ပိုနေတဲ့အချိန်တွေကို အကျိုးရှိရှိ အသုံးချပြီး စန္ဒီမိုးကို ဝင်ရောဖို့ စိတ်ကူးလိုက်ပါတယ်။ ဗိုပြေ အာချောင်လေးပေါ့။ လောကမှာ မစား ကောင်းတဲ့သစ်သီးရယ်လို့ ရှိပေမယ့်၊ ဈေးလေးမေးကြည့်တာလောက် တော့ ကိစ္စမရှိလောက်ဘူး ထင်ပါရဲ့။

ဟိုတစ်ခါ Plaza မှာ ဆုံမိတုန်းကတော့ ကိုယ့်အကြောင်းနဲ့ ကိုယ် စန္ဒီမိုးကို မတွေ့အောင်ရှောင်နေရတာ။ အဲဒီ ကြားထဲက တွေ့ဖြစ် အောင်တွေ့သွားသေးတယ်။ ဒီတစ်ခါတော့ အားလုံး လမ်းကြောင်း ရှင်းတယ်။ အေးဆေးပဲ။ အတွေးအဆုံးမှာ လူကပါ စန္ဒီမိုးဘေး ရောက်ပြီး သား ဖြစ်သွားတယ်။ စန္ဒီမိုးကတော့ ငှက်ပျောသီးသည်နဲ့ တော်ကီပြင် ကောင်းတုံး။

"နှစ်ဖီးယူမယ်လေ၊ ငါးရာထပ်လျှော့"

"မဖြစ်လို့ပါ တူမကြီးရယ်။ ငှက်ပျောသီးတစ်ဖီး ဒီလောက်ကြီး ဈေးမတင်ထားပါဘူး။ ၂၀၀ ထပ်လျှော့ပေးထားပြီးပြီပဲ။ ဒါတောင်



www.burmeseclassic.com

www.burmeseclassic.com



အရင်းထိနေပြီ"

"အင် ... ဦးလေးကြီးကလည်း၊ လျှော့လို့ရရဲ့သားနဲ့။ လိမ္မာပါတယ်၊ လေးရာတော့လျှော့"

"မရပါဘူး တူမကြီးရယ်။ အဲဒီ ဈေးနဲ့ဆိုရင် တူမကြီး ဦးလေးနေရာခဏဝင်ထိုင်လိုက်။ ဦးလေး တူမကြီးဆီက ပြန်ဝယ်မယ် ဟုတ်ပြီလား"

"ဒါဖြင့်လည်းပြီးရော၊ နေဦး ဒီငှက်ပျောသီး နှစ်ဖီးက အလုံးရေကော ညီရဲ့လား မသိဘူး။ ခဏလေး ရေကြည့်လိုက်ဦးမယ်။ ဒီဥစ္စာခဏကိုင်ထားဦး၊ ရောမပစ်နဲ့ဦးနော်၊ တစ် နှစ် သုံး လေး"

စန္ဒီမိုးက ပြောပြောဆိုဆို ငှက်ပျောသီးတစ်ဖီးကို လက်ဆွဲပြီး လက်ညှိုးထိုးပြီးရေကြည့်နေလေရဲ့။ လက်ညှိုးလေးထိုးလိုက်တိုင်း မိုးခိုသားလေးက တုန်ကနဲ အိကနဲ။ ငှက်ပျောသီးသည်ကတော့ အတော်လေးစိတ်လေသွားပုံပဲ။

"အော် တူမကြီးရယ် .. ငှက်ပျောသီးဆိုတာ စက်ရုံကထုတ်တာမဟုတ်ဘူးလေ။ တစ်ဖီးနဲ့ တစ်ဖီး၊ တစ်လုံး နှစ်လုံးလောက်တော့ ကွာမှာပေါ့။ ဒီလောက်တောင်ညီချင်ရင်လည်း ပိုနေတဲ့အလုံး ဖြုတ်ယူထားလိုက်မယ်။ ကဲ ငါ့တူရေ၊ ငှက်ပျောသီးကို အလုံးရေကြည့်ပြီး ဝယ်တဲ့လူ မမြင်ဖူးရင် ကြည့်သွားဦး"

ငှက်ပျောသီးသည်က ဘေးနားရောက်လာတဲ့ ဝင်းကိုသိုက်ကို တိုင်ပြောလေး ပြောလိုက်တယ်။ စန္ဒီမိုးက မဆီမဆိုင်ဆိုတဲ့သဘောနဲ့ မျက်စောင်း ဝင့်လိုက်တယ်။ ဝင့်လိုက်တဲ့ မျက်စောင်းက လမ်းတစ်ဝက်မှာတင် ရပ်သွားတယ်။

"မောင်"

ဒါ ...စန္ဒီမိုး ရင်ထဲမှာပဲ ဒိုင်းကနဲ မြည်ဟိန်းသွားတဲ့အသံပါ။ ကမန်းကတန်းနဲ့ ငှက်ပျောသီးဆွဲမြှောက်ထားတဲ့လက်ကို ပြန်ချလိုက်တယ်။ မိုးခိုသားလေးကတော့ အိကနဲ၊ ပိကနဲ။ ရှုံးတိုးရှန့်တန့်ဖြစ်သွားတဲ့





စန္ဒီမိုးကို ကြည့်ပြီး ဝင်းကိုသိုက်က ပြုံးလိုက်ပါတယ်။

"ငှက်ပျောသီးတွေ ဝယ်ဟာများလုချည်လား"

အခုမှပဲ စန္ဒီမိုးလည်း စကားစရှာတွေ့သွားတယ်။

"အင်း .. ဟုတ်တယ်၊ အိမ်မှာ တူလေး၊ ဟို .. ကိုရေချမ်းသားလေးလေ။ အဲဒါလေး ရောက်နေလို့။ ဝင်းကိုသိုက်ရော ငှက်ပျောသီးလာဝယ်တာလား"

စန္ဒီမိုးက ဝင်းကိုသိုက်ဆိုတဲ့ နာမည်သုံးလုံးကို ခက်ခက်ခဲခဲခေါ်လိုက်ရတယ်။ တစ်သက်လုံး နှုတ်ကျိုးနေတာက 'မောင်' တစ်လုံးတည်းပဲ။ ဒါကို ဝင်းကိုသိုက်က ရိပ်မိပေမယ့်၊ မသိချင်ယောင်ဆောင်ပြီး

"ငှက်ပျောသီးလာဝယ်တာမဟုတ်ဘူး။ ဒီနားမှာ ကားပါကင်ထိုး ပြီး၊ တစ်ခုခု စားမလို့ စဉ်းစားနေတုန်း စန္ဒီကိုတွေ့လိုက်လို့၊ ကဲ ပြီးပြီလား။ ပြီးရင် သွားရအောင်လေ။ တစ်ခုခု လိုက်စားပေါ့"

ဝင်းကိုသိုက်က အပိုင်တွက်ပြီးခေါ်လိုက်ပါတယ်။ စန္ဒီမိုးကတော့ လိုက်သင့် မလိုက်သင့် ဝေခွဲရခက်သွားတယ်။ မသင့်တော်ဘူးလို့ ဦးနှောက်က သတိပေးတားမြစ်လိုက်ပေမယ့်၊ ခြေထောက်တွေကတော့ စိတ်မှတ်မဲ့ တုံ့ပြန်လှမ်းလိုက်ပြီသား။ ငှက်ပျောသီးသည်ကြီးကတော့ စိတ်မှတ်မဲ့ရော စိတ်မှတ်ရှိပါ၊ တစ်ခါတည်း တုံ့ပြန်လိုက်ပါတယ်။

"ဟို တူမကြီး၊ ငှက်ပျောသီးဖိုး မပေးရသေးဘူးလေ။ ဒီတစ်ဖီး လည်းယူမှာမဟုတ်လား"

"အန်၊ အင်း အင်း၊ ပေး"

ယောင်တီး ယောင်တောင်ဖြစ်သွားတဲ့ စန္ဒီမိုးက လက်ထဲက ပိုက်ဆံအိတ်ကို ချိုင်းကြားညှပ်ပြီး ကမ်းပေးနေတဲ့ ငှက်ပျောသီးကို လှမ်းယူလိုက်တယ်။ အဲ .. ပိုက်ဆံပေးဖို့ ခွကျနေပြန်ပါပြီ။ လက်နှစ်ဖက်လုံး ငှက်ပျောသီးတွေ ဆွဲထားမိတော့၊ လက်တစ်ဖက်တည်း ပြောင်းမယ် အလုပ်၊ ဝင်းကိုသိုက်က ဆတ်ကနဲ စန္ဒီမိုးချိုင်းကြားက ပိုက်ဆံအိတ်ကို ဆွဲယူလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့"

ရုတ်တရက်ဆိုတော့လည်း စန္ဒီမိုးရဲ့ရင်ခုန်သံတွေက ပြုံးကျစ ဈင်းတောင်း။

"အော် ...တော်တော်ဆိုးတဲ့ ဝင်းကိုသိုက်"

သူ့ပိုက်ဆံကျတော့ ထုတ်မရှင်းဘဲနဲ့ စန္ဒီမိုးပိုက်ဆံအိတ်ထဲက ပိုက်ဆံတော့ ထုတ်ပြီး ငှက်ပျောသီးဖိုးတွေရှင်းနေလေရဲ့။

"ကောင်စုတ်၊ ဒင်းက ကျောင်းတုံးက အကျင့်တွေ မပျောက်သေးဘဲကိုး"

စန္ဒီမိုး ရင်ထဲမှာတော့ နွေးတေးတေးလေး။ နွေးနေတာမှ တစ်ကိုယ်လုံး အေးပြီး နလုံးသားနေရာတစ်ခုတည်းကွက်ပြီး နွေးနေတာမျိုး။ ဟုတ်တယ်။ ဝင်းကိုသိုက်နဲ့ စန္ဒီမိုးတို့ ချစ်သူဘဝတုံးက ဝင်းကိုသိုက်က စန္ဒီမိုးရဲ့ ပိုက်ဆံအိတ်ကိုယူပြီး ရှင်းလေ့ရှိခဲ့တာ။ ဝင်းကိုသိုက်ထက်စာရင် စန္ဒီမိုးက ပိုပြီးအခြေမြင့်တော့၊ သာမန်ကုန်ကျစရိတ်လောက်ကတော့ စန္ဒီမိုးကပဲ အကုန်ကျခံလေ့ရှိခဲ့တာ။ တစ်ခါတစ်လေ ဝင်းကိုသိုက်က အနိုင်ကျင့်ပြီး စန္ဒီမိုး ပိုက်ဆံအိတ်ထဲက ပိုက်ဆံတွေ နှိုက်သုံးရင် သုံးနေတတ်သေးတာ။ အခုလည်း ...။

ဝင်းကိုသိုက်ကတော့ သူ ဘာလုပ်လိုက်တယ်ဆိုတာ၊ ငှက်ပျောသီးဖိုး ပေးပြီးမှ သတိထားမိသွားတယ်။ သူငယ်ပြန်တယ်ဆိုတာ၊ အသက်ကြီးပြီး၊ ဆံဖြူ သွားကျိုး၊ ခါးကိုင်း၊ မျက်စိမှုန် နေတဲ့ အဘိုးအရွယ် အဘွားအရွယ်တွေမှာမှ ဖြစ်တတ်တယ် ထင်ထားမိတာ။ ဒါ ဝင်းကိုသိုက်တို့နှစ်ယောက်၊ ငါးနှစ်စာလောက် သူငယ်ပြန်လိုက်တာပေါ့။ ဒီအပြုအမူကပဲ သူတို့နှစ်ယောက်ကြား၊ ဝေးကွာနေတဲ့ ကမ်းပါးနှစ်ဖက်ကို တံတားထိုးပေးလိုက်သလိုဖြစ်သွားတယ်။ နှစ်ယောက်စလုံးရဲ့ စိတ်ထဲမှာ ကုန်လွန်ခဲ့တဲ့ ငါးနှစ်ဆိုတဲ့ကာလကြီးဟာ မရှိခဲ့တော့သလို။ အဲဒီ ငါးနှစ်အတွင်း ဖြတ်ခဲ့ ပျက်ခဲ့ကာတွေဟာ အိပ်မက်တစ်ခုလို၊ ဟို သမီးရည်းစားကာလနဲ့ အခု ပစ္စုပ္ပန်ဟာ၊ မနေ့ကနဲ့ ဒီနေ့လို တစ်ဆက်တည်း ခံစားလိုက်ရတယ်။





စန္ဒီမိုးတစ်ကိုယ်လုံးလည်း၊ တစ်ဝက်တစ်ပျက် အရည်ပျော်စပြုနေတဲ့ ဟန်ဆောင်ခြင်းတွေနဲ့ စေးပျစ်တောင့်တင်းနေရာက လုံးဝပျောင်းညွတ်နူးညံ့သွားလေရဲ့။ အပြောအဆို လေသံ၊ အမူအယာကအစ၊ လွန်ခဲ့တဲ့ ငါးနှစ်က အနေအထားမျိုး ချက်ချင်းရောက်သွားခဲ့တော့တယ်။

"ရော ...ဒီအတိုင်းကြည့်မနေနဲ့လေဟာ။ ကူဆွဲဦးမှပေါ့၊ လေးလှပြီ"

စန္ဒီမိုးရဲ့အသံက မူနွဲ့ချိုရီလို့။ ဝင်းကိုသိုက်ကလည်း ငှက်ပျောသီး ကို လှမ်းယူ ပိုက်ဆံအိတ်ပြန်ပေးပြီး၊ ရှေ့ကနေ ထွက်သွားတယ်။ စန္ဒီမိုး ကတော့ ပိုက်ဆံအိတ်ကို ကော့ကော့လေးကိုင်ပြီး နောက်ကနေ လိုက်လာတယ်။ ဝင်းကိုသိုက်ကလည်း ဘယ်ကိုသွားမလဲ မပြောသလို၊ စန္ဒီမိုးကလည်း မမေးပါဘူး။ တစ်ချိန်တုံးကဆို၊ လမ်းတွေ့သမျှ အတူလျှောက်ပြီး နေဝင် ချိန်ကို အတူမှန်းခဲ့ဖူးကြတာပေါ့။ အခုတော့ ...။

စန္ဒီမိုး ခြေလှမ်းက တုံ့ကနဲ တစ်ချက်တန့်သွားတယ်။ အဲဒီအချိန်မှာပဲ ဝင်းကိုသိုက်ရဲ့ Hand Phone တီးလုံးသံလေး ထွက်လာပါတယ်။ ဟာ.. အရေးကောင်း ... ဒိန်းဒေါင်းဖျက်။ ဝင်းကိုသိုက်က ဖုန်းထုတ်လိုက်ပြီး ပေါ်လာတဲ့ ဖုန်းနံပတ်ကိုကြည့်တယ်။

"ဟိုက် ...ဒါ မြမြလတ်ရဲ့ ဖုန်းနံပတ်ပဲ။ ဒီ မိန်းမ ဒီအချိန် ဘက်တိဆက်တယ် ဆိုတော့ ....."

ဝင်းကိုသိုက်က ဘေးဘီကိုကြည့်တယ်။ စန္ဒီမိုးကို မသိမသာလေး ကြည့်ပြီး ဖုန်းနားထောင်လိုက်ပါတယ်။

"အေး ပြော"

"----------"

"ဟုတ်ပါတယ်၊ ဘယ်သူလည်းမသိဘူး"

"----------"

"ဗျာ – ဆေးရုံက၊ ဗျာ – ဟုတ် ... ဟုတ်ကဲ့"

ဝင်းကိုသိုက်က ဖုန်းကို ပြန်ပိတ်ရင်း စန္ဒီမိုးကို

"ဟို၊ မြမြလတ် အရေးပေါ်ရောက်နေလို့တဲ့၊ ဘာဖြစ်လဲမသိဘူး


www.burmeseclassic.com

www.burmeseclassic.com



ငါလိုက်သွားဦးမယ်၊ သမီးလေးလည်း သူနဲ့အတူပါသွားတယ်တဲ့"

ဝင်းကိုသိုက်က ပြောပြီးတာနဲ့၊ စန္ဒီမိုးရှေ့ကနေ လှစ်ကနဲ ထွက်သွားပါတယ်။ စန္ဒီမိုးကတော့ တွေတွေကြီး ရပ်ကျန်ခဲ့တယ်။

*"အော် ..ငါးနှစ်ဆိုတဲ့ ကာလဟာ တစ်ကယ်ပဲရှိခဲ့တာကိုး"*

ဟုတ်တယ်၊ ဒါ အိပ်မက်မဟုတ်ဘူးလေ၊ ဒါနဲ့ မြမြလတ်က ဘာကိစ္စ ဆေးရုံရောက်သွားတာပါလိမ့်။ အရေးပေါ်တဲ့။ မဟုတ်မှလွဲရော ကားအက်ဆီးဒန့် ဖြစ်တာများလား။ အင်း ရုပ်ရှင်တွေထဲကလို၊ မြမြလတ်က သေခါနီး၊ စန္ဒီမိုးကို တွေ့ချင်လို့ဆိုပြီးခေါ်။ ဖြစ်ခဲ့သမျှကို မပြီးနိုင် မစီးနိုင် တောင်းပန်ပြီး ဝင်းကိုသိုက်ကို လက်ထပ်ယူဖို့ပြော။ ပြီးတော့ အသက်ထွက် ရော သေ။ အဲဒီအခါကျမှ ဝင်းကိုသိုက်နဲ့ စန္ဒီမိုးနဲ့ ဒန့်တန့်ဒန့်။

အင်း ဗေဒင်ဆရာဟောထားတဲ့အတိုင်းဆို မုဆိုးဖိုတို့ တစ်ခုလပ်တို့နဲ့ ဖူးစာဆုံမယ် ဆိုတော့၊ ဒါလည်း ဖြစ်နိုင်တာပဲ။ ပိုပြီး သေချာအောင် မြမြလတ်ရဲ့ မွေးသက္ကရာဇ်ကို စုံစမ်းကြည့်ပြီး ခပ်တည် တည်နဲ့ ဗေဒင်ဆရာဆီသွားပြီး ဒီဇာတာရှင်ဟာ မရဏအကြောင်းနဲ့ ရေဝေးသြောင်းရမယ့် ဇာတာရှင်ဟုတ် မဟုတ် သွားမေးကြည့်ဦး ... အုံး ... အုံး

"ဝုန်း" ၊ "ကျွီ"

စိတ်ကူးနဲ့ မသာဖိတ်စာတစ်ခြမ်းရိုက်နေတဲ့ စန္ဒီမိုးခမျာ၊ ဝုန်းကနဲ အသံကြားမှ လူနဲ့စိတ်ကပ်ပြီး လက်ရှိအခြေအနေ သုံးသပ်ကြည့်ရ ပါတော့တယ်။ ဘုရား .. ဘုရား ..၊ သူနောက် တစ်ထွာလောက်မှာ sunny sloon ကား တစ်စီး။ ဘေးနားက လူတွေကလည်း ဝိုင်းပြီးကြည့်လို့။ ဘတ်စ်ယောက်တစ်ပေါက် ဝေဖန်သံတွေကလည်း ကြွက်စီ၊ ကြွက်စီ။

"အမယ်လေး ကံကြီးလို့"

"ဟုတ်တယ်၊ ကားသမား ဘရိတ်အုပ်တာမြန်လိုက်လို့ ...အဲဒီ ကောင်မလေးက ငေးပြီး ကားလမ်းမပေါ်တက်လာတာ"





အခုထိ ကြောင်ငေးငေးဖြစ်နေတဲ့ စန္ဒီမိုးကို ကားဆရာက ပြတင်း ပေါက်က ကိုယ်တစ်ပိုင်းထွက်ပြီး ယဉ်ယဉ်ကျေးကျေးနဲ့ .....

"ခွီးတဲ့မှပဲ၊ ဘယ်လိုလုပ်ပြီး လမ်းလျှောက်နေတာလဲ။ လမ်းသွား ရင်း စိတ်ကူးယဉ်မနေနဲ့။ ဒါ မော်တော်ကား၊ တိုက်ရင် သေတတ်တယ်။ တိုက်မိရင် ဥုံဖွဆိုပြီး ရေမန်းတောက်လို့မပျောက်ဘူး။ ဆေးရုံရောက် သွားမယ်။ ဘာအောက်မေ့နေလဲ။ ကိုယ်ရုပ် ချောချောလှလှလေး၊ ကျိုးပဲ့ သွား၊ ဖရိုဖရဲ့သွားမှာ မနှမြောဘူးနဲ့တူတယ်။ ခင်ဗျားက သေရဲပေမယ့် ကျုပ်က အချုပ်ထဲ မဝင်ရဲဘူး၊ တောက်"

အားရပါးရ ပြောဆိုသွားပြီး၊ ကားမောင်းထွက်သွားပါတယ်။ စန္ဒီမိုးမှာလည်း ကိုယ်ကမှားနေတော့ ဇက်ကလေးပု နေလိုက်ရတယ်။ အင်း လူများကို 'သေပါစေ' ဆိုပြီး မစ္ဆရိယစိတ်ပွားနေတာ၊ ကာလဝိပါတ် နောက်ပိုးတက်ပြီး ကိုယ်ပါ သေမင်းရဲ့ Selection စာရင်းထဲ ပါတော့ မလို့။ စန္ဒီမိုးလည်း လန့်သွားလို့ ချောင်တောင်တောင်ဖြစ်နေတဲ့ ဒူးကို လက်သီးနဲ့ နှာနှာထုပြီး ကိုယ်အိမ်ရှိရာဖက်ဆီ ဒူးတည့်ပေးလိုက် ရတယ်။ အဲဒီတော့မှ .....

"ဟင် ... ငှက်ပျောသီး၊ ငှက်ပျောသီး ဝင်းကိုသိုက်နောက် ပါသွားပြီ"

ဟိုကလောလောနဲ့ ထွက်သွားတော့ ငှက်ပျောသီးလေးတောင် ပြန်မပေးသွားရှာဘူး။

"တောက်၊ သူ့မိန်းမကို ဆေးရုံတက်ဖို့ ဓါတ်စာဝယ်ပေးလိုက်ရတဲ့ အတိုင်းပဲ"

စန္ဒီမိုးက မကျေမနပ်နဲ့ ငှက်ပျောသီးဆိုင်ဘက် ပြန်လှည့်ရ ပါတော့တယ်။ တော်တော်ကြာ အိမ် တူတော်မောင် မျှောက်ဝင်စားလေး ပွက်လောရိုက်နေတော့မယ်။ တော်သေးတာပေါ့။ ပိုက်ဆံအိတ်လေးတော့ ပြန်ပေးသွားခဲ့လို့။ အော် စန္ဒီမိုးရယ်၊ အသည်းနှလုံးတစ်ခုတောင် ဆုံးရှုံး ခဲ့ဖူးသေးတာပဲ။ ငှက်ပျောသီးလောက်တော့ စာဖွဲ့မနေပါနဲ့တော့ကွယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံကနေ အိမ်ပြန်ရောက်လာတဲ့ မြမြလတ် တစ်ယောက်က မျက်နှာငယ်လေးနဲ့။ စကားပြောရိုး ပြောစဉ်အတိုင်း မျက်နှာငယ်လေးလို့သာ ပြောရတာ။ တကယ်ဆို မျက်နှာကြီးက နီရဲပြီး ဖူးယောင်ဖောင်းကားနေတာ၊ သပြေသီးမှည့်လေးကျလို့။ မျက်နှာကြီးလေးနဲ့လို့ပြောမှ မှန်လိမ့်မယ်ထင်ပါရဲ့။ မြန်မာရာဇဝင်ထဲမှာ ဖောင်းကားစားမောင်မောင်ဆိုတဲ့ မင်းတစ်ပါးရှိဖူးတယ်။ အခုတော့ မြမြလတ်တစ်ယောက်၊ ဖောင်းကားစားမြမြလတ်လို့ နာမည်ပြောင်းရတော့မယ်။

"နေစမ်းပါဦး၊ နင်က နေရင်း ထိုင်ရင်း ဘာကိစ္စ အလှပြင်ဆိုင်သွားပြီး မျက်နှာပေါင်းတင်ရတာလဲ။ ဘာလဲ ကိုးရီးယား ဇာတ်လမ်းတွဲတွေမှာ နင့်ကို မင်းသမီးရွေးမယ်လို့ အကြောင်းကြားထားလို့လား"

ဝင်းကိုသိုက်ရဲ့ငေါ့တော့တော့အမေးကို မြမြလတ်က ပြန်မဖြေသေးဘဲ ခေါင်းငုံ့ထားလိုက်တယ်။ မျက်နှာတစ်ပြင်လုံးလည်း ကျိန်းစပ်လို့။ ဖြစ်ပုံက ဒီလိုပါ။ မြမြလတ်က သူလင် ဝင်းကိုသိုက် သူ့ကို ရစိုက်လာ အောင်ဆိုပြီး အလှပြင်ဆိုင်သွားပြီး မျက်နှာပေါင်းတင်ပါရောလား။ အဲဒီမှာ မျက်နှာပေါင်းတင်တဲ့ပစ္စည်းတွေနဲ့ ဓါတ်မတည့်ဖြစ်ပြီး အခုလို ဖောင်းကားစားမြမြလတ် ဖြစ်သွားတော့တာပဲ။

အလှပြင်ဆိုင်ကတော့ သူသုံးတဲ့ အလှကုန် ပစ္စည်းတွေဟာ နိုင်ငံတကာ အသိအမှတ်ပြုထားပြီး သဘာဝပစ္စည်းတွေနဲ့ စီမံဖော်စပ်ထားတာလို့ ပြောတာပဲ။ သဘာဝပစ္စည်းဆိုတာလည်း ဓာတု ဒြပ်ပေါင်းတွေနဲ့ ဖွဲ့စည်းထားတာပဲလေ။ လူတစ်သိန်းမှာ တစ်ယောက် လောက်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ခါတော်မတဲ့တာတွေ ဖြစ်နိုင်တာပေါ့။ အဲဒီ တစ်သိန်းထဲက တစ်ယောက်က မြမြလတ် ဖြစ်နေတာတော့ ကံစမ်းမဲပေါက်တာပါပဲ။ အဲဒီ ကံစမ်းမဲက တရုတ်ပြည် အိုလံပစ် မသွားရပဲ ဆေးရုံသွားလိုက်ရတဲ့ ကံစမ်းမဲပဲ။

နောက်ဆုံးတော့ အလုပြင်ဆိုင်ကကားနဲ့ ကံထူးရှင်ကြီးကို ဆေးရုံပို့လိုက်ရတော့တယ်။ အခုတော့ မြမြလတ်ရဲ့ မျက်ခွက်က လာမီးဂတ်စ်မှာ လိုင်လာအလီနဲ့ အမျိုးသမီး လက်ဝှေ့စိန်ခေါ်ပွဲ ထိုးလာခဲ့တဲ့ အတိုင်း။

"တောက်၊ မနေတတ် မထိုင်တတ်နဲ့၊ နင့်ကိုနင် အပျိုများ အောင့်မေ့နေလား။ ခလေးတစ်ယောက်အမေဖြစ်နေပြီ။ နေစမ်းပါဦး၊ ဒီလောက် လှချင်နေရအောင် နောက်လင်ယူဖို့များ စဉ်းစားနေလို့လား"

"အား ...ကျွတ်..ကျွတ်"

ပက်ကနဲ ပြန်ပြောဖို့ ပြင်လိုက်တဲ့ မြမြလတ်ခမျာ ..ကျိန်းစပ်ပြီး အင်္ဂတေကိုင်ထားသလို တင်းရင်းနေတဲ့ မျက်နှာကြောင့် ဝဝီ ပြန်ပိတ်လိုက်ရတယ်။ ဒီခေတ်မှာ ပျိုပျို အိုအို မရွေး၊ အလှပြင်ဆိုင် တဒီးဒီး သွားနေကြတဲ့ဟာကို။ သူ့ကျမှ ...။ ပါးစပ်က ပြန်မပြောနိုင်ပေမယ့် စိတ်ထဲကတော့။

*"နောက်လင်ယူဖို့မပြောနဲ့။ တရားဝင် မှတ်ပုံတင်ထားတဲ့ လင်ကိုတောင် ခိုးကူးမခံရအောင် နည်းမျိုးစုံနဲ့ကာကွယ်နေရတဲ့ ငါ့ဘဝပါ ဝင်းကိုသိက်ရယ်၊ နှင်သိပ်ပြောထွက်တာပဲ"*

အော် ... လင်တွေလည်း VCD ခွေတွေလို ခိုးကူးခံရတာကို မြမြလတ်ရဲ့စကားတွေက အသံဖြစ်မလာပေမယ့် လည်ချောင်းထဲမှာတော့ အစုန်အဆန် ပွဲတင်ထပ်နေတယ်။ မျက်ရည်ပူတွေကလည်း ထိန်းမရတော့ပဲ၊ ပါးပြင်ထက်ဆီ အတောမသတ် စီးဆင်းလာလေရဲ့။ အက်ကွဲနေတဲ့ ပါးပြင်က မျက်ရည်ဓာတွေနဲ့ ထိစပ်မိတဲ့အခါမှာတော့ စပ်ဖျင်းဖျင်းရယ်ဒါပေမယ့် မျက်နှာပေါ်က ကျိန်းစပ်နေတာက နှလုံးသားက ကျိန်းစပ်နေတာကိုတော့ လိုက်မီလိမ့်မယ်မထင်မိဘူး။

**မျက်ပွင့်စာပေ**



*"အချစ်နဲ့စစ်မှာ မတရားတာမရှိဘူးတဲ့။ နင့်အချစ်၊ နင့်မြတ်နိုးမှုတွေ ဆုံးရှုံးမသွားဖို့ ငါလုပ်သမျှ တရားတယ်၊ မျှတတယ်လို့ ငါလုံးဝယုံကြည်တယ်၊ ကိုသိုက်ရယ်"*

www.burmeseclassic.com

www.burmeseclassic.com



“မပြောချင်တော့ပါဘူးဟာ၊ နင့် သူငယ်ချင်းအကြောင်းတော့”

ကော်ဖီဆိုင်လေးမှာ ထိုင်ရင်းနဲ့ ဝင်းကိုသိုက်က မြမြလတ်အကြောင်း စန္ဒီမိုးကို ပြောလိုက်တာပါ။ သူတို့နှစ်ယောက် ကော်ဖီဆိုင်ထိုင်ဖြစ်ကြတာ၊ ကြိုတင်ချိန်းဆိုမှုမပါဘဲ လမ်းမှာ ဆုံမိကြရင်း ထိုင်ဖြစ်ကြတာပါ။ ထူးတော့ထူးဆန်းသား။ ပြီးခဲ့တဲ့ ငါးနှစ်ကာလအတွင်း တစ်ယောက်နဲ့တစ်ယောက် လုံးဝမဆုံမိကြဘဲ အခုတစ်လော၊ မကြာခဏ ဆုံမိကြတာ၊ ကံကြမ္မာဆိုတဲ့ဟာကြီးက မျက်နှာသာပေးတာလား၊ ကျီစယ်တာလားဆိုတာ မပြောတတ်တော့ဘူး။ စန္ဒီမိုးရဲ့စိတ်ထဲမှာတော့ ပြန်ဆုံခွင့်ဆိုတာကို အကြိမ်ကြိမ်တောင့်တမိတာပေါ့။ ဒါပေမယ့် တမင်သက်သက် ဆုံမိပါစေတော့ဆိုပြီး အားထုတ်တာမျိုးတော့ လုံးဝ မလုပ်ခဲ့ဘာအမှန်ပါ။ ဘုရားဖူး၊ မိုးကြိုးပစ်။ အခုလိုဆုံမိတော့လည်း ‘ဗိုက်ဆာတယ်ဟာ’ ဆိုပြီး မြောင်းပေးတဲ့ စကားလေးတစ်ခွန်း နှစ်ခွန်း ပစ်ထည့်လိုက်တာနဲ့ ဝင်းကိုသိုက်ကလည်း ပေးထားတဲ့ မြောင်းထဲ ရေဝင် စီးလိုက်တော့တာပဲ။ အခုတော့ နှစ်ယောက်တည်း ကော်ဖီဆိုင်လေး ထဲမှာ ....။

“အဲဒါဟာ ...ဘယ်သူက မြှောက်ပေးလိုက်လည်းမသိပါဘူး။ မျက်နှာပေါင်းသွားတင်သတဲ့”

“အော် နင်ကလည်းကွယ်၊ မိန်းကလေးပဲ လုချင်တာအပြစ်မဟုတ်ပါဘူး”

စန္ဒီမိုးက မြမြလတ်ဖက်က ကွယ်ပြောကာပြော ပြောလိုက်ပါတယ်။ စိတ်ထဲကတော့



www.burmeseclassic.com

www.burmeseclassic.com



*"ဟင်း၊ ဟင်း၊ ဟင်း နှမ်းတစ်စေ့တိုးလာရုံနဲ့ ဆီမဖြစ်ပါဘူး မြမြလတ်ရယ်"*

"အဲဒါ Allergic ဖြစ်ပြီး ဆေးရုံရောက်သွားတာပေါ့"

"အခုရော ... ဆေးရုံမှာပဲလား"

"သက်သာသွားပါပြီ။ အဲဒီနေ့ကပဲ၊ ဆေးရုံက ပြန်ဆင်းလာတာ။ နှစ်ရက် သုံးရက်လောက်တော့ မျက်နှာတောင်သစ်လို့မရအောင် ထိမရ၊ ကိုင်မရနဲ့။ အခုတော့ . အိုကေသွားပါပြီ။ မနက်ကတောင် အာဘွား ပေးခဲ့သေးတယ်၊ ဟဲ ဟဲ"

ဝင်းကိုသိုက်က ခပ်နောက်နောက်လေး ပြန်ဖြေပြီးမှ စန္ဒီမိုးကို အားနာသလိုလိုဖြစ်သွားတယ်။ စန္ဒီမိုး စိတ်ထဲမှာတော့ မနာလို သလိုလို။ အူတို သလိုလို။ အော် သူ့လင်က သူ့မိန်းမကို ကြင်နာပြတာကိုပဲ မဆီမဆိုင် ဒင်းက။

*"စိတ်လျှော့၊ စန္ဒီမိုး၊ စိတ်လျှော့။ နင်နဲ့သူ ဘာမှမဟုတ်ဘူး။ ဟိုတစ်ယောက်ကလည်း အခုမှ မဖြစ်တော့ဘူးတဲ့။ ဒီကတော့ အရေးပေါ် ရောက်တယ်ဆိုလို့ ဝမ်းသာနေတာ။ ဟယ် .. စန္ဒီမိုး၊ နင် ဘာကိစ္စ သူများကို မကောင်းတဲ့စိတ်တွေ ထားနေရတာလဲ။ စိတ်လျှော့ ... စိတ်လျှော့"*

စန္ဒီမိုးက သူ့စိတ် အရိပ်အယောင်တွေ မျက်နှာပေါ် ရောက်မလာအောင် ကြိုးစားထိန်းလိုက်ရတယ်။ မျက်နှာကို ပြုံးပြုံးလေး လုပ်။ စားပွဲပေါ် တံတောင်လေးတင်ပြီး လက်နှစ်ဖက်ယှက်ကာ မေးလေး ထောက်ပြီး ဝင်းကိုသိုက်ကို ခပ်ငေးငေးလေး ကြည့်လိုက်တယ်။ ဝင်းကိုသိုက် နဲ့ အကြည့်ချင်း ဆုံသွားတဲ့အချိန်မှာတော့ ဝင်းကိုသိုက်ရင်ထဲ ဆိုင်ကလုံး မုန်တိုင်းကြီး ဝင်မွှေသွားသလို ဖရိုဖရဲ ဖြစ်သွားတယ်။ ဟိုတုံးက ဒီလိုပုံစံ ကြည့်လိုက်လို့ကတော့၊ ဟင်း၊ ဘာပြောကောင်းမလဲ၊ ဝင်းကိုသိုက်ရဲ့ နှာခေါင်းတွေ၊ နှုတ်ခမ်းတွေ အလုပ်ရှုပ်သွားလိမ့်မယ်။ အခုတော့

*"ဝင်းကိုသိုက်၊ စိတ်လျှော့၊ စိတ်လျှော့"*

ဒီတစ်ခါ စိတ်ပြန်လျှော့ရတာက ဝင်းကိုသိုက်ရယ်ပါ။





စိတ်သာ လျှော့နေရတာ သိပ်မလျှော့ချင်ဘူး။ အူတွေယားနေတာများ ကလီစာတွေကြား စာကလေးတွေ အသိုက်ဝင်ဆောက်ထားသလို၊ ယားကျိ ယားကျိနဲ့။

"နင်နဲ့ မြမြလတ်ရော အဆင်ပြေတယ်မလား"

စန္ဒီမိုးက စကားလေးတောက်လိုက်တယ်။

"ဒီလိုပါပဲဟာ။ သိပ်ကျေလည်လှတယ်မဟုတ်ဘူး။ အလကား နေ ထေ့လိုက်ငေါ့လိုက်နဲ့။ ငါ့မှာ အလုပ်ပင်ပန်းလာတာက တစ်မျိုး၊ သင်း ဆူတာ ဆောင့်တာက တစ်မျိုးနဲ့။ အပျိုတုံးက မြဲ့စိစိ၊ မထုံတက်တေး မိန်းမက အခုတော့ ပြောလိုက်တဲ့စကား၊ ရှည်လိုက်တဲ့လေကြော၊ အဲဒီ လေတွေ ကုန်အောင် ပူဖောင်းတစ်ထုပ်လောက်ဝယ်ပေးပြီး မှုတ်ခိုင်း ထားရမလား တွေးမိတယ်"

ဝင်းကိုသိုက်က ယောကျ်ားတို့ ထုံးစံအတိုင်း၊ ကိုယ်မဟုတ် တာ တွေကို ဆင်ဆာဖြတ်ထားလိုက်ပြီး၊ မြမြလတ် ဆိုးတာတွေပဲ ရွေးပြော လိုက်ပါတယ်။ ဝင်းကိုသိုက်က စန္ဒီမိုးကို မသိမသာလေး အကဲခတ်လိုက် ပြီးမှ ညည်းသံလေးနဲ့ ဆက်ပြောလိုက်တယ်။

"ဟင်း၊ ဒီအတိုင်းဆိုရင်၊ ရေရှည်ဖြစ်မှ ဖြစ်ပါ့မလားလို့ တွေးမိ တယ်ဟာ"

ဝင်းကိုသိုက်ရဲ့ ညည်းသံအဆုံးမှာ စန္ဒီမိုးရဲ့ မျက်တောင်တွေ တဖြတ်ဖြတ်ခတ်သွားလေရဲ့။ ဒါ စကားခေါ်တာ။ သွေးတိုးစမ်းတာပဲ။ ဟုတ်တယ်လေ၊ ယောကျ်ားတစ်ယောက်က ကိုယ့်မိန်းမ မဟုတ်တဲ့ မိန်းမတစ်ယောက်ရှေ့မှာ ကိုယ့်မိန်းမ မကောင်းကြောင်း၊ အိမ်ထောင်ရေး အဆင်မပြေကြောင်း ငြီးပြရင်၊ သေချာတယ်၊ သတိသာထားပေရော့။ ဒါခြံခုန်ဖို့ ခြံစည်းရိုးပေါ်တက်ထိုင်နေတဲ့ အနေအထားပဲ။

အဲ မိန်းမတွေ ကျတော့ ကိုယ့်ယောကျ်ားအကြောင်း မကောင်း ပြောတာနဲ့၊ အိမ်ထောင်ရေး အဆင်မပြေတဲ့အကြောင်းပြောတာကို သပ်သပ် စီ ခွဲပြောမှရမယ်။ ကိုယ့်ယောကျ်ား မကောင်းကြောင်း၊ လူရှေ့ သူရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ပြောတဲ့ မိန်းမမျိုးက၊ တခြား ယောကျ်ားတွေ သူ့ကို ဂရုစိုက်လာအောင် လုပ်တာမဟုတ်ဘူး။ အိမ်က ဟာကြီး အေးတိအေးစက်လုပ်နေလို့ ဘဝင်မကျဖြစ်နေတာ။ အဲဒီလို မိန်းမမျိုးကို ဘဝင်ကျသွားအောင် ရေးပညာရှင်တွေက ဆေးနည်း ပေးသွားခဲ့တယ်။

"အရိုးကွဲအောင် ရိုက်ဆိုပဲ"

အဲ၊ သားက စေတနာနဲ့ ဝင်ရိုက်ပေးလို့တော့မရဘူး။ အဲ.. နေရင်း ရဲစခန်းရောက်သွားလိမ့်မယ်။ သူ့ယောကျ်ားကိုယ်တိုင်ရိုက်မှ ဖြစ်မှာ။ ပြီးရင်တော့ ကိုယ်တိုင်ကိုယ်ကျ အသည်းအသန်ချော့ပေတော့။ အဲဒါကြောင့် နေ့တိုင်း တစ်ဖုန်းဖုန်း ရိုက်နေတဲ့ လင်မယားတွေ၊ အိမ်ထောင်မြဲနေတယ်ထင်ပါ့။

ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းမှာ လင်က မယားကို ရိုက်စရာလား။ ကျုပ်တို့ကတော့ အရိုက်မခံနိုင်ပါဘူးဆိုပြီး၊ နှုတ်ခမ်းတစ်လံ၊ ပန်းတစ်လံနဲ့ ရန်တွေ့လာမယ့် အမျိုးသမီးထုကြီးကို အကြောင်းအရာလေးတစ်ခု ပြောပြချင်ပါတယ်။ အမေရိကန်နိုင်ငံ၊ အာကင်ဆောပြည်နယ်မှာ 'လင်ယောကျ်ားတွေက ကိုယ့်ဇနီးမယားကို တစ်လမှာ တစ်ကြိမ် ရိုက်ခွင့်ရှိတယ်' လို့ ဥပဒေပြဋ္ဌာန်းထားပါသတဲ့။ အာကင်ဆောပြည်နယ်ဆိုတာ အမေရိကန်သမ္မတဟောင်း ဘီကလင်တန် အုပ်ချုပ်ရေးမှူး လုပ်ခဲ့တဲ့ပြည်နယ်ပေါ့။ သူ့မိန်းမ ဟီလာရီကလင်တန်ဆိုတာ အခု သမ္မတ အရွေးခံဖို့ ပြင်ဆင်နေတဲ့ အမျိုးသမီးလေ။ ဘီကလင်တန်ကိုယ်တိုင်ရော၊ သူ့ပြည်နယ်အုပ်ချုပ်ရေးမှူးဘဝတုံးက သူ့မိန်းမကို တစ်လတစ်ကြိမ် ရိုက်ခဲ့သေးလားမသိဘူး။

ဝင်းကိုသိုက်က မြမြလတ် မကောင်းကြောင်း ရည်းစားဟောင်းလေးကို ပြောနေရင်းက နာရီကို ငုံ့ကြည့်လိုက်ပါတယ်။ အင်း နောက်တစ်ပွဲ ဆက်စရာရှိသေးတယ်။ ချိန်းထားတဲ့ အချိန်တောင် နီးနေပြီပဲ။ သူ့မှာလည်း ပွဲဦးမင်း၊ ပွဲလယ်မင်း၊ ပွဲသိမ်းမင်း ဆိုပြီး ပွဲတွေကိုဆက်လို့ အချိန်မီ ရောက်မလာခဲ့ရင် ဖုန်းတစ်ဂွမ်ဂွမ်ဆက်နေဦးမယ်။ ဝင်းကိုသိုက် ကို





အရိပ်အကဲခပ်နေတဲ့ စန္ဒီမိုးက မေးလိုက်ပါတယ်။

"ချိန်းထားတာ ရှိလို့လား"

"ဟုတ်တယ်၊ အော် ..ဒီမှာ ငါ့ Visiting Card ။ နင့် ဟန်းဖုန်းနံပတ် ငါ့ကိုပေးထားဦးလေ။ ငါက နင့်အိမ်ဖုန်းနံပတ်ပဲသိတာ"

ဒါ၊ အခေါ်အပြောလုပ်ဖို့ လမ်းစရှာတာပေါ့။ နောက်ဆိုရင် ဒီဖုန်းလိုင်းတွေကတဆင့် ဆက်သွယ်လာတော့မှာပေါ့။ စန္ဒီမိုးက သက်ပြင်းလေးချရင်း

"ငါ့နံပါတ်က ------------"

ဝင်းကိုသိုက်က နံပါတ်ကို ဖုန်းထဲတစ်ခါတည်း save လုပ်ထားလိုက်တယ်။ ကော်ဖီဖိုး ရှင်းမယ်လုပ်တော့၊ စန္ဒီမိုးက

"ရတယ်၊ ငါဆက်ထိုင်ချင်သေးလို့၊ နင်သွားစရာရှိက သွားလေ"

"ဒါဆိုလည်းပြီးရော"

ဝင်းကိုသိုက် ကော်ဖီဆိုင်ထဲကထွက်ပြီး၊ သူ့ကားပေါ်တက်လို့ မောင်းထွက်သွားလေရဲ့။ စန္ဒီမိုးကတော့ ထိုင်လက်စနဲ့ပဲ၊ ဒီနေ့ သူလုပ်ခဲ့တာတွေကို သင့်တော်လား၊ မသင့်တော်လား ပြန်စဉ်းစား နေတယ်။ လူတစ်ယောက်မှာ ကိုယ်စောင့်နတ်ကောင်း ငါးရာနဲ့ ကိုယ် စောင့်နတ်ဆိုး ငါးရာစီရှိသတဲ့။ အခုအချိန်ထိတော့ နတ်ဆိုးနဲ့ နတ်ကောင်း အင်အားချိန်ခွင်လျှာညီနေတုံးပါပဲ။ စန္ဒီမိုးမှာတော့ မပြတ်သားတဲ့ သံယောဇဉ်အရှုပ်တွေ ကြောင့် ဘာကိုမှခွဲခွဲဝေဝေ ဆုံးဖြတ်လို့မရတော့ပါဘူး။

*"မောင်ရယ်၊ ငါလုပ်တာ မမှားသေးဘူးထင်ပါရဲ့ဟယ်"*

စန္ဒီမိုးရဲ့အတွေးအဆုံးမှာတော့ ချိန်ခွင်လေးဟာ နတ်ဆိုးတွေဖက် လျှာထွက်သွားပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



မြမြလတ်တစ်ယောက် စွန်တစ်ထပ်ကြီးနဲ့ ရစ်ဘီးကို ကိုင်ပြီး ငိုင်တွေ့တွေကြီးရပ်နေလေရဲ့။ ဗေဒင်ဆရာအောင်မျိုးလွင်က ယတြာပေးလိုက်တာလေ။ စွန်လွှတ်ရမယ်တဲ့။ ခက်တာက မြမြလတ်က စွန်မလွှတ်တတ်တာပဲ။ ရှေးပညာရှင်တွေက မိန်းမတွေရဲ့ အတွင်းသဘောကို လှေနဲ့ မြင်းပမာလို့ ဥပမာပေးခဲ့ကြတယ်။ ဇက်ကိုင်တဲ့လူ၊ ပဲ့ကိုင်တဲ့လူ စေရာနောက်ကို တိမ်းတတ်ယိမ်းတတ်တဲ့ သဘောပေါ့။ ဗေဒင်ဆရာအောင်မျိုးလွင်ကတော့ ယောကျ်ားတွေရဲ့ အတွင်းသဘောကို စွန်နဲ့ ရစ်ဘီးလို့ဆိုပြီး သာဓက ထုတ်ပြသွားခဲ့လေရဲ့။

လက်စသတ်တော့ အိမ်ထောင်ရေးဆိုတာ စွန်နဲ့ရစ်ဘီးကြားက ကြိုးတစ်ချောင်းပဲကိုး။ ကြိုးတွေလျှော့ပေးနေတဲ့အချိန်မှာတော့၊ စွန်ကလေးက ကောင်းကင်ထက်မှာ လေစီးကြောင်းအတိုင်း ဝေ့လို့ ဝိုက်လို့။ ကြိုးလည်းတင်းလိုက်ရော စွန်ဆိုတဲ့ ဟာမျိုးက တုံ့ကနဲရပ်သွားလိုက်မယ်မထင်လိုက်လေနဲ့။ တင်းကနဲဖြစ်ပြီး တစ်ခါတည်း မိုးပေါ်ထောင်တက်သွားတော့တာပဲ။ ယောကျ်ားတွေလည်း ဘာထူးလို့တုံး။ အိမ်ကမယားလုပ်သူက တစ်ချက်နှစ်ချက်ဆွဲတင်းလိုက်တာနဲ့ ယောကျ်ားမာန ဆိုတာကြီးက ထိုးကနဲ၊ ထောင်ကနဲ။

"မင်းက ဘာစကားပြောတာလဲ"

"မယုံသင်္ကာစကားပြောရအောင် မင်းကဘာလဲ"

"အဲဒါကြောင့် မင်းကိုစိတ်ပျက်တာ၊ ဒါ အလုပ်ကိစ္စကွ၊ မင်းအိမ်ထဲနေပြီး၊ လောကကြီးအကြောင်း ဘာသိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ စကားလုံးကြီးကြီးတွေနဲ့ တန်ပြန် တိုက်စစ်ဆင်တော့တာပဲ။ အဲဒီအချိန်မှာ ယောင်ယမ်းပြီး ကြိုးစတော့ ဆွဲမတင်းလိုက်လေနဲ့။ ထောင်းကနဲ ကြိုးပြတ်သွားမှာ ၉၀% ပဲ။ ကျန်တဲ့ ၁၀% ကတော့ ကြိုးမပြတ်ပေမယ့် စိုက်ဆင်းသွားတာ။ စွန်ဆိုတာ လေထန်နေတုံး ကြိုးလျှော့ပေးထားရတယ်။ လျှော့စရာကြိုးကုန်သွားရင်တော့ ကိုယ့်ကြမ္မာကိုသာ အပြစ်တင်လိုက်ပေတော့။ စွန်ဆိုတာ လျှော့လိုက်တင်းလိုက်၊ လိုသလို ကစားတတ်မှ ကိုယ်ဘက်ပါတာလေ။ ဒါကြောင့်မို့ လျှော့လိုက်တင်းလိုက်နဲ့ အိမ်ဦးနတ် Mr. Kite ကြီးလည်း ကောင်းကင်ထက်မှာ ပျော်နိုင်ပါစေ။ မိခင်ဌာန ရစ်ဘီးနဲ့လည်း သံယောဇဉ်ကြိုး ခိုင်နိုင်ပါစေပေါ့။

မြမြလတ်က သက်ပြင်းလေးချ၊ ဆောင့်ကြောင့်လေးထိုင်ပြီး စွန်ကို ဆိုင်းကြိုးတပ်ဖို့ ပြင်ဆင်ပါတော့တယ်။ ခက်တာက မြမြလတ်က ယောကျ်ားသာယူတတ်တာ၊ ဆိုင်းကြိုး ဘယ်လိုတပ်ရမှန်း မသိဘူး။ အိမ်က အမေကလည်း ယောကျ်ားယူခါနီး မယားဝတ်တို့၊ ဘာဝတ်တို့ ညာဝတ်တို့သာ ဩဝါဒခြွေလိုက်တာ၊ စွန်လွှတ်နည်းတော့ သင်မပေးလိုက်ဘူး။ မြမြလတ်ခမျာ စွန်ကိုကိုင်ပြီး ထိုင်ကာ မျက်ရည်ကျရပါတော့တယ်။ ဘေးနားလာရပ်တဲ့ အရိပ်တစ်ခုတွေ့မှ ကမန်းကတန်း မျက်ရည်သုတ်ပြီး မော့ကြည့်လိုက်တော့ ၁၈နှစ် ၁၉နှစ်လောက်ရှိမယ့် ကောင်လေးတစ်ယောက်။ ဂုတ်ဝဲဆံပင်ကို ရွှေရောင်ဆေးဆိုးထားပြီး တီရှပ်အမည်းအကျပ်နဲ့။ ဘောင်းဘီအရှည်အပွနဲ့။ အလန်စား၊ ရုပ်ရည်သန့်သန့်နဲ့ပေါ့။

"အစ်မ ဘာဖြစ်လို့လဲ။ ကျွန်တော် ဘာအကူအညီပေးရမလဲ"

မြမြလတ်က မျက်ရည်တွေ လက်ဖမိုးနဲ့ သုတ်လိုက်ရင်း

"ဘာ ...ဘာမှ မဖြစ်ပါဘူး။ ဟိုလေ ... စွန် .. စွန် ဆိုင်းကြိုး မတတ်တတ်လို့"

ကောင်လေးက မြမြလတ်ကို တအံ့တဩကြည့်ပါတယ်။ စွန်ဆိုင်း ကြိုးမတတ်တတ်တာများ၊ မကြီးမငယ်နဲ့ ရှိုက်ကြီးတငင် ငိုရတယ်လို့။ ကြုံဖူးပေါင် ဂဏ်ထူးဆောင်ရယ်။





"အန်၊ ဆိုင်းကြိုးမတတ်တတ်လို့။ ဒါနဲ့ အစ်မက စွန်လွှတ်မလို့လား"

"အင်း"

ကောင်လေးခမျာ နောက်ထပ်တစ်ခါ ခေါင်းစားသွားရတယ်။ မြန်မာပြည်မှာ အမျိုးသမီးတွေ စွန်လွှတ်လေ့မှ မရှိတာ။ ကလေးအရွယ်ဆိုလည်း ထားလိုက်ပါတော့။ အခုဟာက အရွယ်တပတ်နွမ်းကြီး။ ကြည့်ရတာ ဦးနှောက်တော့ ကောင်းမယ့်ပုံပါပဲ။

"ဟို ...အစ်မက ဘာဖြစ်လို့ စွန်လွှတ်တာလဲဟင်"

ဒီတစ်ခါတော့ မြမြလတ်က ကျွဲမြီးတိုသွားတယ်။ လင်အပူကို စွန်အဖြုန့်နဲ့ ယကြာချေမလို့ဥစ္စာ။ ဒင်းက မေးလား မြန်းလားနဲ့။ အင်တာဗျူးဆရာ ခုနစ်ဘဝလောက်ဖြစ်ခဲ့ပြီး သေလို့ ဒီဘဝ လူဖြစ်လာတဲ့ကောင်နဲ့ တိုးနေသေးတယ်။

"ဟဲ့၊ ငါ့ဘာသာငါ၊ ဘာကြောင့် လွှတ်လွှတ်ပေါ့၊ နင့်အပူပါလား။ ဒီမှာ လုပ်မရလို့ စိတ်တိုနေရတဲ့အထဲ"

အဟောခံလိုက်ရတော့ ကောင်လေးကလည်း တင်းသွားပုံပါပဲ။

"မပြောလည်းနေပေါ့။ ကူညီမလို့လဲ မေးရသေးတယ်။ ဗေဒင်က ဟောထားလို့။ နို့မဟုတ်ရင် အနားတောင်မလာဘူး။"

မြမြလတ်ခမျာ 'ဗေဒင်' ဆိုတဲ့စကားကြားတော့ နားရွက်ကလေး ထောင်သွားပါတယ်။ အမယ် သူကလည်း ဗေဒင်အရဆိုပါလား။ ဘိုက် ဆိုင်လိုက်လေ။ မြမြလတ်က မျက်နှာလေးချိုသွေးလိုက်ပြီး

"နင်ကလည်းဟယ်၊ အစ်မက စိတ်တိုလို့ပြောမိတာကို၊ စိတ်ဆိုးသွားလားဟင်"

"ဆိုးပါဘူး"

"ဒါနဲ့ ဗေဒင်ဆရာက ဘာဟောလိုက်လဲဟင်"

"ဗေဒင်ဆရာမဟုတ်ပါဘူး။ မဂ္ဂဇင်းထဲမှာပါတဲ့ဗေဒင်။ အဲဒီမှာ ရှည်းစားနဲ့ကွဲကတ်သည်။ လမ်းတွင် ဒုက္ခရောက်နေတဲ့လူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကူညီလိုက်ပါဆိုလို့ ဒုက္ခသည်လိုက်ရှာနေတာ”

တောက်၊ နေရင်း ထိုင်ရင်း ဒုက္ခသည်ဖြစ်ရသေး။ နေနှင့်ဦး။ ဒီလောက် ဒုက္ခသည် တွေ့ချင်တဲ့ကောင် နောက်တစ်ခါမုန်တိုင်းကျမှ ဒင်းကို ကယ်ဆယ်ရေးစခန်းပို့ပေးရမယ်။ ကောင်လေးက တစ်စုံတစ်ရာ စဉ်းစားမိသလို၊ မျက်မှောင်လေးကျုံ့သွားတယ်။

“ဟာ၊ အစ်မကိုရော၊ ဗေဒင်ဟောထားလို့ ယတြာလာချေ တာလား”

“အင်း”

မြမြလတ်ရဲ့လေသံက အင်တင်တင်။

“ဟာ ..လန်းတယ်ဗျာ။ ကွက်တိပဲ။ အစ်မလည်း ယတြာကြေ၊ ကျွန်တော်လည်း ယတြာကြေ။ ပေး .. ပေး၊ အစ်မစွန်။ ကျွန်တော် ဆိုင်းကြိုး တပ်ပေးမယ်”

“ရော့ ...ရော့”

မြမြလတ်က ဝမ်းသာအားရ စွန်နဲ့ ရစ်ဘီးကို ထိုးပေးလိုက်တယ်။ ကောင်လေးက စွန်ကို ကောက်ကိုင်လိုက်ပြီး၊ စွန်ဦးထိပ်မှာရှိတဲ့ တုတ်ချောင်းအစလေးကို ချိုး၊ စွန်ခါးရိုးတစ်လျှောက်၊ သုံးပုံ တစ်ပုံစီ လောက် ဝေလိုက်ပြီး ခါးရိုး တစ်ဖက် တစ်ချက်၊ နှစ်ပေါက်တွဲ နှစ်နေရာ ဖေါက်၊ ရစ်ဘီးက ကြိုးစနှစ်တောင်လောက်ဖြတ်လိုက်ပြီး၊ ဆိုင်းကြိုး တပ်နေပါတယ်။ မြမြလတ်ကတော့ ကောင်လေးလုပ်သမျှ အသေအချာ လိုက်ကြည့်နေတယ်။ ကောင်လေးက ဆိုင်းကြိုးအစွန်းကနေ ဆွဲပြီး စွန်ကို အပေါ်နဲ့ အောက်၊ ဘယ်နဲ့ ညာ၊ အလေးချိန် ညီ မညီ ဆကြည့်နေတယ်။ စိတ်တိုင်းကျသွားပြီဆိုမှ၊ စွန်ကို ရစ်ဘီးကကြိုးနဲ့ တွဲချည်လိုက်ပါတယ်။

“ကဲ၊ ရပြီ၊ အစ်မရေ”

“ရတာ ဟုတ်ပြီ၊ ငါ စွန်မလွှတ်တတ်ဘူးဟဲ့”

“ဒါဆိုရင် ကျွန်တော်တင်ပေးခဲ့မယ်။ အစ်မကဆက်လွှတ်ပေါ့”

“စွန်တင်ရတာ ခက်လို့လား”

“အင်း၊ စ စ ချင်းတော့ ခက်တာပေါ့။ သဘောပေါက်သွားတော့





လည်း လွယ်သွားတာပေါ့”

“ဒါဆို ငါ့ဘာသာ ငါ တင်ကြည့်မယ်။ နင်က ထောင်ပေးလိုက်”

မြမြလတ်က သူ့တွေ့ဖူးထားတာကို ပြန်စဉ်းစားကြည့်ပြီး ပြောလိုက်တာပါ။

“ကောင်းပြီလေ၊ ဒါဆို ကျွန်တော် ထောင်ပေးမယ်။ ကျွန်တော်က လွှတ်လိုက်ရင် အစ်မက ရစ်ဘီးကို ဆွဲရစ်လိုက်။ စွန်ထောင်သွားရင် လျှော့လိုက်၊ တင်းလိုက် လုပ်ပေးလိုက်၊ ဟုတ်ပြီနော်”

ကောင်လေးက ရစ်ဘီးနဲ့ နမူနာလုပ်ပြပြီး၊ စွန်ကို ဆွဲပြီး ခပ်လှမ်းလှမ်းဆီ ထွက်သွားတယ်။ မြမြလတ်ကတော့ ရစ်ဘီးကို ဟန်ပါပါကိုင်ပြီး နောက် တစ်လှမ်း နှစ်လှမ်း ဆုတ်လိုက်တယ်။

“ဟင်း .. ဟင်း .. ဟင်း၊ ဝင်းကိုသိုက်ရယ်၊ ငါကြိုးဆွဲတဲ့ အတိုင်း နင် ကရတော့မှာပေါ့။ ဟင်း .. ဟင်း”

ကောင်လေးက စွန်ကြိုးတင်းသွားတဲ့အထိဆွဲပြီး ထောင်ပေးလိုက် တာနဲ့ မြမြလတ်က ရစ်ဘီးကို အားရပါးရ ရစ်လိုက်ပါတယ်။ စွန်က ထောင်တော့ တက်သွားတယ်။ ဒါပေမယ့် စောင်းငန်းငန်းကြီး။ ဝင်းကိုသိုက် ကတော့ စွန်ဖြစ်ရတဲ့ဘဝမှာတောင် စောင်းငန်းငန်း ပေကပ်ကပ်နဲ့။

“လျှော့၊ လျှော့၊ အစ်မ လျှော့”

မြမြလတ်က ကြိုးအလျှော့မှာ ကြိုးက အိကနဲကျပြီး၊ စွန်က ဝဲလည် ဝဲလည်နဲ့ မဟာပထဝီမြေကြီးဆီ နယူတန်ရဲ့ သီအိုရီအတိုင်း ဆင်းလာပါတော့တယ်။ စွန်ဆိုတာ ပန်းသီးလိုတော့ ဒိုင်းကနဲ ကြွေကျတာမျိုး မဟုတ်ဘူးပေါ့။ နည်းနည်းလောက်တော့ မူကာ နွဲ့ကာနဲ့။

“အစ်မ ပြန်ရစ်၊ ပြန်ရစ်၊ လူပါ နောက်ဆုတ် နောက်ဆုတ်”

မြမြလတ်က ရစ်ဘီးကို ပြန်ရစ်ရင်း၊ လူပါ ကမန်းကတန်း နောက်ဆုတ်လိုက်တယ်။

“ဟိုး ..ဟိုး၊ မဆုတ်နဲ့တော့၊ နောက်မှာ ..ဟာ”



www.burmeseclassic.com

www.burmeseclassic.com



"အား"

ကောင်လေးအော်တာတောင် မဆုံးလိုက်ပါဘူး။ မြမြလတ်ကတော့ သူ့ကိုယ်သူ မြေမျိုသွားပြီလို့ ထင်လိုက်ပါတယ်။ ကောင်လေးက မကြည့်ရဲသလို မျက်နှာလွှဲထားလိုက်တယ်။ မြမြလတ်ကတော့ ခြေတစ်ချောင်းက ရေမြောင်းထဲမှာ။ ကျန် တစ်ချောင်းကတော့ မြောင်းဘောင်ပေါ်မှာ ကားယားကြီး ခွလို့။ တော်ပါသေးရဲ့။ မြေမျိုတာ မဟုတ်လို့။ လက်နှစ်ဘက်ကတော့၊ ရစ်ဘီးကို တင်းတင်းဆုတ်လျက်သား။ ဝတ်ထားတဲ့ ထမီစကတ်ကတော့၊ တစ်ခြမ်းကွဲကနေ၊ နှစ်ခြမ်းပြဲအဖြစ် ဒီဇိုင်းပြောင်းသွားလေရဲ့။ အဲ .. စွန်ကလေးကတော့ သရက်ပင်ကိုင်းနဲ့ ငြိပြီး၊ လေထဲတွဲလဲ တွဲလဲနဲ့ မြမြလတ်ကို ပြောင်ပြနေပါတယ်။ စွန်ကြိုးကတော့ ရစ်ဘီးနဲ့ စွန်အကြား တန်းလန်း တန်းလန်း။ ကောင်လေးက ပြေးလာပြီး ရေမြောင်းတစ်ခြမ်း အပိုင်စားရနေတဲ့ မြမြလတ်ကို ဆွဲတင်ရပါတယ်။

"အစ်မ၊ ရရဲ့လား။ ဟာ ... ရစ်ဘီးကြီး လွှတ်ဦးလေ။ ဘာဖြစ်သွားသေးလဲ"

မြောင်းဘောင်ပေါ်ရောက်လာတဲ့ ခြေထောက်က မြေကြီးပေါ်ထောက်မိတယ်ဆိုရင်ပဲ ...

"အား"

မြမြလတ်တစ်ယောက် မထောက်နိုင်ပဲ၊ ခွေကနဲ ကျသွားလေရဲ့။ ကောင်လေးသာ လှမ်းမဖွဲ့ထားလိုက်ရင်၊ ပုံလျက်သားပဲ။ ခြေထောက်ကို လှမ်းကြည့်လိုက်တော့၊ သွေးစို့နေတဲ့ ပွန်းရာ ပဲ့ရာတွေအပြင် ခြေသလုံးရိုးက ငေါငေါကြီး။

"ဟာ ...ကျိုးသွားပြီထင်တယ်"

ကောင်လေးက သွေးပျက်သွားပြီး မြမြလတ်ကိုလွှတ်ပြီး လစ်ပြေးမလို့ ပြင်ပါတယ်။ ဘယ်ရမလဲ၊ မြမြလတ်ကလည်း ကောင်လေးဘောင်းဘီ စကို တစ်ခါတည်း ဖမ်းဆွဲထားလိုက်တယ်။

"လွှတ် ...လွှတ်ပါ ... အစ်မရဲ့"





"မလွှတ်ဘူး"

"လွှတ်ပါ အစ်မရ။ အစ်မဘာသာ အစ်မချော်ကျတာလေ။"

"နင်ဆုတ်ဆိုလို့၊ ငါဆုတ်တာလေ"

"ဟိုး ..လို့ အော်ထားတာပဲ"

"နင် အော်တာက၊ ငါ မြောင်းထဲကျမှ အော်တာဟဲ့၊ ကောင်စုတ်လေးရဲ့"

"အစ်မက ရှေ့မကြည့်၊ နောက်မကြည့် ဆုတ်တာကို။ ကျွန်တော်သွေးတွေ မကြည့်ရဲဘူး။ မူးလာပြီ"

"အပိုတွေ လုပ်မနေနဲ့။ ငါ့ကို ဟိုသစ်ပင်အောက်က ဆွဲအိတ် ယူပေး။ အဲဒီထဲမှာ Hand Phone ပါတယ်"

"ဘာ ... ဘာလုပ်မလို့လဲဟင်"

"ဆေးရုံဖြစ်ဖြစ်၊ ဆေးခန်းဖြစ်ဖြစ် သွားရမှာပေါ့။ ဒါပဲနော်၊ နင်ထွက်ပြေးရင် နင် ငါ့ကို တွန်းချတယ်ဆိုပြီး ရဲစခန်းတိုင်မှာ။ အတိုင် မခံချင်ရင် ငါပြောတဲ့အတိုင်းလုပ်"

မြမြလတ်က ကောင်လေးကို ခြောက်ပြောပြောပြီး၊ ဘောင်းဘီစ လွှတ်ပေးလိုက်ပါတယ်။ ကောင်လေးကတော့ ရှုံ့ရင်း မဲ့ရင်း သစ်ပင်အောက်က ဆွဲအိတ်ကို သွားယူလိုက်ရပါတယ်။ စိတ်ထဲကတော့ မဂ္ဂဇင်းထဲက ဗေဒင်ဆရာကို အမှန့်ကြိတ်ချင်နေတော့တယ်။

*"အလကား ဗေဒင်ဆရာ။ ဒင်းပြောတဲ့အတိုင်း ယတြာခြေကာမှ ရဲစခန်းရောက်တော့မယ်"*

Hand Phone လက်ထဲရောက်လာတဲ့ မြမြလတ်ကတော့၊ ခလုတ်ကလေးတွေနှိပ်ရင်း အိမ်ဦးနတ်ကနေ အိမ်ဦးဘီလူးဖြစ်လာတော့မယ့် ဝင်းကိုသိုက်ရဲ့ မျက်နှာကို ပြေးမြင်မိတော့တယ်။ အင်း ဆူကာမှ ဆူရော၊ သူ့ဆီကိုပဲ ဖုန်းဆက်ရတော့မှာပဲ။ စွန်ကလေးကတော့ အခုချိန်ထိ သရက်ပင်ကိုင်းဖျားမှာ တွဲလဲ တွဲလဲ။



www.burmeseclassic.com

www.burmeseclassic.com



"တောက်၊ ဘယ်လို မိန်းမမျိုး ငါယူထားမိသလဲဆိုတာ မပြောတတ်တော့ဘူး။ မကြီးမငယ်နဲ့ စွန့်လွှတ်ရတယ်လို့။ မြမြလတ် …နင် စိတ်တော့မှန်ပါသေးတယ်နော်"

*"မှန်တယ်၊ မှန်တယ်၊ မှန်လွန်းအားကြီးလို့ ခက်နေတာ"*

ဒီစကားကိုတော့ မြမြလတ်က အသံတိတ်လေး ပြောလိုက်တာပါ။ အသံထွက်ပြီးတော့တော့ မပြောရဲဘူး။ တော်တော်ကြာ ဒေါသတွေ အလိပ်လိုက်၊ အလွှာလိုက်၊ အတုံးလိုက်၊ အတစ်လိုက်၊ အပြားလိုက်၊ အချပ်လိုက်၊ အတောင့်လိုက်၊ အချောင်းလိုက် ပုံစံမျိုးစုံနဲ့ ထွက်နေတဲ့ ဝင်းကိုသိုက်က အာကင်ဆောပြည်နယ်ဥပဒေကို ခဏာငှားပြီး ထရိုက်နေမှဖြင့် ဘာမှပြန်မလုပ်နိုင်ဘဲ ငုတ်တုတ်ခံနေရမှာ။

ဟုတ်တယ်လေ၊ မြမြလတ်ခမျာ ဗယ်ခြေထောက်ကို ခြေသလုံးတစ်ဝက်ကနေ၊ ပေါင် တစ်ဝက်လောက်အထိ ကျောက်ပတ်တီးကိုင်ထားရပြီး wheel chair ပေါ် ထိုင်နေရတာ။ မြောင်းထဲပြုတ်ကျပြီး ခြေကျိုးသွားလို့၊ မြမြလတ် ခမျာ ဆေးရုံရောက်သွားပြီး ဓါတ်မှန်တွေရိုက်၊ အရိုးကို ပြန်ဆက်၊ ကျောက်ပတ်တီးစည်း။ ဆေးရုံမှာ ၂ ပတ်နေပြီးမှ ကျောက်ပတ်တီးကို ပြန်ခွဲ၊ ဓါတ်မှန်ပြန်ရိုက်၊ အရိုးဆက်သွားတာ၊ နေသားတကျ သေချာပြီ ဆိုတော့မှ၊ နောက်တစ်ခါ ကျောက်ပတ်တီး ပြန်စည်းပြီး ဆေးရုံက ဆင်းခိုင်းလိုက်တာ။ တစ်လလောက် ဆက်စည်းထားရမယ်ဆိုလားပဲ။

အခုတော့ ခြေထောက်တစ်ဖက်က ထိုင်နေရင်း ဘန်းလန်း



www.burmeseclassic.com

www.burmeseclassic.com

ကြီး ထောင်ထားရတယ်။ အခုတော့ မြမြလတ် ဒီဇိုင်းက တစ်သက်မှာ တစ်ခါမှ မဝတ်ဘူးတဲ့ ကွာတားဘောင်းဘီကြီးဝတ်လို့။ ဟုတ်တယ်လေ။ ခြေထောက်က တန်းတန်းကြီးထောင်ထားရမှတော့ ထမီဝတ်ဖို့ အဆင်မှမပြေတော့တာ။

"နေစမ်းပါဦး၊ နင် အဲဒီလို စွန်လွှတ်နေတာ ကြာပြီလား"

မြမြလတ်က သူ့လင်ကို မဝံ့မရဲမော့ကြည့်လိုက်တယ်။ ဟိုက မျက်ထောင့်နီကြီးနဲ့ စိုက်ကြည့်နေတာတွေ့တော့ မျက်လွှာလေး ကမန်းကတန်းချပြီး မပွင့်တစ်ပွင့်လေးနဲ့ ...

"အဲဒီနေ့ကမှ ....."

"အဲဒီကောင်ကရော၊ ဘယ်ကလဲ"

"ပြောပြီးပြီလေ။ အဲဒီနေ့ကမှ စွန်မလွှတ်တတ်လို့၊ ကူညီရင်း သိသွားတာပါဆို"

"အပိုတွေ ပြောမနေနဲ့။ နင် အဲဒီကောင် စွန်လွှတ်နေတာတွေ့လို့ ဓာတ်လမ်းသွားဆင်တာ မဟုတ်လား"

"ဘာ ..ဘာ .. ဘာ"

မြမြလတ်က ဒေါသထွက်သွားတယ်။ ဘာကိစ္စ ဓာတ်လမ်း ဆင် ရမှာလဲ။ ဒီက သူမဟုတ်တာတွေလုပ်နေလို့ ယတြာသွားခြေတဲ့ ကိစ္စကို။ သူကပဲ တစ်ပြန်စီး။ ဒါပေမယ့် ယတြာသွားခြေတယ်ဆိုရင်လည်း ကိုယ်တော်ချောက ဖြူးဖြလုပ်နေဦးမယ်။ ပါးစပ်ပိတ်နေတာပဲကောင်း တယ်။

"ငါ အဲဒီနေ့ကတည်းက၊ နှစ်ယောက်စလုံး ဆွဲထိုးပစ်မလို့။ ဆေးရုံ မှာမို့လို့"

"ပြောပြီးပြီလေ။ အဲဒီကျမှ သိတာပါဆို။ မယုံလည်း မတတ် နိုင်ဘူး"

"အေး မယုံဘူး။ နင် ကျပ်ကျပ်သတိထား။ ငါ့လက်နဲ့တော့ တွေ့ ခါနီးပြီ"

အမယ် သူတို့ချည်းပဲ လက်ပါတာကျနေတာပဲ။ မိန်းမတွေ





ပါလိုက်လို့ကတော့ လက်တင်မကဘူး၊ ပါးစပ်ရော၊ ငရုတ်ကျည်ပွေ့ရော၊ သနပ်ခါးတုံးပါ ပိုပိုသာသာလေး အဆစ်ပေးလိုက်ဦးမယ်။ တစ်ဖက်ကနေ ပြန်တွေးကြည့်ရင်တော့၊ ဒါ ဝင်းကိုသိုက်က မြမြလတ်ကို သဝန်တို တာပေါ့။ ဒီအတွေးနဲ့တင် မြမြလတ်တစ်ယောက် ကျေနပ်ချင်ချင် ဖြစ်သွားတယ်။ ကျေနပ်လို့ မဆုံးခင်မှာပဲ ...

"တီ ...တီ ...တီ"

ဝင်းကိုသိုက်ရဲ့ Hand Phone သံပါ။ မြမြလတ်က ဘာပြော မလဲဆိုတာ နားကို အသားကုန်ဖွင့်ထားလိုက်တယ်။ ဒါပေမယ့် ဝင်းကိုသိုက်က ပေါ်လာတဲ့နံပတ်ကို တစ်ချက်ကြည့်ပြီး ဖုန်းမပြောဘဲ ပိတ်ထားလိုက်တယ်။ မြမြလတ်ခေါင်းထဲ question mark လေးတွေ တန်းစီသွားတယ်။

"ဒါ ဘာကြောင့် မပြောတာလဲ။ သေချာပါပြီ .ဟင်း .တောက်"

ဝင်းကိုသိုက်ကတော့ နောက်တစ်ခေါက်ဖုန်းသံမမြည်ခင် အမြန်လစ်မယ်လို့ စဉ်းစားပြီး

"အေး ငါအလုပ်ကိစ္စရှိလို့ သွားလိုက်ဦးမယ်။ ကိစ္စရှိရင်၊ နင့်အမေ တို့ဆီ ဖုန်းဆက်ခေါ်လိုက်။ နင့်အမေ အိမ်ခဏပြန်နေပါဆိုတော့လည်း မနေဘူး။ ရှုပ်ကိုရှုပ်တယ်။"

*"နင့်ကို စိတ်မချလို့ မနေတာပေါ့ဟဲ့၊ ကောင်စုတ်ရဲ့"*

မြမြလတ်က စိတ်ထဲကနေ ကြိတ်ပြီး ရန်တွေ့လိုက်တယ်။ ခေါင်းထဲမှာတော့ ဘာဆက်လုပ်ရင်ကောင်းမလဲဆိုတာ တွေးနေမိတယ်။ ဟာ ...ဟုတ်ပြီ။ မြမြလတ်က မိန်းမတွေပဲ ရှယ်တတ်ကျွမ်းတဲ့ မာယာ တွေထဲက တစ်ခုနှစ်ခုလောက်ထုတ်ပြီး သုံးလိုက်ပါတယ်။

"အား ..ကျွတ် ...ကျွတ် ...အို"

အပြင်ထွက်မလို့ဖြစ်နေတဲ့ ဝင်းကိုသိုက် စိတ်တိုတိုနဲ့ မြမြလတ်ကို ပြန်လှည့်ကြည့်တယ်။

"ကျွတ်၊ ဘာဖြစ်ပြန်ပြီလဲ"


www.burmeseclassic.com

www.burmeseclassic.com



အသံက စိတ်မရှည်တဲ့အသံ။

"ဟို .. အိမ်သာတက်ချင်လာလို့။ ဆေးရုံမှာ နှစ်ပတ်လုံးလုံး အိမ်သာမတက်ခဲ့ရဘူး။ အား .. အခု အရမ်းဗိုက်နာလာလို့ မရတော့ဘူးထင်တယ်။ ကိုသိုက်ရေ၊ ငါ့ကို အိမ်သာပို့ပေးပါဦး၊ အား ကျွတ် ကျွတ်"

တောက်၊ ဒီမိန်းမကတော့ နားရင်းသာ ဘယ်ညာနာနာ အုပ်ချင်တော့တာပဲ။ ချိန်းထားတာ နောက်ကျနေပါပြီဆိုမှ။ သူ့အမေအိမ် သွားနေပါဆိုတော့လည်း သွားမနေ။ အခုတော့ သူ့ချေးသေးကိစ္စပါ ကိုယ်က လုပ်ပေးရမယ့်ကိန်း။ ဝင်းကိုသိုက်က Hand Phone ကို နီးရာ စားပွဲပေါ်ပစ်တင်ပြီး ဆောင့်ကြီး အောင့်ကြီးနဲ့ wheel chair ကို တွန်းပြီး မြမြလတ်ကို အိမ်သာရှေ့ လိုက်ပို့ရပါတော့တယ်။

"ဟဲ့၊ ငါ့ကို အထဲပို့ပေးဦးလေ"

"ငါလေ ... တောက်"

ဝင်းကိုသိုက်ကလည်း မနေသာတော့ဘဲ၊ မြမြလတ် ပခုံးကို တွဲပြီး အိမ်သာအိုးဆီ အရောက်ပို့ပေးရတော့တယ်။ ခြေတစ်ပေါင်ကျိုးမ မြမြလတ်က ဝင်းကိုသိုက်ကို တစ်ကိုယ်လုံး ပစ်မှီလိုက်ရင်း .....

"ဟဲ့ ဖြည်းဖြည်း၊ အရမ်းလုပ်ရင် လမ်းတင်ထွက်ကုန်လိမ့်မယ်"

ဝင်းကိုသိုက်မှာတော့ ရွှေးပါပြန်လာတယ်။

"အီး ...လေးလိုက်တဲ့ ဟာမ"

ဒါတောင် အိမ်သာက ဘိုထိုင်ကြွေအိုးပေမို့။ နို့မဟုတ်ရင် ကလေးတွေလို ချိုင်းကကိုင်ပြီး တအင်းအင်းနဲ့ လိုက်ညှစ်ပေးရဦးမလား မပြောတတ်ဘူး။ ယောက်ျားထုကြီးတစ်ရပ်လုံးကို ဒီနေရာကနေ သတိပေး ကြေငြာချက်တစ်ရပ် ထုတ်လိုက်ချင်တယ်။ အဲဒါကတော့ ကိုယ်ယူတဲ့ မိန်းမကို ခြေထောက်မကျိုးအောင် ဂရုစိုက်ကြပါလို့။ နို့မဟုတ်ရင် ဝင်းကိုသိုက်လို ပြဿနာမျိုးတွေ ကြုံတွေ့သွားရ နိုင်ပါတယ်။

"ဟဲ့၊ မသွားနဲ့ဦးနော်"

အိမ်သာထဲက မချောရဲ့အသံ ထွက်လာတယ်။

မျက်ပွင့်စာပေ



"အေးပါ မသွားပါဘူး။ နင်သာ မြန်မြန်လုပ်ပါ"

"နှစ်ပတ်စာဆိုတော့၊ နည်းနည်းတော့ကြာမှာပေါ့လို့"

ဝင်းကိုသိုက်က အိမ်သာတံခါးကို လက်သီးနဲ့ရွယ်ရင်း စိတ်ထဲက ကြိတ်ပွားနေမိတယ်။

"ထော့ကျိုးမ၊ အရစ်ရှည်မ၊ လေသလပ်မ၊ ခင်း ဗိုက်ထဲ နှစ်ပတ်စာကို ဘယ်လိုများ သိုလှောင်ထားလည်းမသိဘူး။ အခုနေ သေသွားရင် အတော်ပုပ်မယ့်ဟာမ"

ဝင်းကိုသိုက်က အပြင်မှာ အဘိဓမ္မာပွားနေတုံး မြမြလတ် ကတော့ အထဲမှာ စိမ်ပြေ နပြေ ထိုင်ရင်း စိတ်ကူးနဲ့ ဖဲထိုင်ရိုက်နေတယ်။

"အင်း၊ မနက်ဖြန်ကျရင် ရေမချိုးရတာ နှစ်ပတ်ရှိပြီဆိုပြီး ရေပတ် တိုက်ခိုင်းရမယ်။ ဟင်း ဟင်း ဒါတွေကြုံမြင်လို့ ဗေဒင်ဆရာက ယတြာ ခြေခိုင်းတာထင်ပါရဲ့ ...ခစ် ..ခစ်"

အပြင်က ဝင်းကိုသိုက်ကတော့ စိတ်မရှည်နိုင်၊ နာရီတကြည့် ကြည့်နဲ့။

"ဟဲ့၊ မပြီးသေးဘူးလား"

"ပြီးတော့မယ်၊ တစ်ရက်စာလောက်ကျန်သေးလို့"

"တော်တော့၊ ငါ အရမ်းနောက်ကျနေပြီ"

"ကိုသိုက်ကလည်းဟာ၊ အိမ်သာတက်တာတောင် လိုက်ပြီး ကန့်သတ်နေသေးတယ်"

မြမြလတ်က ရေပန်းပိုက်လေးကို တစ်ဈိုင်းဈိုင်းဖိလိုက်ပြီး၊ ရေခလုတ်ကို ဆွဲချလိုက်ရင်း

"ဝင်လာတော့၊ ရပြီ"

ဝင်းကိုသိုက်ခမျာ နှာခေါင်းလေးရှုံ့ ရှုံ့ပွနဲ့ မြမြလတ်ကို ဝင်တွဲပြီး wheel chair ပေါ်တင်ပေးလိုက်ရတယ်။ ဧည့်ခန်းဆီ တွန်းထုတ်လာရင်း

"ရပြီမလား၊ ငါသွားပြီ"

မျက်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ဝင်းကိုသိုက်က မြမြလတ်အဖြေစကားကို မစောင့်တော့ဘဲ တစ်ခါတည်းထွက်သွားတယ်။

"ဟင်း၊ တော်တော်လေး အရေးကြီးနေတယ်ထင်ပါ့။ တွေ့မယ်၊ တွေ့မယ်၊ နောက်တွေ့ဦးမယ်"

မြမြလတ်က သူ့လင်နောက်ကျောကို မျက်စောင်းလှမ်းထိုးရင်း ဆက်တီနောက်မှာချထားတဲ့ ချိုင်းထောက်ကို လှမ်းကြည့်ပြီး ပြုံးပြလိုက် ပါတယ်။ မြမြလတ်က ဆေးရုံမှာ တစ်ပတ်လောက် ချိုင်းထောက် နဲ့ လမ်းလျှောက်တာ ကျင့်ပြီးသားလေ။ မြမြလတ်က ကလေးတွေ လို wheel chair ကို ပတ်ချာလည်လှည့်စီးရင်း စားပွဲပေါ်မှာ ကျန်ခဲ့တဲ့ ဝင်းကိုသိုက်ရဲ့ Hand Pone ကို သွားတွေ့ပါတယ်။ လောလော လောလော နဲ့ မေ့သွား တယ်ထင်ပါ့။

မြမြလတ်က စောစောက ဝင်းကိုလတ် ဖုန်းမကိုင်ဘဲ ပိတ်ထားလိုက်တာ သတိရသွားတယ်။ ဘယ်သူဆက်တာမို့လို့ မကိုင်ရတာလဲ။ မြမြလတ်က Hand Phone ကိုယူပြီး Call list ထဲကနေ၊ နောက်ဆုံးဆက်ထားတဲ့ ဖုန်းနံပတ်ကို ရှာကြည့်ပြီး ဖုန်းနံပါတ်ကို ပြန်ခေါ်လိုက်တယ်။ အတော်လေး လိုင်းမအားဖြစ်နေပြီးမှ တစ်ဖက်က ပြန်ထူးလာပါတယ်။

"ဟဲလို"

ထူးတာက မိန်းကလေးခပ်ယယ်ယယ်အသံပါ။ မြမြလတ်က ခေါင်းမွေးထောင်သွားတယ်။ ဒါပေမယ့် အသံကို အချိုဆုံးလေးထားပြီး

"အော်၊ ခုနက ဖုန်းခေါ်တာ မကိုင်ဖြစ်လိုက်လို့ ပြန်ခေါ်ကြည့်တာပါ။ ဘယ်သူလဲ မသိဘူး။ နံပတ်က မသိတဲ့ နံပတ်ဖြစ်နေလို့ပါ။"

ဟိုဘက်က ခဏလောက် အသံတိတ်သွားတယ်။ ပြီးမှ

"ကျွန်မတို့က PCO ကပါရှင်"

ပြောပြီးတာနဲ့ ဖုန်းပြန်ချသွားတယ်။ မြမြလတ်ကတော့ စဉ်းစားစရာဖြစ်လာတယ်။ တကယ်ပဲ PCO လား။ မြမြလတ်အသံ ကြားလိုက်လို့





PCO ကပါဆိုပြီး ရောချတာလားမသိဘူး။ နံပါတ်ကတော့ Hand Phone နံပတ်မဟုတ်တာသေချာတယ်။ မြမြလတ်က ပိုပြီးသေချာအောင် ဖုန်းပြန်ခေါ်လိုက်တယ်။

"ဟဲလို .. PCO ကဆိုတော့ ဘယ်နားက PCO လည်း မသိဘူး"

ဒီတစ်ခါတော့ တစ်ဖက်က ချက်ချင်းဆိုသလိုပဲ .....

"ရေဝေး သချိုင်း PCO ကပါရှင်။ ကဲ ကျေနပ်ပလား"

တစ်ဖက်က ခွပ်ကနဲနေအောင် ဖုန်းဆောင့်ချသွားတယ်။ မြမြလတ်ကတော့ ဖုန်းကိုင်လျက်သား ဒေါပွကျန်ခဲ့တယ်။

"နေနှင့်ဦးပေါ့ ၊ PCO မရယ်"



www.burmeseclassic.com

www.burmeseclassic.com



"လာ .. ဟော့ကောင် နောက်ကျလိုက်တာကွာ"

စားသောက်ဆိုင်သီးသန့်ခန်းထဲဝင်လိုက်တာနဲ့ ဘီယာခွက်ကိုင် မော့တော့မလို့ပြင်နေတဲ့ မိုးသူက လှမ်းပြောလိုက်တာပါ။

"အေးကွာ ကိစ္စတာစ်ခု မပြတ်သေးတာနဲ့ ....."

ဝင်းကိုသိုက်က ပြန်ဖြေရင်း ဝိုင်းထဲဝင်ထိုင်လိုက်တယ်။ သူ့ရှေ့ တည့်တည့်က ဗေဒင်ဆရာ အောင်မျိုးလွင်ကိုကြည့်ရင်း ...

"ခင်ဗျားကရော ဘယ်ကနေ တိုင်ကယ်ရိုက်မိတာလဲ"

"အေး၊ ကျော်ဇေယျနဲ့တွေ့လို့၊ ဆုံရအောင်ဆိုပြီး ငါကပဲ စချိန်းလိုက်တာ"

"အော် ဒီလိုလား၊ ခင်ဗျားကြီးတောင် မိုက်အတော်ထွက်လာပြီ။ အခုထိ မိန်းမ ကြောက်ရတုံးပဲလား"

ဝင်းကိုသိုက်က ပြန်ပြောရင်း ဖန်ခွက်အလွတ်တစ်ခုထဲ ဘီယာ တွေလောင်းချတယ်။ ဝင်းကိုသိုက် တစ်ယောက် ကျော်ဇေယျတို့၊ မိုးသူတို့၊ ကိုအောင်မျိုးလွင်တို့နဲ့ မဆုံဖြစ်တာ အတော်ကြာနေပြီ။ ကိုယ့်အလုပ်နဲ့ ကိုယ် ဖြစ်နေကြပြီဆိုတော့၊ တစ်ခါတစ်လေ သာရေး နာရေးမှာ ဆုံဖြစ် တာကလွဲလို့၊ အဆက်ပြတ်သလိုဖြစ်နေကြတာ။

"ငါးနှစ်တောင်ရှိသွားပြီနော်"

အဆုံးမရှိ၊ အစမရှိ ကောက်ပြောလိုက်ပေမယ့်၊ ကျော်ဇေယျရဲ့ စကားကို အားလုံးကနားလည်လိုက်ကြတယ်။ ဝင်းကိုသိုက်က ဘီယာခွက်ကိုင်ထားရင်း တန့်ကနဲဖြစ်သွားတယ်။ ကျော်ဇေယျကို လှမ်းကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"မင်း ...မြမြလတ် နဲ့ တွေ့သေးလို့လား"

ကျော်ဇေယျက ခေါင်းခါလိုက်တယ်။ မိုးသူက တူကို

ပြန်ချရင်း

"မြမြလတ်က ငါတို့နှစ်ယောက်ဆီကို ဖုန်းဆက်တယ်ကွ၊ စန္ဒီမိုး နဲ့ မင်းနဲ့ အဆက်အဆံ ရှိ မရှိ စောင့်ကြည့်ပေးဖို့။ ထိန်ချန်မထားဖို့ပေါ့ကွာ"

"ဟာ ...ဒီမိန်းမကလေတော့ကွာ"

ဝင်းကိုသိုက်က စိတ်ပျက်လက်ပျက်နဲ့ ခုံမှာ မှီချ လိုက် တယ်။

"မြမြလတ်ရော .. စန္ဒီမိုးရော၊ ငါ့ဆီရောက်လာသေးတယ်ကွ"

ဒီတစ်ခါပြောလိုက်တာ ဗေဒင်ဆရာ အောင်မျိုးလွင်။

"ဟာ ...ဟုတ်လား။ သတ်သတ်စီ လာတာလား"

"ဘာတွေ ပြောသွားသေးလဲ"

အားလုံးက စိတ်ဝင်တစားမေးလိုက်တယ်။ ဒါ သူတို့ သုံးယောက် မသိသေးတဲ့ သင်ခန်းစာသစ်ပဲ။ လျှော့တွက်လို့ တော့မရဘူး ကြည့်ရတာ စန္ဒီမိုးရော၊ မြမြလတ်ပါ လှုပ်ရှားမှု စနေပြီဆိုတဲ့ အနေအထားပဲ။ အောင်မျိုးလွင်က သူ့ဆံပင်ရှည်ကြီးကို လက်နဲ့ သပ်လိုက်ရင်း ...

"အင်း၊ နှစ်ယောက်စလုံးက၊ ဒီ ငါးနှစ်ဆိုတာကြီးကို သတိတ ဖြစ်နေတုံးပဲကွ"

ဝင်းကိုသိုက် ခေါင်းထဲ မီးရှူး မီးပန်းတွေလက်သွားတယ် သူ့ အနေနဲ့ စန္ဒီမိုးအပေါ် သဘောထားက မပြတ်မသား။ ပြောရမယ်ဆိုရင် သူ့ ဇယားတွေထဲ စန္ဒီမိုး မပါစေချင်တာ အမှန်ပဲ။ စည်းစောင့်တာမျိုး မဟုတ်ပေမယ့် စည်းမဖောက်ချင်တာကတော့ ဝင်းကိုသိုက်ရဲ့ အမှန်ဆန္ဒ ပြီးတော့ မြမြလတ်နဲ့ စန္ဒီမိုးကို ထိပ်တိုက်မတွေ့စေချင်ဘူးလေ နောက်တစ်ခုက ဝင်းကိုသိုက် အလုပ်လုပ်နေတာ မြမြလတ်ရဲ့ အဖေ ကုမ္ပဏီမှာလေ။ အဲဒါက လုံးဝရှောင်ပဲ။ အောင်မျိုးလွင်က ဝင်းကိုသိုက်ရဲ့





အမူအယာကို အကဲခတ်လိုက်ရင်းက ...

"မြမြလတ်က အခြေအနေကို အရမ်းသတိထားပြီး စောင့်ကြည့် နေပုံပဲ။ ဘောလုံးစကားနဲ့ ပြောရရင်၊ အောက်တန်းမဆင်းရအောင် ရေကုန်ရေခန်း ကန်မယ့်သဘောပဲ။ သူ့အနေနဲ့ သရေကျရင်တောင် အောက်တန်းဆင်းရမှာလေ။ အဲဒီတော့၊ မနိုင်နိုင်အောင် ကန်လိမ့်မယ်။ အထူးသဖြင့် သူ့ပြိုင်ဖက်ဟောင်း စန္ဒီမိုးကိုပေါ့"

အင်း သူပြောမှပဲ စန္ဒီမိုး နဲ့ မြမြလတ်လည်း ဘောင်းဘီတို ဝတ်ပြီး ဘောလုံးဆင်းကန်ရမယ့်ကိန်း ဆိုက်တော့တယ်။ ဝင်းကိုသိုက်က ဘောလုံး ကလပ်အသင်းပိုင်ရှင်လေသံနဲ့ အောင်မျိုးလွင်ကို မေးလိုက် ပါတယ်။

"မြမြလတ်က ဘာတွေဆက်လုပ်မယ်လို့ ပြောသွားလဲ။ ဒါမှ မဟုတ် ခင်ဗျားကရော ဘာတွေလုပ်ဖို့ ညွှန်ကြားလိုက်လဲ"

"မြမြလတ်ကတော့ ဘာဆက်လုပ်မယ်လို့ ပြောမသွားပါဘူး။ ငါကတော့ ကလေးထပ်ယူဖို့နဲ့ စွန်လွှတ်ဖို့ ယတြာပေးလိုက်တယ်။ ဟာ ဟောကောင် မင်းကိုငါအခုပြောနေတာ မင်းတို့အိမ်ထောင်ရေး မပြိုကွဲစေ ချင်လို့၊ မဖြစ်သင့်တာတွေ မဖြစ်ဖို့ ပြောနေတာနော်။ မင်းကို ငါက အောက်ဖဲ တွေလှန်ပြနေတာ မဟုတ်ဘူး"

ဝင်းကိုသိုက်က ပင်လယ်ဓားပြကားထဲက ကပ္ပတိန် ဂျက်စ ပဲရိုးလို ပြုံးလိုက်ပြီး ...

"ဟင်း .. ဟင်း .. ဟင်း။ ခင်ဗျားယတြာ အပေးကောင်းလို့ မြမြလတ်က ခြေသလုံးရိုးကျိုးပြီး ဆေးရုံ နှစ်ပတ်တက်လိုက်ရပါရောလား။ အခုထိ ကျောက်ပတ်တီးတန်းလန်းနဲ့ အိမ်မှာရှိလေရဲ့"

"ဟေ၊ ဘယ်လိုဖြစ်လို့လဲ"

"ဘယ်လိုဖြစ်ရမှာလဲ၊ ခင်ဗျားယတြာအတိုင်း၊ စွန်မလွှတ်တတ်ပဲ နဲ့လွှတ်တာ မြောင်းထဲပြုတ်ကျပြီး ခြေကျိုးသွားတာပဲ"

ယတြာအပေးကောင်းတဲ့ အောင်မျိုးလွင်လည်း ဇက်ကလေး



www.burmeseclassic.com

www.burmeseclassic.com



ပုသွားတယ်။ အင်း၊ ပွဲကျပ်ပါတယ်ဆိုမှ အခိက ကစားသမားက ဒဏ်ရာရနေသေးတယ်။ သူ့တွက်ကိန်းထဲမှာ ခြေထောက်ကျိုးမယ့်ကိန်း မမြင်လိုက်မိဘူး။ တော်ပြီ။ နောက်လူတွေကို စွန့်လွှတ်ခိုင်းတဲ့ ယတြာ မပေးမှဖြစ်မယ်။ တော်ကြာ ကိုယ့်ကို ဆေးဖိုးလာတောင်းနေမှဖြင့်။ အင်း၊ ခြေထောက်ကျိုးနေမှတော့ ကလေးယူဖို့လည်း ဘယ်ဖြစ်နိုင်တော့မှာလဲ။ အင်း၊ ဒီအတိုင်းဆိုရင် မြမြလတ်တစ်ယောက် ဖလားတစ်လုံးတောင် ချိတ်နိုင်ပါတော့မလား မပြောတတ်ဘူး ...။

"ဒါနဲ့ စန္ဒီမိုးရဲ့အခြေအနေကရော .."

ဝင်းကိုသိုက်ရဲ့ အမေးကို အောင်မျိုးလွင်က မဖြေဘဲ တစ်ဖက်လှည့်သွားပြီး

"မပြောဘူး ...ဟေ့ကောင်၊ ဗေဒင်ဆရာဆိုတာ ကိုယ့်သိက္ခာကိုယ်ထိန်းရတယ်၊ မြမြလတ်က မင်းမိန်းမမို့ ပြောပြတာ"

"မပြောလည်းနေပေါ့ဗျာ"

"ဒါနဲ့ မင်းနဲ့ စန္ဒီမိုးရဲ့ အခြေအနေကရော ဇာတ်လမ်းတွေ ပြန်စနေပြီလား"

ဒီတစ်ခါမေးလိုက်တာက မိုးသူ။ ဝင်းကိုသိုက် ချက်ချင်းပဲ..

"ဘာ အခြေအနေမှ မရှိဘူး"

ဝင်းကိုသိုက်က ဘူးကွယ်လိုက်တယ်။ ဟုတ်တယ်လေ။ အခြေအနေက မြေစမ်း ခရမ်းပျိုးတုံးပဲဟာ။ ကျော်ဇေယျက မယုံသလိုနဲ့ -

"ဟေ့ကောင်၊ မင်း ငါတို့ကို လာဘတ်မနေနဲ့၊ မင်းနဲ့ စန္ဒီမိုး အဆက်အသွယ်ရှိတယ် မဟုတ်လား"

"မင်းတို့ကောင်တွေက နှစ်ဖက်လှတွေကွ။ မပြောပြဘူး။ သတ်ချင် သတ်ပစ်လိုက်"

ဝင်းကိုသိုက်က သူလည်ပင်းသူ၊ လက်နဲ့ တိကနဲလုပ်ပြလိုက်တယ်။ အင်း ... ဒါလောက်ဆိုရင် ကျော်ဇေယျရော၊ မိုးသူရော နှစ်ယောက်စလုံး သဘောပေါက် သွားပါပြီ။ မိုးသူက ကျော်ဇေယျကို





သက်တို့လိုက်ရင်း ...

"ဝင်းကိုသိုက် ကလည်းကွာ။ ယောကျ်ားလေးဆိုတာ၊ ယောကျ်ားလေးအချင်းချင်းပဲ သစ္စာရှိတာကွ။ မင်းကိစ္စ ငါတို့ လျှောက်မဖွပါဘူး။ ဒီကိစ္စက စန္ဒီမိုးရော၊ မြမြလတ်ပါ သူငယ်ချင်းဖြစ်နေလို့ မင်း နှစ်ပင်လိမ်တဲ့ ကိစ္စ အားမပေးပေမယ့်၊ အားတော့ အကျသား"

မိုးသူက ပင့်ပေးလိုက်တယ်။ ကျော်ဇေယျက ဆက်ထောင်ပြန်တယ်။

"စန္ဒီမိုးကလည်း ကောင်းတုံးပဲကွ၊ နော် - ဟဲ ဟဲ"

"ကောင်းရင် မင်းကြိုက်လိုက်ပါလားကွာ"

ဝင်းကိုသိုက်က ဘုပြန်မှုတ်တယ်။ ကျော်ဇေယျက ...

"အော်၊ သူဘယ်လောက်ပဲကောင်းကောင်း၊ ကျောင်းတုံးက မင်းနဲ့ ဇာတ်လမ်းဖြစ်ပြီးကတည်းက ငါတို့က ကုသိုလ်ဖြစ်ဘေးမဲ့ လွှတ်ထားတာ။ ဒါကြီးကို ခုမှ ခိုင်းစားလို့ မဖြစ်တော့ဘူးလေ။ မင်းမျက်နှာကြီးက ရှိနေသေးတာကို"

"အဲဒီတုံးက ဘေးမဲ့မလွှတ်ပဲ၊ ပုံသကူ ပစ်ရမှာကွ"

အောင်မျိုးလွင်က အခွင့်အရေးရတုံး ဝင်နှောင့်လိုက်ပါတယ်။ မိုးသူက ပြန်ကစ်လိုက်တယ်။

"ခင်ဗျားဟာကြီးကိုပဲ ပုံသကူပစ်လိုက်ဗျို့။ နေပါဦး ဝင်းကိုသိုက်ရ၊ မင်းတကယ်ပဲ စန္ဒီမိုးနဲ့ အဆက်အသွယ်မရှိဘူးလား။ မရှိဘူးဆိုရင်လည်း ရှင်းရှင်းလင်းလင်း ကြေငြာလိုက်လေကွာ"

ဝင်းကိုသိုက်က စပ်ဖြီးဖြီးဖြစ်လာတယ်။ ယောကျ်ားလေးဆိုတာ၊ ဟုတ်တာ မဟုတ်တာ အပထား။ အဲဒီဘက်မှာတော့ ကြွဖန်ပြီး ဂုဏ်ယူ တတ်တဲ့ လူတွေချည်းပဲ။ သောက်ထားတဲ့ ဘီယာလေးကလည်း မြှောက်ထိုး ပင့်ကော် လုပ်နေလေတော့ .....

"မင်းတို့ မြမြလတ်ကို ပြန်မပြောရဘူးနော်"

"အေးပါကွ၊ ငါတို့က ဖျက်စရာရှိရင်၊ မင်းကိုပဲဖျက်မှာပါ" ဟိုတို့



www.burmeseclassic.com

www.burmeseclassic.com



ဒီထောင် မလုပ်ပါဘူး”

မိုးသူက ခပ်မြန်မြန် ကတိပေးလိုက်တယ်။ ဝင်းကိုသိုက် အောင်မျိုးလွင်ဘက်လှည့်ပြီး

“ဟေ့လူကြီး၊ ခင်ဗျားလည်း မြမြလတ်ကို ပြန်မပြောရဘူးနော်။ ပြန်ပြောရင်တော့၊ ခင်ဗျားမိန်းမ၊ မနွယ်နွယ်တင်ဆီ ငယ်ကျိုးငယ်နာတွေ အကုန်ဖော်ပစ်မှာ၊ ဘာအောင့်မေ့လဲ။ ဆရာအခေါင်းဦးတာနဲ့ တစ်လုံးပိုမမူးချင်နဲ့”

“အေးပါကွာ၊ အေးပါ”

အောင်မျိုးလွင်က ခပ်သွက်သွက်ကတိပေးလိုက်ပါတယ်။ ဘီယာဝိုင်းမှာ ပေးတဲ့ကတိ ဘီယာဝိုင်းတင် ပျောက်မဲ့ဥစ္စာ။

“ဒီလိုကွ”

ဝင်းကိုသိုက်ရဲ့စကားအစမှာ ခေါင်းသုံးလုံးက ရှေ့တိုးလာကြတယ်။

“ငါ ....စန္ဒီမိုးနဲ့ ပြန်တွေ့နေပြီ”

“ဟာ ... ဟုတ်လား”

“ကြာပြီလား”

“ကြာတော့ မကြာသေးဘူး။ မင်းတို့ပြောသလို စန္ဒီမိုးနဲ့ မြမြလတ်ကသူငယ်ချင်းဟောင်းဆိုတော့၊ ငါ့ဖက်က ခွင်ရှောင်ပါတယ်။ ဒါပေမယ့် အဲဒီလိုရှောင်တဲ့ကြားက တွေ့တွေ့နေတာကွ”

“ဒါဆို၊ စန္ဒီမိုးက တမင် မဆုံဆုံအောင် လုပ်နေတာမျိုးလား”

“ဒါလည်း၊ မဟုတ်လောက်ဘူးကွ။ သွားရင်း လာရင်းတွေ့တာမျိုးပဲကွ။ ငါ ဒီလမ်းကို လာမယ်ဆိုပြီး ကြိုတင်မသိနိုင်တဲ့ နေရာမျိုးမှာပဲ ဆုံမိကြတာ။ နှစ်ယောက်စလုံး တမင်ကြိုးစားတာမျိုး မဟုတ်ဘူးကွာ။ ကံတရားက ဆုံဖြစ်အောင် ဖန်တီးပေးနေတာမျိုး”

ဝင်းကိုသိုက်က ကံတရားဆိုတာကြီးကို တရားခံ ရှာလိုက်ပါတယ်။





“မင်းတို့ နှစ်ယောက်တွေ့တော့ရော၊ ရိုးသားမှု ရှိကြရဲ့လား”

“မညာကြေး ဟေ့ကောင်”

မိုးသူနဲ့ ကျော်ဇေယျအမေးကို ဝင်းကိုသိုက်က သက်ပြင်းချလိုက် ရင်း ..

“မညာကြေးပြောရရင် .. တစ်မျိုးပဲကွာ။ အရေးထဲ၊ ဒီလူကြီး ဗေဒင်ဟောထားတဲ့ ငါးနှစ်ဆိုတာကြီးက ခေါင်းထဲ ရောက်ရောက်လာတော့ လူကို ဆွပေးသလိုဖြစ်နေတယ်။ အခုအချိန်အထိတော့၊ မစားကောင်းတဲ့အသီးဆိုတဲ့အတွေး ရှိနေတုံးပဲ”

“မင်းအနေအထားက ဘယ်အသီးမှကို စားလို့မရတော့တာ။ အိမ်ထောင်သည်ဖြစ်ပြီး၊ ဟိုအသီးမြင်စားချင်၊ ဒီအသီးမြင် စားချင်နဲ့ အဲဒီအတိုင်းဆို၊ မင်း မျောက်သစ်ကိုင်းကျိုးဖြစ်မယ်”

“မျောက်သစ်ကိုင်းလွှတ်ပါဗျ”

“ဒီကောင်က သစ်ကိုင်းပါ ကျိုးကျမှာ”

အောင်မျိုးလွင်ကဝင်ပြီးခွပ်တယ်။ ဝင်းကိုသိုက်က ဘုရိုက်ရိုက်ပြီး

“ဒီစကား၊ အခြားလူ ပြောရင်လက်ခံတယ်။ ခင်ဗျားပြောရင် လက်မခံဘူး။ ဒါတွေက၊ ခင်ဗျားဟောခဲ့တဲ့ ဗေဒင်ကြောင့်ဖြစ်တာ”

“ဘာဆိုင်လဲကွ၊ ဗေဒင်အရ မြင်တာကို ဟောတာပဲ။ ဟေ့ကောင် သူကို ခေါင်းတက်ရိုက်သွားလို့ရတယ်။ ပညာတော့ မစော်ကားနဲ့”

“ဟေ့လူ၊ ကိုအောင်မျိုးလွင်၊ ငါးနှစ်လုံးလုံး တစ်မြို့တည်း၊ လောင်ကျွတ်တွဒ် လတ္တာတွဒ် တစ်ခုတည်းအောက်မှာနေပြီး တစ်ခါမှ မဆုံမိကြဘဲ အခုမှ ခဏ ခဏ လာဆုံနေရတာ ဘာသဘော သဲဗျာ။ ခင်ဗျားက လူတွေရဲ့ ကံကြမ္မာကို ဖတ်တတ်နေတော့ ကျွန်တော်က မေးကြည့်တာပါ၊ ကံကြမ္မာဆိုတာကြီးက ဒီလိုပဲ၊ လူတွေကို ချောက်တွန်း တတ်သလား။ ကျွန်တော့်ဆီမှာ စန္ဒီမိုးဖုန်းနံပတ်ရှိတယ်။ မဆက်ဘူးဗျာ။ မချိန်ဘူးဗျာ။ သူ့ဆီမှာလည်း ကျွန်တော့် ဖုန်းနံပတ်ရှိတယ်။ သူ့ဘက်က



www.burmeseclassic.com

www.burmeseclassic.com



လည်း မဆက်ဘူးဗျာ၊ မချိန်းဘူးဗျာ။ သွားရင်း လာရင်း ဆုံမိကြတော့ ကျွန်တော်တို့က ရှောင်နေရမှာလားဗျာ။ ပြောစမ်းပါဦး ဗေဒင်ဆရာကြီးရဲ့။ ကျွန်တော်တော့ မရှောင်နိုင်ဘူးဗျာ'

ဝင်းကိုသိုက်က ဒေါနဲ့ မောနဲ့ပြောရင်း၊ သူ့ရှေ့မှာ ချထားတဲ့ ဘီယာခွက်ကို တစ်ရှိန်ထိုး မော့ချလိုက်ပါတယ်။ အောင်မျိုးလွင်၊ မိုးသူနဲ့၊ ကျော်ဇေယျတို့က အချင်းချင်းကြည့်လိုက်ကြတယ်။ အင်း ကြည့်ရတာ ဝင်းကိုသိုက်ကတော့ ဗေဒင်ကို အကာအကွယ်ယူပြီး ဖြစ်ချင်တာဖြစ် ဆိုတဲ့သဘောပဲ။ ဗေဒင်ဆရာလည်း အခုမှပဲ ဟောမိတာ နောင်တပြန်ရ နေတယ်။ ကျော်ဇေယျက မျက်ရိပ်ပြလိုက်ပြီး၊ စကားလမ်းကြောင်း လွှဲဖို့ ပြင်လိုက်တယ်။

"ဒါနဲ့၊ ဝင်းကိုသိုက် မင်းမှာ အခြားဖာတ်လမ်းကွဲရော ရှိသေး တယ်မဟုတ်လား"

ဝင်းကိုသိုက်က ခဏလောက်ငြိမ်နေပြီးမှ .....

"ခေါင်းစဉ်တပ်မရတာတွေ၊ ချစ်ကြည်ရေးပွဲတွေတော့ ရှိတာပေါ့ ကွာ။ ယောကျ်ားလေးပဲ။ မင်းတို့လည်း ဒါတွေရှိကာပဲ မဟုတ်လား"

"ဟေ့ကောင်၊ ငါဗိုက်က လူပျိုကွ"

"ရရစ်နဲ့ပြိုတဲ့ လူပြိုတွေလေ၊ မဟုတ်ဘူးလား"

"ဘာနဲ့ပြိုပြိုကွာ"

"ဟေ့ကောင်တွေ ပြီးရင်ကာရာအိုကေသွားရအောင်၊ ငါ တင်းသွား ပြီကွာ၊ သွားအော်မှ ရတော့မယ်"

ဝင်းကိုသိုက်က ချက်ချင်းလက်ငင်း သွေးဆိုးပြလိုက်တယ်။ အောင်မျိုးလွင်က ခေါင်းလေးညိတ်ပြီး ပြန်ပြောလိုက်တယ်။

"သွားတာပေါ့ကွာ၊ ငါလည်းအော်မှရတော့မယ်၊ ညစ်သွားပြီ"

"အောင်မှာ၊ ခင်ဗျားက အိမ်ပိုင်လို့လား"

မိုးသူက ကြားထဲက ဝင်ပင့်လိုက်ပါတယ်။ အောင်မျိုးလွင် မိုးသူကိုကြည့်ပြီး





"ဟေ့ကောင် မိုးသူ၊ အောင်မျိုးလွင်ကွ၊ အိမ်မပိုင်ရင် ခေါင်းဒီ မလုပ်ဘူး၊ ငါ့ဆီမှာ အိမ်ပိုင်တဲ့နည်းရှိပြီးသား။ မင်းတို့ကောင်တွေ သေချာမှတ်ထားကြ။ ဟိုကောင် ဝင်းကိုသိုက်က ပိုမှတ်ထား"

"အောင်မာ ပြောစမ်းပါဦး"

"အေး၊ ဟေ့ကောင် ကျော်ဇေယျ၊ မင်းမော်တော်ကားမောင်းရင် ဘယ်ဂီယာနဲ့ စထွက်လဲ"

"ဝမ်းဖြစ်ဖြစ်၊ တူးဖြစ်ဖြစ်၊ အဆင်ပြေတာနဲ့ စထွက်လိုက်တာပဲ"

"အဲဒါလုံးဝမှားတယ်။ ဘယ်အချိန်ထွက်ထွက်၊ နံပတ်ဝမ်းနဲ့ စထွက်ရတယ်။ အရှိန်ရမှ တူးတို့ သရီးတို့ ဆက်သွားရတယ်။ လမ်းလေး ကြမ်းလာရင် နံပတ်ဝမ်းလေး မကြာခဏ ပြန်ထိုးပေးရတယ်ကွ။ ကုန်းတက်ဆိုရင်တော့ ဝမ်းကိုသာ နာနာထိုးပေတော့ဟေ့။ အဲဒါ အိမ်ပိုင်တဲ့ နည်းပဲကွ။ အိမ်က နံပတ်ဝမ်းကြီး သဘောကျတဲ့နည်း။ မသေမချင်း မှတ်ထားကွ"

"ခင်ဗျား ဗေဒင်ဟောစားမနေနဲ့တော့၊ ယာဉ်မောင်းသင်တန်းကျောင်း သာ ဖွင့်စားပေတော့"

ဝင်းကိုသိုက် မကြည်ရင်းဖွဲ့နဲ့ ဘေးပြောလိုက်ပါတယ်။ သူ့ နံပတ်ဝမ်းကြီးကတော့ ကျောက်ပတ်တီးကြီးကိုင်ပြီး ဂီယာဘောက်ချ ထားလိုက်ရပြီလေ။ မိုးသူက ဘီယာခွက်တွေ အကုန်လိုက်ဖြည့်ရင်း

"အိုးကေ၊ လာ last round, cheer ခေါ်မယ်"

အားလုံးခွက်ကိုယ်စီကိုင်၊ ဖန်ခွက်ချင်းထိပြီး သံပြိုင် အော်လိုက်ကြပါတယ်။

"Cheer အိမ်ထောင်ရေးကြီး သာယာဖို့၊ နံပတ်ဝမ်းဂီယာ မှန်မှန် ဆိုးကြစို့"



www.burmeseclassic.com

www.burmeseclassic.com



တက္ကစီကားပေါ်ကနေ ချိုင်းထောက်တစ်ဖက်အားပြုရင်း ဆင်းလာတဲ့ မြမြလတ်ကိုကြည့်ပြီး စန္ဒီမိုး အံ့အားသင့်သွားတယ်။ ခြေထောက်မှာလည်း ကျောက်ပတ်တီးကြီးနဲ့။ ဘောင်းဘီရှည်ပွပွကြီးတစ်ဖက်ကို ကျောက်ပတ်တီးပေါ် သေသေသပ်သပ်လိပ်ပြီး ခေါက်တင်ထားလိုက်သေး။ သူ့ကျောက်ပတ်တီးကို လူမမြင်မှာစိုးလို့ထင်ပါ့။ စန္ဒီမိုးလည်း အံ့အားသင့်နေတဲ့စိတ်ကို ပြန်မျိုချပြီး၊ ကားထဲကထွက်လာတဲ့ မြမြလတ်ကို ကဗျာကယာ သွားတွဲထုတ်လိုက်ရတယ်။

"ဟဲ့၊ နင်ဘယ်လိုဖြစ်လာတာတုံး"

"တွေ့တဲ့အတိုင်းပဲဟော့။ ကားဆရာရေ နောက်ဖုံးဖွင့်ပြီး wheel chair လေး ထုတ်ပေးပါဦး"

ကားဆရာက Van car cabin ခန်းထဲ ခေါက်ထည့်လာတဲ့ wheel chair ကြီးကို ထုတ်ပြီး စန္ဒီမိုးလက်ထဲထိုးပေးပြီး၊ ကားမောင်းထွက်သွားပါတော့တယ်။ စန္ဒီမိုးခမျာ wheel chair ကြီးကိုင်ပြီး ယောင်နနနဲ့

"အဲဒါကြီးက ဘာလုပ်ရမှာတုံး"

"အော် စန္ဒီမိုးရယ်၊ ခိုင်းတယ်လို့ သဘောမထားဘဲ အဲဒီ wheel chair ကြီးကို ဖြန့်လိုက်ပါဦး"

ခိုင်းတာကတော့ ခိုင်းတာပါပဲ။ ခိုင်းတယ်လို့သဘောမထားနဲ့ ဆိုတော့လည်း မထားရုံပဲပေါ့။ စန္ဒီမိုးလည်း wheel chair ကြီးကို ကြိုးစားပမ်းစား ဖြန့်လိုက်ပါတယ်။ ဒါပေမယ့် တစ်ခါမှ မကိုင်ကွယ်ဖူးတော့ အဆင်



www.burmeseclassic.com

www.burmeseclassic.com



မပြောဘူး။

"နင့်ဟာက၊ ဘယ်လိုကြီးလဲဟ"

"အော်၊ နင်က ချိတ်ကို အရင်ဖြုတ်လေဟာ။ ပြီးရင် ဘေးဆွဲကားလိုက်၊ အဲ – ဟုတ်ပြီ၊ ချက်ကျအောင်ဖြန့်၊ နို့မဟုတ်ရင် ပြန်ခေါက်သွားလိမ့်မယ်"

မြမြလတ်ပြောတဲ့အတိုင်း လုပ်လိုက်တော့မှ wheel chair ကြီး လည်း ကားကားပြန့်ပြန့် ထိုင်လို့ရသွားပါတယ်။ wheel chair တောင် ဒီလောက်ဖွင့်ရခက်တာ။ ဂြိုလ်တုဆိုရင် စိတ်မရှည်ဘဲ ကိုင်ပေါက်မိမလားပဲ။ မြမြလတ်က ခပ်တည်တည်ပဲ wheel chair ပေါ်တက်ထိုင်လိုက်ပါတယ်။

"ဟဲ့၊ ငါ့ကို အိမ်ထဲပို့ပေးဦးလေ"

စန္ဒီမိုးခမျာ၊ အောင့်သီးအောင့်သက်နဲ့ wheel chair ကို တွန်းပြီး အိမ်ထဲခေါ်လာရတယ်။ စိတ်ထဲကတော့ ...

"ကောင်မ၊ ချိုင်းထောက်နဲ့ လျှောက်လို့ရရဲ့သားနဲ့၊ တမင်သက်သက် လာရိက္ခာယူနေတယ်၊ တောက်"

မကြည်ပေမယ့် အခုလို ဒုက္ခိတဒီဇိုင်းနဲ့ဆိုတော့လည်း မောင်းမထုတ်ရက်တော့ပါဘူး။ အိမ်ထဲရောက်တော့မှ စန္ဒီမိုးလည်း တစ်စုံတစ်ရာကို သွားပြီးသတိရလိုက်မိတယ်။

"ဟာ ...မြွေခြောက်ကိုက်ပြီနဲ့တူတယ်"

ဟုတ်တယ်။ လုံး၀ အန္တရာယ်ပဲ။ မနက်က စန္ဒီမိုးဖုန်းထဲ message ၀င်လာတယ်။

"နေ့လည် ငါလာခဲ့မယ်တဲ့"

ပို့လိုက်တဲ့ Phone နံပတ်က ၀င်းကိုသိုက်ဖုန်းနံပတ်။ အခုတော့ ၀င်းကိုသိုက် ရောက်မလာဘဲ၊ မြမြလတ် ရောက်လာတယ်။ ဒါ ဘာသဘောလဲ။ ၀င်းကိုသိုက် message ပို့လိုက်တာသိလို့ မြမြလတ်က စန္ဒီမိုးအိမ်အထိ တကူးတကလာပြီး၊ အပိုင်စောင့်ဖမ်းတာပေါ့။





"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ ဒါကြောင့်မို့ ဒီကောင်မက လင်ဖောက်ပြီး ကျိုးနေ ပဲ့နေတာတောင် ဂရုမစိုက်ပဲ၊ ငါ့ဆီအရောက်လာတာနေမှာ ဒုက္ခပါပဲ"

စန္ဒီမိုးခမျာ နေမထိ ထိုင်မသာနဲ့။ ခုနေ ၀င်းကိုသိုက် ရောက်လာ လို့ကတော့ ပွဲကြီး ပွဲကောင်းပဲ။

"ဟိုကောင်ကလည်း၊ မိန်းမ မသိအောင် message မပို့နိုင်ဘူး။ ဘယ်လိုလုပ်ပြီး ကုမ္ပဏီအုပ်ချုပ်နေလည်း မသိဘူး"

စန္ဒီမိုးက ယောက်ယက်ခတ်နေတဲ့စိတ်ကို အသာထိန်းပြီး ၀င်းကိုသိုက်ဆီ မလာဖို့အကြောင်းကြားမလို့ စိတ်ကူးလိုက်ပါတယ်။

"မြမြလတ်၊ နင်ခဏထိုင်နေဦး၊ ငါ အအေးသွားယူလိုက်ဦးမယ်"

"ဟာ၊ ရတယ်၊ ဘာမှမလုပ်နဲ့"

"ဘယ်ဟုတ်မလဲ၊ အအေးလောက်တော့ သောက်သွားဦးမှပေါ့"

"ရပါတယ်၊ မလိုပါဘူး"

"ရပါတယ်၊ ကိစ္စမရှိပါဘူး"

နှစ်ယောက်စလုံး အပြန်အလှန်ရပြီးတဲ့နောက်မှာ စန္ဒီမိုးက ဘီရိုလေးပေါ်တင်ထားတဲ့ စလင်းဘက်ထဲက Hand Phone ကို မြမြလတ် မမြင်အောင် ထုတ်ပြီး မီးဖိုခန်းဘက် သုတ်ခြေတင်ပါတော့တယ်။ မြမြလတ်က မဲ့ရွဲ့ပြီး ကျန်ခဲ့တယ်။

"အင်း၊ ဒီမိန်းမတော့ ဘယ်အချိန်ကြည့်ကြည့် လှုပ်နေတာပဲ"

မီးဖိုခန်းထဲရောက်လာတဲ့ စန္ဒီမိုးလည်း လက်တစ်ဖက်က ဖန်ခွက် တစ်လုံးကိုဆွဲ ရေအေးညှိပြီး၊ ကျန်လက်တစ်ဖက်က ၀င်ကိုသိုက်ဆီ ဖုန်းခေါ် ရပါတယ်။

"ဘုရား သိကြားမလို့ ဆက်သွယ်မှုဧရိယာထဲရှိပါစေ ဘုရား"

ဘုရားရော၊ သိကြားရော မလိုက်ပုံပါပဲ။ ဖုန်းလိုင်းက တန်းငြိမ်သွားတယ်။

"ဟဲလို – ၀င်းကိုသိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက်က ထူးသံလည်းကြားရော၊ စန္ဒီမိုးက မနားတမ်း တောက်လျှောက် မာရသွန်စကားပြောပွဲကို တစ်ယောက်တည်း ဝင်ပြိုင်ပါတော့တယ်။

"ဟဲ့၊ မောင် ... ၊ နင် ငါ့ဆီလာမလို့ message ပို့ထားတာ၊ အဲဒါ မလာခဲ့နဲ့။ အိမ်မှာ မြမြလတ်ရောက်နေတယ်။ နင် message ပို့ ထားတာ၊ ရိပ်မိသွားလား မသိဘူး။ နင်ကလည်း ညံ့ပါ့ဟာ။ ဒါပဲနော်၊ ဘာပဲဖြစ်ဖြစ် မလာခဲ့နဲ့ဦး။ နောက်မှ ငါ ဖုန်းပြန်ဆက်လိုက်မယ်။ ဒါပဲ"

စန္ဒီမိုးက ဖုန်းပြောပြီးတာနဲ့ Power ပါတန်းပိတ်လိုက်တယ်။ ပြောလို့မရဘူး၊ ဝင်းကိုသိုက်က ဖုန်းပြန်ခေါ်ချင်ခေါ်နေမှာ။ အဲဒါ လုံးဝ ရှော့ရှိသွားနိုင်တယ်။ တစ်ဖက်က ဖုန်းနားထောင်လိုက်ရတဲ့ ဝင်းကိုသိုက်ကတော့ အူကြောင်ကြောင်နဲ့။ 'မောင်' တဲ့။ ဒါ စန္ဒီမိုးဆက်တာပေါ့။ စန္ဒီမိုးက ဟိုးအရင်ကခေါ်နေကျ၊ 'မောင်' ဆိုတဲ့ နာမ်စား မပါအောင် အမြဲတမ်း သတိထားပြီး သံပြတ်နဲ့ ပြောတတ်တာ။ အခုတော့ သတိမထားလိုက်နိုင်ဘူးထင်ရဲ့။ ခက်တာက အဲဒီ message ကို သူမပို့ရတာ အမှန်ပဲ။ ဘီယာဆိုင်မှာ ကိုအောင်မျိုးလွင်တို့နဲ့ ဆုံပြီးကတည်းက ဘယ်အခြေအနေမှာပဲဖြစ်ဖြစ် စန္ဒီမိုးဆီ သူကအရင်ဆက်သွယ်တာမျိုး မဖြစ်စေရဘူးလို့ ဆုံးဖြတ်ထားတာ။ ဒါဖြင့် ဒီ message ကို ဘယ်သူ ပို့လိုက်ပါလိမ့်။ မဟုတ်မှလွဲရော၊ မြမြလတ်ကိုယ်တိုင်ပဲ ပို့လိုက်တာဖြစ်မယ်။ မနက်စောစော ဝင်းကိုသိုက် နပ်လို့ကောင်းတုံး၊ သူ့ဖုန်းကို ယူပြီးပို့လိုက်တာနေမှာပေါ့။

"တောက်၊ ဒီမိန်းမတော့၊ လက်နှစ်ဘက်လုံးပါ ကျိုးသွားမှ ကောင်းတယ်"

အခုလည်း ခြေကျိုးတန်းလန်းနဲ့၊ စန္ဒီမိုးဆီ ရောက်နေပြန်သကဲ့။ ကြည့်ရတာ မြမြလတ်က ပေါ်တင်တိုက်စစ်ဆင်ပြီထင်ပါရဲ့။ ဝင်းကိုသိုက် ကတော့ ရည်းစားဟောင်းလေးကို အားလည်းနာ၊ မျက်နှာတွေပူနေ မိတော့တယ်။ တကယ်တမ်း ပြောရကြေးဆို သူနဲ့ စန္ဒီမိုးက ဘာမျှ





မဟုတ်သေးပဲလေ။ မစွမ်းရင်ရှိပေမယ့် ကန်စွန်းခင်းနဲ့ငြိမှ ခြေသေးသား။ ခိတ်ထဲကတော့ ကန်စွန်းရွက်လေးရှူးကြော်ပြီး ဘီယာနဲ့ မြည်းထိုးချင်သား။

စန္ဒီမိုးက ဟန်းဖုန်းကို မီးဖိုခန်းထဲထားခဲ့ပြီး ဖန်ခွက်လေးဆွဲပြီး ဧည့်ခန်းထဲဝင်လာခဲ့တော့တယ်။ မြမြလတ်က မျက်လုံးလေး အပေါ်လှန်ကြည့်ရင်း .....

"အင်း ... နင့်အအေးကလည်း ရေအတိုင်းပါပဲလား"

စန္ဒီမိုးကလည်း အခုမှပဲ သူယူလာတဲ့ ဖန်ခွက်ကို ကြည့်မိတယ်။ ဟုတ်ပါရဲ့ အအေးဖျော်မယ်ဆိုပြီး သောက်ရေဖြည့်ပြီးကာမှ ခိတ်လှုပ်ရှားပြီး မေ့သွားတယ်။

"တောက်၊ ဒင်းရှေ့မှာ ဒီလိုဖြစ်ရတယ်လို့"

ဒါပေမယ့် ချော်လဲရောထိုင်ဆိုသလို ...

"အေး ...ဟိုဒင်းလေ၊ အအေးပုလင်းက ကုန်နေလို့။ ဒါကြောင့် ရေပဲယူလာခဲ့တာ"

"ရပါတယ်ဟာ။ နင်ကရေပဲစေတနာရှိတော့လည်း ရေပဲသောက်တာပေါ့ ။ ပေး ပေး။"

မြမြလတ်က စန္ဒီမိုးလက်ထဲက ရေခွက်ကို လှမ်းယူပြီး တစ်ဘရိတ်တည်း မော့သောက်လိုက်ပါတယ်။ စန္ဒီမိုးကတော့ ရေသောက်နေတဲ့ မြမြလတ်ကို စိတ်ထဲကနေ မေတ္တာပို့နာနာပို့ နေမိတယ်။

"နင့်ကို ရေတောင် တိုက်ချင်တာမဟုတ်ဘူးဟဲ့။ မေတ္တာတုံးမရဲ့၊ ခရေသောက်ရင်း သီးပါစေဟယ်"

စိတ်ထဲက မသဒ္ဒါပေမယ့် မျက်နှာကတော့ ပြုံးပြုံးလေး၊ ကိုယ်က အိမ်ရှင်မဟုတ်လား။

"ထပ်ယူဦးမလား"

"တော်ပြီ"

မြမြလတ်က ရေခွက်ကို စားပွဲပေါ် ပြန်ချလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မနက်က message က ငါပို့လိုက်တာ"

"ဘာ"

စန္ဒီမိုးခမျာ ထောင်းကနဲဖြစ်သွားတယ်။ သူ့မှာတော့ ဝင်းကိုသိုက် ပို့လိုက်တယ်ထင်လို့ ဖုန်းတောင်ဆက်လိုက်ရသေး။

"နေစမ်းပါဦး နင်ကဘာသဘောနဲ့ message ပို့ရသလဲ"

"ငါရှင်းရှင်းပဲ ပြောမယ်ဟာ။ ဝင်းကိုသိုက်ရဲ့ Phone List ထဲမှ နင့်နံပတ်တွေ့လို့။ ငါ နင်နဲ့ ရန်သူမဖြစ်ချင်ဘူး။ အခုအချိန်ထိ နင်တို့ နှစ်ယောက် ပြန်လည်ပတ်သက်မှု မရှိသေးဘူးဆိုတာ ငါကောင်းကောင်း သိတယ်။ ဒါပေမယ့် နင့်ဖုန်းနံပတ်ကို တွေ့လိုက်တော့ ငါသိထားတာ ဟုတ်မဟုတ်ပါလေစဆိုပြီး သံသယဝင်မိတယ်။ အခုအချိန်မှာ ဝင်းကိုသိုက် ရဲ့ ဘေးကို ရောက်လာတဲ့ မိန်းမမှန်သမျှကို နာကျည်းစိတ်အပြည့်နဲ့ တိုက်ထုတ်ပစ်မှာပဲ။ ဒါ ငါ့လုပ်ပိုင်ခွင့်။ ငါက ဝင်းကိုသိုက်ရဲ့ တရားဝင် မယားလေဟာ။ အချိန်တန် အိမ်ပြန်လာရင်ပြီးရောဆိုတဲ့ စိတ်မျိုးနဲ့ ခပ်တုံးတုံးမိန်းမတစ်ယောက် ငါမဖြစ်ချင်ဘူးဟာ။ ဘာကြောင့်လည်း ဆိုတော့ ငါ ဝင်းကိုသိုက်ကို ချစ်လို့ပဲ"

ပြောရင်း ပြောရင်း မြမြသက်ရဲ့အသံက တိမ်ဝင်သွားတယ်။ မြမြသက်က အားယူလိုက်ရင်း ...

"ဒါပေမယ့် နင့်အပေါ်ကျတော့၊ ငါ .. ကြွေးကျန်ရှိသလို ခံစားရတယ်။ နင်နဲ့ငါက သူငယ်ချင်းလည်းဖြစ်ဖူး၊ နင့်အပေါ် ငါ ကျူးလွန် ဖူးတာတွေကြောင့်ပေါ့။ နောက်တစ်ခုက နင်လည်း ဝင်းကိုသိုက်ကို တကယ်ချစ်ခဲ့တာပဲလေ။ အဲဒီအချက်က ကျန်တဲ့ မိန်းမတွေနဲ့ နင်နဲ့ ခြားနားချက်ပဲ။ အဲဒီအချက်ကြောင့်ပဲ နင့်ကို ငါ ရင်မဆိုင်ရဲတာ ရင်မဆိုင်ချင်တာ ..."

မြမြလတ်က လက်အုပ်ကလေးချီလိုက်တယ်။

"ဟဲ့ ဟဲ့၊ နင်ဘာလုပ်တာတုံး၊ ဒုက္ခပါပဲ"

"ငါတောင်းပန်ပါတယ်၊ စန္ဒီမိုးရယ်။ အခုအချိန်မှာ ဝင်းကိုသိုက်က





နင့်ကို ပြန်ပတ်သက်လာရင်တောင်မှ၊ အရင်က သံယောဇဉ်ကြောင့် မဟုတ် ဘော့ဘူးဆိုတာ ယုံလိုက်ပါ။ ကုန်ကုန်ပြောမယ်ဟာ၊ ဝင်းကိုသိုက်က အခုအချိန်မှာ ကျားဖြစ်နေပြီဟ။ သူ့အရမ်းပြောင်းလဲ သွားပြီ။ ဒီအချိန်မှာ နင်ဘက်ကနေ၊ မေတ္တာစစ်၊ မေတ္တာမှန် ပေးအပ်ရမယ်ဆိုရင် နင်ရှုံး သိမ့်မယ်။ ငါပြောတာ ယုံလိုက်စမ်းပါ သူငယ်ချင်းရယ်"

မြမြလတ်ခမျာ၊ တောင်းပန်နေရင်းပဲ၊ မျက်ရည်တွေ လိမ့်ဆင်း လာတယ်။ စန္ဒီမိုးရဲ့ရင်ထဲမှာတော့ နင်တင်တင်ရယ်။ မြမြလတ် မျက်ရည်ကျတာမြင်တော့ ရင်ထဲ မကောင်းတာအမှန်ပါပဲ။ စန္ဒီမိုး ကိုယ်တိုင်လည်း လွန်ခဲ့တဲ့ ငါးနှစ်ကာလတုံးက မျက်ရည်တွေ ကျခဲ့ဖူး တာပဲလေ။ ဝဋ်လည်တယ်ဆိုတာ ဒါကိုပဲ ခေါ်တာပဲလား။

ဒါပေမယ့် စန္ဒီမိုးရဲ့ ရင်ထဲမှာ မရှင်းလင်းတာတစ်ခုတော့ ရှိနေသေးတယ်။ ဝင်းကိုသိုက်ဆီမှာ သူနဲ့ပတ်သက်တဲ့ သံယောဇဉ် ကြွင်းအကျန်တွေ တကယ်ပဲ မရှိနိုင်တော့ဘူးလား။ မယုံနိုင်ဘူး။ First Year ကနေ Final အထိ သုံးနှစ်သုံးမိုး ချစ်ခဲ့ ကြိုက်ခဲ့တာတောင်၊ ဝင်းကိုသိုက်ရဲ့ ရင်ထဲ အမှတ်ရစရာ တစ်စုံတစ်ရာတောင်မှ ထည့်မပေး လိုက်နိုင်ဘူးဆိုရင်၊ စန္ဒီမိုးဟာ အတော့်ကို အသုံးမကျတဲ့ မိန်းမတစ်ယောက် ဖြစ်သွားလိမ့်မယ်။

မြို့ဟောင်းကြီးတွေ ဘယ်လိုပဲ ပြိုပျက်ခဲ့ပစေဦးတော့၊ ပြန်လည်တူးဆွတဲ့ အချိန်မှာ မြို့ရိုးပျက်လောက်တော့ ကျန်ခဲ့တာချည်းပဲ။ စန္ဒီမိုးရင်ထဲမှာ တော့ ဝင်းကိုသိုက်ဆိုတာ၊ ဘယ်အချိန်ပဲ တူးဆွတူးဆွ ကောင်အထည် မပျက် ရုပ်လုံးပေါ်လာနိုင်တာမျိုး။

"စန္ဒီမိုး၊ နင့်ရှေ့ အခုထိုင်နေတဲ့ မြမြလတ်ဆိုတာ လွန်ခဲ့တဲ့ ငါးနှစ်က ဝင်းကိုသိုက်ကို နင့်ဆီက လုသွားတာလေ။ အခု သူ့ပိုင်ဆိုင်မှုတွေ ဆုံးရှုံးမှာစိုးလို့၊ နင့်ဆီလာ မျက်ရည်ခံထိုးပြီး လှည့်စားနေတာ၊ မယုံနဲ့။ ... မယုံနဲ့။ နင် ငါးနှစ်လုံးလုံး အရှုံးသမားဘဝနဲ့ ခေါင်းငုံ့နေခဲ့ရတာ"

စိတ်ရဲ့အမှောင်ခြမ်းက၊ စန္ဒီမိုးကို သွေးထိုးပေးနေလေရဲ့။ လှ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆိုတာလည်း ဆန်းတော့အဆန်းသား။ စိတ်တစ်ခြမ်းက မြမြလတ်ကို သနားနေရင်းကပဲ၊ အခြားတစ်ခြမ်းက အခွင့်အရေးရတုံး အနိုင်ယူလိုက်ချင်စိတ်တွေ အစုံပြု အညှောင့်ထွက်လာတော့တယ်။

*မသင့်တော်ဘူး။ စန္ဒီမိုး လုံးဝ မသင့်တော်ဘူး။ ဝင်းကိုသိုက်ဆီမှာ နင့်အတွက် သံယောဇဉ်လက်ကျန်တွေရှိသည့်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ လောကဝတ်၊ ဓမ္မဝတ်အရ လုံးဝ မသင့်တော်ဘူး။ နင့်ကို လူတွေ လက်ညှိုးဝိုင်းထိုးကြလိမ့်မယ်*

စိတ်ရဲ့အလင်းဘက်ခြမ်းက စန္ဒီမိုးကို ကန့်ကွက်တယ်။

*"ဟဲ့၊ မိစန္ဒီ၊ နင်ကခံထားခဲ့ရတာလေ။ နင် ငိုထားခဲ့တဲ့ မျက်ရည်တွေစုထားရင်၊ ရေသန့်ဘူးကြီး နှစ်ဗူးစာတောင်ကမလားပဲ။ စိုနေတဲ့ မျက်ရည်တွေတောင် မခြောက်တတ်သေးဘူး။ လူတွေ လက်ညှိုးထိုးတော့ရော၊ ဘာဖြစ်သေးလဲ။ လက်ညှောင်းရင် သူတို့ဘာသာ ပြန်ချသွားကြလိမ့်မယ်။ ဗေဒင်ဆရာကလည်း ဟောထားသေးတယ်လေ။ ငါးနှစ်တဲ့။ ဒီအချိန်ဟာ အခွင့်ကောင်းပဲ"*

စိတ်ရဲ့အမှောင်ဘက်ခြမ်းကလည်း စန္ဒီမိုးကို ရေရေလည်လည် သွေးထိုးလှုံ့ဆော်နေလေရဲ့။ မြမြလတ်ကို စိုက်ကြည့်နေတဲ့ စန္ဒီမိုးရဲ့ မျက်လုံးအိမ်ထဲမှာတော့ အမှောင်စပါးပါးလေး ဖုံးလွှမ်းသွားတော့တယ်။ သက်ပြင်းကို ဟင်းကနဲ ချလိုက်ရင်း စိတ်ထဲကနေပဲ..

*"ဟင်း ..၊ ဆောရီးပဲ မြမြလတ်ရေ၊ နင်ပြောတာတွေ၊ ငါယုံချင်ပါတယ်။ ဒါပေမယ့်၊ တားမြစ်ထားတဲ့ သစ်သီးက ပိုချိုသတဲ့။ တစ်ကိုက်စာလောက်ပဲဖြစ်ဖြစ် ငါလည်း မြည်းကြည့်ချင်သေးတာပေါ့ဟယ်"*

❦ ❦ ❦





နောက်တစ်နေ့မှာတော့ စန္ဒီမိုးတစ်ယောက် မသွားဖြစ်တာကြာပြီဖြစ်တဲ့ Beauty sloon ကို သွားပါတယ်။ ပွပွရှုပ်ရှုပ်ဖြစ်နေတဲ့ ဆံပင်ကို စင်းသွားအောင် ဖြောင့်တယ်။ နက်မှောင်သွားအောင် ဆေးဆိုးတယ်။ မျက်နှာကြေးချွတ်တယ်။ Body scrub လုပ်တယ်။ အသားအရောင်ရှိလက်သွားအောင် ဖယောင်းသွင်းတယ်။ မဖြစ်ညစ်ကျယ် အဆီလေးတွေချဖို့ Gym မှာ ကစားရအောင် member သွားလုပ်လိုက်တယ်။ နေ့လည်နေခင်းကတည်းက ပြင်လိုက်ဆင်လိုက်တာ ညနေမှောင်ရီပျိုးတော့မှပဲ၊ ကိစ္စအဝဝ ပြီးပါတော့တယ်။

မှောင်ရီပျိုးစအချိန်ဆိုတာ၊ အကျည်းတန်တောင်လှတဲ့အချိန်လို့ ဆိုစကား ရှိသေးတာပဲ။ အကျည်းတန်တောင် လှမှတော့ ဂိုကတည်းက ရှယ်လှတဲ့ လူဆိုရင်တော့ လှပြီးရင်းလှ၊ ထူးရှယ်လှတော့တာပေါ့။ ဘာနဲ့ ခိုင်းနှိုင်းရင်ကောင်းမလဲဆိုတော့ နတ်သက်ကြွေခါနီးကိုယ်ရောင်ကိုယ်ဝါ မှေးမှိန်စပြုနေတဲ့ နတ်သမီးလေးတစ်ပါးက ပစ္စေကဗုဒ္ဓါရဟန္တာတစ်ပါးကို ဆွမ်းလှူခွင့်ကြုံလိုက်လို့၊ ကုသိုလ်ကံက ချက်ချင်းအကျိုးပေးပြီး အဲဒီ နတ်ဘုံမှာပဲ နတ်ဘဝအသစ် ပြန်ရလိုက်သလို၊ ကိုယ်ရောင် ကိုယ်ဝါတွေ ဆထက်တပိုး တိုးတက်သွားသလိုမျိုး ဆိုရလိမ့်မယ်ထင်ပါရဲ့။ ပိုက်ဆံကတော့ ချောင်ချောင်လေး သိန်းဂဏန်းနဲ့ထွက်သွားတယ်။ နတ်သမီးလို လှချင်ရင်တော့ ဒီလောက်ကုန်ရတာ တန်ပါတယ်နော်။

အားလုံးပြီးစီး သွားတဲ့အခါမှာတော့ မော်ဒန် နတ်သမီးလေး



www.burmeseclassic.com

www.burmeseclassic.com



က Hand Phone ကို ထုတ်ပြီး ခလုတ်ကလေး တွေနှိပ်လိုက်တယ်။

"ဟဲလို၊ ဝင်းကိုသိုက်ပါ"

"စန္ဒီမိုးပါ။ နင်အခု ငါ့ကို လာတွေ့နိုင်မလားဟင်"

ဝင်းကိုသိုက်က ဖုန်းကိုင်ရင်း တစ်ချက်တွေသွားတယ်။ စန္ဒီမိုး ဖက်ကတော့ စချိန်းနေပါပြီ။ ဘာကိစ္စ ချိန်းတာပါလိမ့်။ မြမြလတ် နဲ့ တွေ့တဲ့အကြောင်းတွေ ပြောချင်လို့များလား။ ဝင်းကိုသိုက်က မြမြလတ် တစ်ယောက် စန္ဒီမိုးကို သွားတွေ့တာ သိထားပေမယ့် တမင် မေး မကြည့်ဘူး။ မြမြလတ်ကလည်း မပြောပြဘူး။ ဒီအကြောင်း စမိတဲ့လူ အမှားပဲလေ။ ဒါပေမယ့် ဘာတွေပြောခဲ့ကြသလဲဆိုတာကတော့ သိချင်သား။ ဝင်းကိုသိုက်က သက်ပြင်းချလိုက်ရင်း ...

"အင်း .. လာခဲ့မယ်လေ၊ ဘယ်လာခဲ့ရမှာလဲ"

"ငါ အခု ..ဆရာစ်လမ်းပေါ်က --------- မှာ"

"ကောင်းပြီလေ၊ ချိန်းထားတာတော့ရှိတယ်။ ရွှေ့လိုက်ပါ့မယ် စောင့်နေလေ"

ဝင်းကိုသိုက်ပြောပြီးတာနဲ့ ဖုန်းချလိုက်တယ်။ စန္ဒီမိုးကတော့ သူ့ ဖုန်းကို စလင်းဘက်ထဲ ပြန်ထည့်ရင်း တစ်ယောက်တည်း ပြုံးလိုက်ပါ တယ်။ အဲဒီအပြုံးက ကမ္ဘာကျော် မိုနာလီဇာ အပြုံးကို မမီပေမယ့် ဝေခွဲရခက်တဲ့ အပြုံးမျိုးပါပဲ။ အပြုံးတွေကို ကော့တေးလုပ်ပြီး ပြုံးတတ်တဲ့ မိန်းမလှလေးတွေရဲ့ မွေးရာပါ ပါရမီပဲထင်ပါရဲ့။

ဝင်းကိုသိုက် ရောက်လာတဲ့အချိန်မှာတော့ စန္ဒီမိုးက Beauty saloon နဲ့ တွဲဖွင့်ထားတဲ့ စားသောက်ဆိုင်ထဲက ဝိုင်းတစ်ဝိုင်းမှာ တစ်ယောက်တည်း ထိုင်စောင့်နေလေရဲ့။ မီးရောင်တွေ ဖြာလင်းနေတဲ့ အောက်မှာ စန္ဒီမိုးရဲ့ အလှက ဝပ်ဆင်းမသွားဘဲ၊ ပိုလို့တောင် လင်းလက် နေသေးတယ်။

"စောင့်ရတာ ကြာပြီလား"

ဝင်းကိုသိုက်က အမေးစကားနဲ့ တစ်ဆက်တည်း ဝင်ထိုင်





လိုက်ပါတယ်။

"သိပ်မကြာသေးပါဘူး"

စန္ဒီမိုးက အဖြေစကားနဲ့အတူ ဝင်းကိုသိုက်နဲ့ မျက်လုံးချင်း ဆုံဆုံအောင် ကြည့်လိုက်ပါတယ်။ မျက်လုံးနှစ်လုံးဆုံမိတဲ့ အချိန်ဟာ တစ်စက္ကန့်ရဲ့ အစိတ်အပိုင်းလေးတစ်ခုမျှသာပါပဲ။ ဒါပေမယ့် ဝင်းကိုသိုက် ရင်ထဲ လျှပ်စစ်စီးကြောင်းလေး ဖြတ်ပြေးသလို လှုပ်ခတ် သွားတယ်။ အင်း မျက်လုံးတွေကနေ တစ်ဆင့် လျှပ်စစ်ဓါတ် ထုတ်လို့ ရလား မသိတတ် ဘော့ဘူး။

"နင်နဲ့ မြမြလတ် ဘာတွေပြောဖြစ်ကြလဲ"

ဝင်းကိုသိုက်က သိုင်းဝိုင်းမနေဘဲ၊ သိချင်တာကို တစ်ခါ တည်း တန်းမေးလိုက်တယ်။ စန္ဒီမိုးက ပြုံးယောင်ယောင်လေးနဲ့ ...

"ဖြည်းဖြည်းပေါ့ဟယ်၊ နင်ဘာမှာ မှာလဲ။ အခုဘီယာချိန်လား။ မှာလေဟာ၊ ရွှတ်ရွှတ်၊ waiter ရေ၊ ခဏလောက်"

waiter လေးက သူတို့ဝိုင်းရောက်လာပါတယ်။

ဝင်းကိုသိုက်လည်း ငြင်းမနေတော့ဘဲ waiter လေးကို..

"အေး Tiger တစ်လုံးနဲ့ အာလူးချောင်းကြော်တစ်ပွဲ လုပ်ပေးကွာ"

waiter လေးက ပြန်ထွက်သွားပါတယ်။ သူတို့နှစ်ယောက်ရဲ့ စိတ်တွေကလည်း လွန်ခဲ့တဲ့ ငါးနှစ်ကျော် ခြောက်နှစ်ဆီ ပြန်ရောက် သွားလေရဲ့။ သူတို့နှစ်ယောက် သမီးရည်းစားဘဝ၊ ရွှေရောင် လွှမ်းခဲ့တဲ့ အတိတ်ဆီပေါ့။ အဲဒီတုံးကလည်း စန္ဒီမိုး အလုပြင်ဆိုင်သွားတိုင်း ဝင်းကိုသိုက် အဖော်လိုက်ပေးချင်အောင် ဘီယာနဲ့ ချော့ခေါ်ရတာလေ။ နှစ်ယောက်စလုံး ရဲ့ အတွေးစတွေက၊ waiter လေး ဘီယာလာချပေးမှပဲ ပြတ်တန့်သွားတော့တယ်။ ဘီယာပုလင်းမှာရေးထားတာက Tiger တဲ့။ Tiger ဆိုတာ မြန်မာလို ဘာသာပြန်လိုက်ရင် 'ကျား' ပေါ့။ စန္ဒီမိုးက မြမြလတ်ပြောခဲ့တာ ပြန်ကြားယောင်လိုက်တယ်။

"ဝင်းကိုသိုက်က အခုအချိန်မှာ ကျားဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



စန္ဒီမိုးက ယောင်ယောင်လေး ပြုံးသွားတယ်။ ဒါကို မြင်ဖြစ်အောင် မြင်လိုက်တဲ့ ဝင်းကိုသိုက်က

"ဘာဖြစ်လို့ ပြုံးတာလဲ"

"ဘာမှ မဖြစ်ပါဘူး။ မြမြလတ်က နင့်ကို ကျားနဲ့ နှိုင်းသွားလို့ ဟင်း ..ဟင်း"

မပွင့်တပွင့်ရယ်လိုက်တဲ့ စန္ဒီမိုးရဲ့ သွားစွယ်လေးက လက်ကနဲ။ ကမာကောင်ရဲ့ အတွင်းသားကို ခွဲပြီး အရည်ကောင်းလွန်းတဲ့ ပုလဲတစ်လုံးကို ခွဲထုတ်လိုက်တဲ့အခိုက်လိုမျိုး။ ဒီတစ်ခါလည်း ဝင်းကိုသိုက်ဘစ်ယောက် စန္ဒီမိုးကို ငေးစိုက် ကြည့်မိသွားပြန်တယ်။

အင်း .. ကြာရင် ခက်ရချည်ရဲ့။ သောက်ထားတဲ့ ဘီယာကတစ်ကျိုက်တည်းနဲ့တင် ရီဝေဝေ ဖြစ်လာသလိုလို။ ရည်းစားဟောင်းလေးရဲ့ မျက်နှာကပဲ ပိုပြီး လှလာသလိုလို။ စားသောက်ဆိုင်ထဲ ထွန်းထားတဲ့ မီးဆိုင်း မီးလုံးတွေကပဲ မှိန်ကျသွားသလိုလို။

"မောင်ရယ်"

စန္ဒီမိုးရဲ့ခေါ်သံက ဗျပ်စောင်း အဲလက်တစ်ရာလောက် ဟာမိုနီကိုက်အောင် ဖျက်ကနဲ ခတ်လိုက်သလို။ ဝင်းကသိုက် တစ်ကိုယ်လုံးကတော့ တင်းတနဲ၊ ဖျင်းကနဲ။

"ငါးနှစ်တောင် ရှိသွားပြီနော်"

ဗျပ်စောင်းခတ်သံနောက်မှာ စန္ဒယားသံလေးက ရစ်သမ်တစ်ဘားစာလောက် ဖြတ်ပြေးသွားတယ်။ ဝင်းကိုသိုက် နားထဲမှာတော့ အချက်ပေး ဥဩသံတွေ ဆူညံသွားသလိုပဲ။ အာခေါင်ခြောက်လာလို့ ရှေ့မှာ ချထားတဲ့ ဘီယာခွက်ကို ကမန်းကတန်း ယူသောက်လိုက်ရတယ်။ အားပါးပါး။ ခါးလိုက်တဲ့ဘီယာ။ ဒီဘီယာခွက်တည်းမှာတင်၊ အရသာက ခါးလိုက် ချိုလိုက်။

"နင် ငါ့ကို ဘာမှ ပြောစရာမရှိဘူးလား မောင်ရယ်"

ဒီ စကားကတော့ လေးညို့တင်းတင်းကို ပြင်းပြင်းခတ်





လိုက်တဲ့ အလား။ ရည်းစားဟောင်းလေးကစပြီး တိုက်စစ်ဆင်နေပါပြီ။

"စန္ဒီမိုး၊ မြမြလတ် နင့်ကို ဘာပြောသွားသေးလဲ"

ဝင်းကိုသိုက်က မေးပြီးသား မေးခွန်းကို ပြန်မေးလိုက်တယ်။

"မြမြလတ် ကလား ..."

"အေး"

"မြမြလတ်က နင့်ဆီမှာ အချစ်ဆိုတာ မရှိတော့ဘူးတဲ့၊ ဟုတ်လားဟင်"

"အော်"

"ငါ သိချင်တာတစ်ခုက နင်နဲ့ငါ ချစ်ခဲ့တုံးက၊ အဲဒီအချစ်ဆိုတဲ့ ဥစ္စာ၊ နင်နဲ့ငါနဲ့ကြားမှာ ရှိခဲ့သလားလို့"

ခက်တော့ ခက်နေပါပြီ၊ ဥပုသ်မစောင့်တဲ့ ကျား၊ ဘီယာသောက်နေတဲ့အချိန် ဒါတွေ လာမေးရတယ်လို့။ ဘီယာနဲ့ ကောက်မြည်းလိုက်ရ။ ဒါပေမယ့် ... ဝင်းကိုသိုက်က သက်ပြင်းချလိုက်ရင်း ..

"ဒါတွေ ၊ အခုလာမေးရမယ့်အချိန် မဟုတ်တော့ပါဘူး စန္ဒီမိုး ရယ်"

"ဒါဖြင့်၊ မြမြလတ်နဲ့ နင်နဲ့ကြားမှာရော"

"နင်၊ ဘာတွေလာမေးနေတာလဲဟာ"

"သုံးနှစ်သုံးမိုး ချစ်ခဲ့ပြီးမှ၊ နင့်ရင်ထဲမှာ ငါနဲ့ပတ်သက်တာ တစ်ခုမှ ချန်မထားနိုင်ခဲ့ဘူးဆိုရင်၊ ဒီဘဝမှာ ငါ နင့်ချစ်သူဖြစ်ခဲ့ရတာ အလဟဿ ဖြစ်သွားတော့မှာပေါ့။ ငါ့ရင်ထဲမှာ နင်ချန်ထားခဲ့တဲ့ အမှတ်တရတွေ တစ်ပုံတပင်ကြီးလေ"

"ဒီလိုအချိန်ကာလကြာမြင့်တိုင်းသာ၊ အမှတ်ရစရာတွေတိုးလာကြေးဆိုရင် ငါနဲ့ မြမြလတ် အိမ်ထောင်သက်က လေးနှစ်ကျော်သွားပြီလေ။ ဒါပေမယ့် ..."

"ဒါပေမယ့် ..."

စန္ဒီမိုးက စကားဝင်ထောက်လိုက်တယ်။ ဝင်းကိုသိုက်ရဲ့ စကား တန့်ကနဲဖြစ်သွားတယ်။ သွားပြီ စကားမှားသွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဆိုလိုတာက ..."

"နှင် ဆိုလိုတာက။ နှင်နဲ့ မြမြလတ်ကြား အမှတ်ရစရာတွေ တိုးမလာခဲ့ဘူး။ ဟုတ်တယ်လား"

"မဟုတ်ဘူး"

"ဟင်း .. ဟင်း ..ဟင်း"

စန္ဒီမိုးက လှောင်ရယ် ရယ်လိုက်တယ်။ ဝင်းကိုသိုက်ကတော့ စိတ်ပျက် လက်ပျက်နဲ့ ခေါင်းကို ကုတ်လိုက်တယ်။

"မဟုတ်သေးဘူး၊ စန္ဒီမိုးရာ"

"ဟင်း .. ဟင်း ..ဟင်း၊ ဒါဆိုရင် ငါနောက်တစ်ခုမေးမယ်"

"မမေးနဲ့တော့"

"မေးမယ်။ နှင်နဲ့ မြမြလတ်ရဲ့ အခြေအနေက ဘယ်လိုလဲ"

"ဘာမှ မဖြစ်ဘူး"

"ဘာမှ မဖြစ်ရင်၊ မြမြလတ် ငါ့ဆီရောက်မလာဘူးလေ"

ဒီတစ်ခါတော့ ဝင်းကိုသိုက် ဒေါသထွက်သွားတယ်။

"ဒီမှာ စန္ဒီမိုး၊ နှင်တို့နှစ်ယောက်လုံး ဟိုဗေဒင်ဆရာ အောင်မျိုးလွင်၊ ရှုးကြားကြားနဲ့ ဟောလိုက်တာတွေ၊ အဟုတ်ထင်ပြီး စိတ္တဇဖြစ်နေကြတာ။ နှင်တို့ ရှုးပေမယ့် ငါမရှုးဘူးဟ။ နှင်နဲ့ ငါတို့ တုံးက ကွဲခဲ့တာလဲ၊ နှင် အဲဒီလို ရှုးကြောင်ကြောင်လုပ်နေလို့ ကွဲခဲ့တာ။ ဘာဗေဒင် ကြောင့်မှ မဟုတ်ဘူး"

"ဒါဆိုရင်၊ မြမြလတ် ပြောသလို နှင်က ကျားမဟုတ်ဘူးပေါ့"

"ကျားလည်း မဟုတ်ဘူး၊ ကြောင်လည်းမဟုတ်ဘူး၊ ကြွက်လည်း မဟုတ်ဘူး"

ဝင်းကိုသိုက်က ဒေါနဲ့ ပြောပြီး သူ့ရှေ့ကဘီယာခွက်ကို ဟစ်ရှိန်ထိုး မော့ချလိုက်တယ်။ ခပ်လှမ်းလှမ်းက waiter လေးကို လှမ်းပြီး

"ဟေ့၊ ဘီယာနောက်တစ်လုံးပေးကွာ"

စန္ဒီမိုးကတော့ ဝင်းကိုသိုက် လုပ်သမျှကို ခပ်ငေးငေးလေး စိုက်





ကြည့်နေလေရဲ့။ ဝင်းကိုသိုက်က ဖျတ်ကနဲ ပြန်ကြည့်လိုက်တော့ မျက်နှာ ပြန်လွှဲထားလိုက်တယ်။ ဘီယာနောက်တစ်လုံးရောက်လာတော့မှ စန္ဒီမိုး

"ဟိုတစ်ခါ နှင်နဲ့ငါ ကော်ဖီဆိုင်မှာဆုံတုန်းက နှင်နဲ့ မြမြလတ် ရေရှည်ဖြစ်ပါတော့မလားဆိုပြီး နှင်ပြောခဲ့တယ်နော်၊ အဲဒါ နှင်ကော်ဖီ သောက်ပြီးမူးလို့ ပြောတာပေါ့နော်။ နှင်က ဘီယာသောက်နေကျဆိုတော့ ကော်ဖီသောက်ရင် မူးတတ်တယ်ထင်ပါရဲ့"

ဝင်းကိုသိုက်ခမျာ၊ ပြောခဲ့မိတဲ့ ကိုယ့်ပါးစပ်ကိုကိုယ် ပြန်ရိုက်ချင် စိတ်ပေါက်သွားတယ်။

ဟိုတစ်ခါတုံးက စိုပြေအာချောင်ရုံလေး ပြောခဲ့မိတာ။ ပြီးတော့ စန္ဒီမိုးတစ်ယောက် ဒီလိုရဲရဲတင်းတင်းလေး ထိုးဖောက်မယ်လည်း မထင်မိလို့။ စန္ဒီမိုးက အစွမ်းကုန် အလှဆုံးပြုံးလိုက်ရင်း ...

'နင့်စိတ်ထဲမှာ လွတ်တဲ့ငါး ကြီးတယ်လို့ တစ်ခါမှ မထင်မိဘူးလား မောင်ရယ်'

ဒီတစ်ခါတော့ ဝင်းကိုသိုက် ဘာမှ ပြန်မပြောနိုင်တော့ဘူး။ ဒီ မိနစ်မ ငါးနှစ်အတွင်း အပြောအဆို အတော့်ကို လည်ပတ်လာပါလား ဝင်းကိုသိုက်က စန္ဒီမိုးကို တည့်တည့်ကြည့်ပါတယ်။ စန္ဒီမိုးကလည်း သူ့ကို ပြန်ကြည့်နေတယ်။

"တစ်စက္ကန့်၊ နှစ်စက္ကန့်၊ သုံးစက္ကန့် ...ဆယ်စက္ကန့် ... ဆယ့်ငါးစက္ကန့်"

ဝင်းကိုသိုက်က မျက်လုံးစလွှဲလိုက်တယ်။ ဟင်း .. ဒီပွဲမှာ တော့ သူရှုံးတာပဲ။

"ငါ အမှန်အတိုင်းပြောမယ် စန္ဒီမိုး။ တစ်ခါတစ်လေ ကျတော့ အဲဒီလိုတွေးခဲ့မိတာ အမှန်ပဲ။ ဒါပေမယ့်ဟာ သစ်ပင်ချိုင်ရင် တောင်မှ နတ် နေကိုင်း ချန်ရသေးတာပဲဟာ။ နှင်က ငါ့အတွက်တော့ နတ်နေကိုင်းပဲ။ မြမြလတ်နဲ့ ငါရဲ့ ပြဿနာက အချိန်တန်ရင် ပြီးပြတ်သွားမှာပါဟာ။ ဟိုတုံးက ငါပြောခဲ့ဖူးသလို ငါးနှစ်ဆိုတာကြီးကို မေ့ပစ် လိုက်ပါတော့ဟာ"

"မောင်ရယ်၊ အဲဒီနတ်နေကိုင်း ကိုယ်တိုင်က အချိုင်ခံချင်နေတာ



www.burmeseclassic.com

www.burmeseclassic.com

ဝါဟာ"

"စန္ဒီမိုးရယ်"

ဝင်းကိုသိုက် ဘာပြောရမှန်းမသိဘူး ဖြစ်သွားတယ်။ ဝင်းကိုသိုက် ရဲ့ နောက်ဆုံးခံစစ်တံတိုင်းကြီး ပြိုလဲသွားလုလု။ ဖွတ်တရွတ် တိုးဝင်လာတဲ့ စန္ဒီမိုးကို တားနိုင်တဲ့အင်အား ဘီယာတစ်လုံးနဲ့တင် ပျောက်ဆုံးသွားပြီ ထင်ပါရဲ့။ ကိုရီးယား ဓါတ်လမ်းတွဲထဲက မင်းသား တွေလို မိန်းကလေးက စကြရတဲ့ ပြန်ပိုးမတွေကို အသည်းမာမာနဲ့ ငြင်းနိုင်တဲ့ နလုံးသားမျိုး ဝင်းကိုသိုက်မှာ မွေးကတည်းက ပါမလာဘူး။ အင်း ဒါမျိုးငြင်းတတ်အောင် ကိုရီးယားမှာ ပညာတော်သင် ငါးနှစ်လောက် သွားပြီး သင်ရမယ် ထင်ပါရဲ့။

"မောင်ရယ်"

"ငါ စဉ်းစားပါရစေဦး စန္ဒီမိုးရယ်၊ ငါ စဉ်းစားပါရစေဦး"

အခုအချိန်မှာတော့ ဝင်းကိုသိုက် ဒါပဲပြောတတ်တော့တယ်။ ဒီစကားက မိန်းကလေးတွေကပြောရမှာ။ အခုတော့ သူကပဲ ပြောရ တယ်ရှိသေး။ ထပြန်လာဖို့ကောင်းပေမယ့်၊ ဝင်းကိုသိုက်ခမျာ၊ စန္ဒီမိုးရဲ့ ညို့ချက်က မလွတ်နိုင်ဘူးလေ။ အခြေအနေက ချောက်ထဲကျဖို့ လက် တစ်လုံးအလိုပါပဲ။ အဲဒီအချိန်မှာပဲ ကယ်တင်ရှင်ပေါ်လာ ပါတော့တယ်။

"တီ .. တီ ..တီ"

ဝင်းကိုသိုက်ရဲ့ ဟန်းဖုန်းကပဲ။ ဝင်းကိုသိုက်လည်း ကြိုးစင် ပေါ် တက်ခါနီးမှ လွတ်ငြိမ်းခွင့်ရလိုက်သလို ဝမ်းသာအားရနဲ့ Hand Phone ကို ဖွင့်ပြီး ခပ်လှမ်းလှမ်းသွားပြီး စကားပြောပါတယ်။ ခဏနေကျမှ ပြန်လာပြီး

"စန္ဒီ ..စိတ်မရှိပါနဲ့ဟာ၊ ငါ မသွား မဖြစ် သွားရမယ့် ကိစ္စပေါ် လာလို့"

တောက်၊ အရေးမပါတဲ့ဖုန်း၊ ပွဲသိမ်းဖို့ စက္ကန့်ပိုင်း အလို လောက်မှ။ စန္ဒီမိုးက မကျေမချမ်းနဲ့ .....





"ဘာလဲ .. မြမြလတ်ဆီကလား၊ ဘာဖြစ်ပြန်ပြီလဲ"

"မဟုတ်ပါဘူးဟာ၊ တခြားပါ။ ငါ သွားတော့မယ်နော်"

ဝင်းကိုသိုက်က စန္ဒီမိုးကို ကျောခိုင်းပြီး ကစားကွင်းထဲ ရောက်သွားတဲ့ ကလေးတွေလို နောက်လှည့်မကြည့်ဘဲ တစ်ချိုးတည်း လစ်ပါ တော့တယ်။ စန္ဒီမိုးမှာတော့၊ ပွဲချိန်မစေ့ခင် ပွဲသိမ်းလိုက်ရတဲ့ ဘောလုံးပွဲ ကြည့်လိုက်မိသလို ဆန့်ငင် ဆန့်ငင်နဲ့။ အင်းလေ .. နောက် ထပ်တစ်ခါ ထပ်ပြီး ကြိုးစားကြည့်ရမှာပေါ့။ ဒင်းက ဘာသားနဲ့ ထုထား တာမို့လို့လဲ။ ဘုရား၊ ရဟန္တာတွေကလွဲလို့ မိန်းမမာယာခံနိုင်တဲ့ ယောကျ်ား လောကမှာ မပေါ်သေးဘူးလေ။ စန္ဒီမိုးမှာတော့ နတ်ဝင်သည် ပူးရာက ခွာသွားသလို စိတ်ပင်ပန်း၊ လူပင်ပန်းပြီး နွံ့နွှေ ကျန်ခဲ့သေးတယ်။ စားပွဲပေါ်မှာ ကျန်ခဲ့တဲ့ သောက်လက်စ ဘီယာပုလင်းပေါ်က ကျားရုပ် ကလေးက စန္ဒီမိုးကို ပေစောင်းစောင်းကြည့်နေလေရဲ့။

"အောင်မာ၊ ဒင်းက လူကို လှောင်သလိုလို ပြောင်သလိုလိုနဲ့"

စန္ဒီမိုးက ပုလင်းပတ်ပေါ်က ကျားရုပ်ဆီ မျက်စောင်းလှမ်းထိုး ပြီး ကျိန်ဆဲလိုက်ပါတယ်။

"ကျားစုတ်၊ ကျားနာ၊ ကျားပဲ့ ....ဒင်းကြောင့်"

ဘာမှလည်း မဆိုင်ပါလားနော် ....။


www.burmeseclassic.com

www.burmeseclassic.com



"အန်တီလေး အိမ်ရှေ့မှာဧည့်သည်ရောက်နေတယ်"

ကိုယ့်အခန်းထဲကိုယ်၊ လေ့ကျင့်ခန်းလုပ်အပြီး မှန်တင်ခုံရှေ့ ကိုယ့်ခါးကိုယ်ပေကြိုးနဲ့တိုင်းနေတဲ့ စန္ဒီမိုးက သူတူ ဂျူနီယာရဲ့ချမ်း စကားကြောင့် ပေကြိုးကို အသာချလိုက်ပြီး ...

"ဘယ်ကဧည့်သည်လဲ၊ ယောကျ်ားလား မိန်းမလား"

"မိန်းမ၊ ချိုင်းထောက်ကြီးနဲ့"

"ချိုင်းထောက်နဲ့.."

ဘုရား၊ ဘုရား၊ ဒါဖြင့် မြမြလတ်ပေါ့။ ကျွတ်၊ ဒီမိန်းမဘာလာ လုပ်ပါလိမ့်။ မဟုတ်မှလွဲရော စန္ဒီမိုးနဲ့ဝင်းကိုသိုက် အခြေအနေကို သိသွားပြီထင်ပါရဲ့။ စန္ဒီမိုးခမျာ ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်သွားတယ်။

"ဘုရား ဘုရား၊ ဘယ်လိုလုပ်ရပါ့။ ထွက်မတွေ့လို့လည်း မဖြစ်၊ ဟယ်၊ မတတ်နိုင်ပါဘူး။ ပြောင်လိမ်ပြောင်စားပဲ လုပ်ရတော့မှာပဲ"

စန္ဒီမိုးလည်းဖြစ်သမျှအကြောင်း အကောင်းချည်းပဲလို့ သဘောထားပြီး လာမယ့်ဘေး ပြေးတွေ့ဖို့ ကြံလိုက်ပါတယ်။ 'ဘူးတစ်လုံး ဆောင် အိုတောင်မဆင်းရဲဘူး' ဆိုတဲ့ စကားရှိသားပဲ။ စန္ဒီမိုးလည်း လေ့ကျင့်ခန်းလုပ်တဲ့ဝတ်စုံပေါ်ကနေ ထမီတစ်ထည် ကောက်စွပ်ပြီး ဧည့်ခန်းထဲထွက်လာခဲ့တယ်။ ဧည့်ခန်းထဲမှာတော့ ချိုင်းထောက်ကြီး ဘကားကားနဲ့ ထိုင်တောင်မထိုင်နိုင်ပဲ ဟိုလျှောက်ဒီလျှောက်လုပ်နေတဲ့ မြမြလတ်။

"ဟီးအီးရှွတ်၊ စန္ဒီမိုးရယ်၊ ငါ့ကိုကူညီပါဦးဟယ်"

မျက်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



စန္ဒီမိုးခမျာ ထိတ်ကနဲဖြစ်သွားတယ်။

"ဘာ၊ ဘာကူညီရမှာလဲဟင်"

"ကိုသိုက်လေ၊ ဝင်းကိုသိုက် ဟီးအီးရွတ်"

စန္ဒီမိုးခေါင်းထဲ အတွေးတွေပလုံစီအောင်ထသွားတယ်။ ဒီမိန်းမ ဒီလောက်ရှုက်ကြီးတင်ငိုနေပုံထောက်ရင်၊ ဝင်းကိုသိုက်က စန္ဒီမိုးနဲ့ သူ့ အကြောင်း မြမြလတ်ကိုပေါ်တင်ပဲရှင်းပြလိုက်ပြီး မြမြလတ်နဲ့ ကွာကြရှင်းကြဖို့ ပြောလိုက်တယ်ထင်ပါရဲ့။ တကယ်ဆို စန္ဒီမိုးနဲ့ တွေ့ကြပြီး တိုင်တိုင်ပင်ပင်လုပ်ပါဦးတော့လား။ ငါးနှစ်စာလောက်အောင့်ထားခဲ့ပြီးမှ ဒီအချိန်လောက်ကိုတောင် မစောင့်နိုင်တော့ဘူးလား။

"ခက်ပါပေ့မောင်ရယ်၊ ဘာကြောင့်များ အလောတကြီး လုပ်ရတာပါလိမ့်"

စန္ဒီမိုးက အတွေးစကို ဖြတ်ချလိုက်ပြီး၊ မြမြလတ်ကို မဝံ့မရဲ မေးလိုက်တယ်။

"ဝင်းကိုသိုက် ... သူ ... သူက ဘာပြောလို့လဲဟင်"

"ဘာမှမပြောပါဘူး ဟီး ရွတ်"

"ဟင် ဘာမှမပြောဘဲနဲ့၊ နင်ကငါ့ဆီဘာလို့ လာငိုရတာလဲ"

"ဟီး အီး သူလေ ကောင်မလေးတစ်ယောက်ကို အိမ်တွေ ဘာတွေ ငှားပေးပြီးအတူ နေနေပြီတဲ့ စန္ဒီမိုးရဲ့ ဟီး ရွတ်"

"ဘာ"

စန္ဒီမိုးတစ်ကိုယ်လုံး ဖျင်းကနဲဖြစ်သွားတယ်။ မဟုတ်သေးဘူး မဟုတ်နိုင်ဘူး။ တစ်နေ့ကတင် ဝင်းကိုသိုက်က စန္ဒီမိုးဆီမှာ သံယောဇဉ် လက်ကျန်တွေ ကွန်တိန်နာတစ်လုံးစာလောက် ကျန်နေသေးတယ်ဆိုတဲ့ အပေါက်မျိုးချိုးသွားပြီတော့။ စည်းမဖောက်ချင်လို့ သံယောဇဉ်လက်ကျန်တွေချိတ်ပိတ်သော့ခတ်ထားရတယ်ဆိုတဲ့ သဘောမျိုးပြောသွားပြီတော့။ မဟုတ်နိုင်ဘူး။ ဝင်းကိုသိုက်က ဒီလို့လုပ်မယ့်လူမဟုတ်ဘူး။

"နင့်ဟာက ဟုတ်မှဟုတ်ရဲ့လားမြမြလတ်ရယ်။ တော်ကြာ လူမှား





နေတာဖြစ်ပါဦးမယ်"

"ဟုတ်သမှသိပ်ဟုတ်။ ပြောတဲ့လူက အိမ်လိပ်စာအတိအကျနဲ့ ကို ပြောလာတာ"

"ဘယ်သူကနင့်ကိုပြောတာလဲ"

"အရင်တုန်းက၊ ငါတို့နဲ့ တစ်ကုမ္ပဏီတည်းလုပ်ခဲ့တဲ့ မိန်းမတစ်ယောက်ကပြောတာ"

အင်း၊ အရင်တစ်ကုမ္ပဏီတည်းလုပ်ခဲ့တယ်ဆိုတော့၊ မြမြလတ် ရော၊ ဝင်းကိုသိုက်ကိုပါသိမှာ အသေချာပါပဲ။

"အော် ဝင်းကိုသိုက် ဒင်းအတော့်ကို ကြောက်စရာကောင်းပါလား"

စန္ဒီမိုးကိုကျတော့ အိုက်တင်ကြီးတစ်ခွဲသားနဲ့ အိမ်ထောင်ရေးကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲအောင် ခက်ခက်ခဲခဲကြိုးပမ်းအားထုတ်နေရတဲ့ ပုံစံမျိုး။ နောက်ကွယ်ကျတော့ ဒင်းက စီနီယာ ဂျူနီယာလေးတွေနဲ့ကို။ ဒီကတော့ သံယောဇဉ်ပေါင်းကို အကြောင်းမဖြတ်နိုင်လို့ ငရဲအကြီးခံပြီး အောက်ကျခံ ကြောင်တောင်နှိုက်ခဲ့ရတာ။ ရက်လိုက်တာနော်။ မျက်နှာကိုဓားနဲ့သာလှီးပစ်ချင်တော့တာပဲ။ မျက်နှာပေါင်းတင်ထားတာလေး နမြောနေမိလို့။ နို့မဟုတ်ရင်တကယ်ကိုလှီးပစ်တယ်။

"တွေ့ကြသေးတာပေါ့၊ ဝင်းကိုသိုက်ရယ်"

စန္ဒီမိုးကတစ်ဖက်သတ်တွေးရင်း ဒေါသဒီဂရီတွေ တစ်မှတ်ပြီး တစ်မှတ်မြင့်တက်လာပါတယ်။ တစ်ကယ်ဆို ဝင်းကိုသိုက်က ပြောခဲ့သားပဲ။ နတ်နေကိုင်းပါလို့။ ဒင်းဖက်က တစ်ဖက်သတ်အချိုင်ခံချင်နေပြီတော့။ ဒီပွဲက ဘယ်သူမှား ဘယ်သူမှန်တယ်ဆိုတာ ပြောရခက်သေမဲ့ ဒေါသတွေ လက်စမသတ်နိုင်တဲ့ စန္ဒီမိုးက

"ဟဲ့ မြမြလတ် နင်အဲဒီအိမ်လိပ်စာသိတယ် မဟုတ်လား။ ဒါ ဒီအတိုင်း နေလို့မဖြစ်ဘူး။ လာအခုသွားရှင်းမယ်"

"ဖြစ် ... ဖြစ်ပါမလားဟင်၊ ပြီးတော့ ဝင်းကိုသိုက်က ရှိရှင်မရှိဘာ"

မြမြလတ်က တွေးတွေးဆဆပြောလိုက်တယ်။ တော်ကြာ



www.burmeseclassic.com

အကိုင်အတွယ်မတတ်လို့ တစ်ခါတည်းပြတ်သွားမှဖြင့်။ စွန်ပြတ်တာ ခံနိုင်ပေမဲ့ လင်ပြတ်တာတော့မခံနိုင်ဘူး။ ကိုယ်ကချစ်လို့ယူထားခဲ့တဲ့ ယောကျ်ားဆိုတော့ သူစိမ်းရင်ကိုယ်စိမ်း၊ သူကြင်မှကိုယ်ကြင်မယ်လို့ ပစ်ပစ်ခါခါ မသွားရက်နိုင်ဘူး။ ဂျင်းစိမ်းနဲ့ မိသာလင်ဖြစ်ခဲ့ရင်တောင်မှ ဟင်းတစ်အိုးထဲတော့ ရောသမမွှေခံချင်သေးတာ။

"အို ရှိရှိ မရှိရှိပေါ့။ နင်အဲဒီလိုပျော့စိစိလုပ်နေလို့ ဟိုက ဒီအချိုး မျိုးချိုးသွားတာပေါ့၊ တောက် ငါနဲ့နေရာချင်းသာလဲလိုက်ချင်တယ်"

အဲ---ပြောပြီးမှ စကားမှားသွားမှန်းသိလိုက်တယ်။ မြမြလတ်က မျက်လုံးလေးကလယ်ကလယ်နဲ့...

"သွားဆိုလည်းသွားကြတာပေါ့ဟယ်။ နေရာချင်းတော့ မလဲပါရ စေနဲ့"

ငေါ့တာလား၊ ရွဲ့တာလားတော့ မပြောတတ်ဘူး။ စန္ဒီမိုးမှာ တော့ အောင့်သီးအောင့်သက်။ ဒါနဲ့ပဲ ဒုက္ခိတပျားတုပ်မမြမြလတ်ကို လက်ဆွဲပြီး တက္ကစီတစ်စင်းကို အပြေးအလွှားငှားလိုက်ရတယ်။

"ကားဆရာရေ၊ အိမ်နံပါတ်ကိုး သမုဒယလမ်း၊ ရွှေပြည်သစ် ရပ်ကွက်ကို သွားချင်လို့ မြန်မြန်လေး"

"ဟုတ်ကဲ့ ရပါတယ် တက်ပါ"

ကားပေါ်တက်ပြီး အတော်လေးမောင်းမိမှပဲ စန္ဒီမိုးလည်း ကိုယ့်ကိုယ်ကိုသတိထားမိတော့တယ်။

"ဟိုက် အဝတ်အစားမလဲခဲ့ရဘူး"

ဟုတ်ပါရဲ့။ စန္ဒီမိုးက အားကစားလုပ်ရင်းတန်းလန်း မြမြလတ် ကို ထွက်တွေ့ခဲ့တာလေ။ တော်ပါသေးရဲ့။ ထမီလေးတော့ ကောက်စွပ်လာမိလို့။





ဘီးလေးဘီးလုံးတဲ့ကနဲရပ်သွားတာကြောင့် စန္ဒီမိုးရော မြမြလတ်ပါ ကားထဲကနေ အပြင်ကိုလှမ်းကြည့်လိုက်ပါတယ်။ တက္ကစီ ဆရာက

"ရောက်ပြီ။ အစ်မလေးတို့"

မြမြလတ်က ဘေးဘီကိုအကဲခက်တယ်။ ရပ်ကွက်ကတော့ ဆင်ခြေဖုန်းထဲက သီးသန့်လိုဖြစ်နေတဲ့ ရပ်ကွက်မျိုး။ အထည်ကြီးပျက် ရပ်ကွက်လို့ပြောရမလားမသိဘူး။ ဈေးကောင်းတဲ့နေရာက အိမ်ကို ရောင်းပြီး ဝိတ်လျှော့တဲ့လူတွေ ဇနေတက်ကဲ့နေရာမျိုး။ ကားရပ်လိုက်တဲ့ ရှေ့တည့်တည့်ကအိမ်ကို လှမ်းကြည့်လိုက်တော့၊ တစ်ထပ်သစ်သား အိမ် လေး။ အိမ်မျက်နှာစာနံရံမှာ ဗိုင်ဘာပြားလေးနဲ့ (9) ဆိုပြီး အင်္ဂလိပ်လို ရေးထားတယ်။

"ဒါ၊ သမုဒယလမ်းဟုတ်ပါတယ်နော်"

စန္ဒီမိုးက မရောက်ဖူးတဲ့နေရာမို့ သေချာအောင်ထပ်မေးလိုက် တယ်။ ကားဆရာက ပြုံးပြုံးကြီးနဲ့--

"သေချာပါတယ် ဒီလမ်းက သမုဒယလမ်း။ ဟိုဘက်လမ်းက ဘစ်ဒင်္ဂလမ်း၊ တစ်လမ်းကျော်က မရိုးမရွလမ်း။ ဟဲဟဲ ကျွန်တော်က ဒီဘက်ကိုပါစင်ဂျာပို့နေကျ။ ကျွန်တော်တို့တက္ကစီမန်းတွေက၊ ဒီရပ်ကွက်ကြောင်း ကို အငယ်လေးတို့ရွာလို့ခေါ်တယ်။ အငယ်တွေနေတာများလို့လေ ဟဲဟဲ အစ်မလေးတို့လို ထမီစွန်တောင်ဆွဲပြီး လိုက်လာတဲ့ အမျိုးသမီးတွေ ဆီ ပို့ရတာတင် ဆယ်ယောက်လောက်ရှိပြီ"

www.burmeseclassic.com



တက္ကစီဆရာက သမိုင်းကြောင်း နောက်ခံစုံစုံလင်လင်နဲ့ ဝေဝေ ဆာဆာလေးရှင်းပြလိုက်တယ်။ အခုနေ ထမီစွန်တောင် ဆွဲကြ ကြေးဆိုရင် စန္ဒီမိုးပဲဆွဲလို့ရမှာ။ မြမြလတ်က ကျောက်ပတ်တီး မဖြေရ သေးတော့ စပန့်သားဘောင်းဘီရှည်ပွပွကြီး ဝတ်လာမိလို့လေ။ အင်း မရှိရှိတာပဲ ဆွဲရတော့မှာပေါ့။မြမြလတ်က လှူ့အရင်ချိုင်းထောက်က ကားပေါ်ကနေ ဆင်းလိုက်ရင်း ...

"ဟို ... ကားဆရာ၊ စောင့်ပေးလို့ရမလားမသိဘူး။ ပြီးရင် ခုနက နေရာပဲပြန်မှာပါ။ ရတယ်မလား"

ကားဆရာက မုတ်ဆိတ်မွေးငုတ်စိလေးကို လက်နဲ့ပွတ်ရင်း

"ရတာပေါ့၊ စောင့်ခတော့သက်သက်ထပ်ပေးရမယ်။ ကြာရင်ကြာ သလောက်ပေါ့။ နောက်ကြောင်းအေးအေးနဲ့သာ ကိုယ့်ကိစ္စကိုယ် ဖြေရှင်း လိုက်ပါ။ ဟဲ ဟဲ"

ကားဆရာက ခါလီပြန်ရမယ့်အတူတူ အပြန်ကြောပါတစ်ခါ တည်းရတော့ အိုကေသွားတယ်။ နားနားနေနေတစ်ရေးတောင်အိပ်လို့ ရသေး။ စန္ဒီမိုးကတော့ ကားပေါ်ကဆင်းပြီး ဒေါင်းတင်မောင်းတင်အနေ အထားနဲ့ ခါးထောက်ပြီး အိမ်ကိုရှုံးနေလေရဲ့။ သူ့ခများ လမ်းတစ်လျှောက် လုံးပြန်တွေးလိုက် ဒေါသဖြစ်လိုက်ပဲ။စိတ်ထဲကတော့ .....

"တွေ့ကြသေးတာပေါ့၊ ဝင်းကိုသိုက်ရယ် .."

မြမြလတ်က မဝံ့မရဲလေးနဲ့ စန္ဒီမိုးဘေးနားလာရပ်ရာရင်း လေသံပျော့ပျော့လေးနဲ့ ...

"ဖြစ် ..ဖြစ်ပါ့မလား ဟင်"

"ဘာလို့မဖြစ်ရမှာလဲ။ ငါတစ်ယောက်လုံးပါတယ်။ နင့်မျက်နှာ ပြင်လိုက်စမ်းပါ။ ကိုယ်ကအကြီးပဲ ခပ်တင်းတင်းပေါ့။ ဟောဒီမှာကြည့် ငါ့မျက်နှာကို"

မြမြလတ်လည်း စန္ဒီမိုးအားကိုးနဲ့ ချိုင်းထောက်ကို တင်းတင်း ဆုတ်ရင်း မျက်နှာကို ခုနစ်ခေါက်ချိုးဖြစ်အောင် ပြင်လိုက်ပါတယ်။





ကြောက်စိတ်လေးရှိနေတော့၊ ရှစ်ခေါက်ပြည့်အောင် ချိုးမရဘူး ဖြစ်နေ ဘယ်။ ဟိုကထွက်ရိုက်ရင် ချိုင်းထောက်တန်းလန်းနဲ့ ပြေးနိုင်မှာ မဟုတ် ဘူးလေ။ စန္ဒီမိုးကတော့ မြမြလတ်အတွက်ပါ ဖြည့်ချိုးထားသလို ကိုးခေါက်ချိုးမျက်နှာနဲ့ အိမ်ဆီကို လှမ်းလိုက်ပါတယ်။ အင်း သူတို့နှစ် ယောက်ရဲ့ပုံစံကတော့ မယ်ဝဏ္ဏာဘီလူးမနဲ့ မယ်ကုဝဏ်ဘီလူးမတို့ သွေးသောက်ညီအစ်မဖွဲ့ထားတဲ့ ဒီဇိုင်းမျိုးပါ။ စန္ဒီမိုးက ရှေ့ကလျှောက်ပြီး အိမ်တံခါးကို တွန်းဖွင့်လိုက်တယ်။ တံခါးကဂျက်မထိုးထားတော့ တစ်ခါတည်း ပွင့်သွားတယ်။ တံခါးဖွင့်သံကြားလို့ထင်ပါရဲ့၊ အိမ်ထဲက လှုပ်လှုပ်ရှားရှား အသံထွက်လာတယ်။

"လာပြီ ကိုသိုက်ရေ၊ ကိုသိုက်ကသိပ်နောက်ကျတာပဲ"

မြမြလတ်ခများ တွန့်သွားတယ်။ ဒင်းကလည်း လူများ ခေါ်သလို 'ကိုသိုက်'ဆိုပါလား။ ရာရာစစ။ အသံကိုက ချွဲချွဲပြာပြာနဲ့ ဥပြင့်ကလည်း ချောင်းကင်ဆာဖြစ်ပြီး တွန့်တဲ့အသံမျိုးနဲ့ ခန်းဆီးစကို လှစ်ပြီး ထွက်လာတဲ့ အမျိုးသမီးက အိမ်ပေါက်ဝမှာ။ စန္ဒီမိုးနဲ့ မြမြလတ်ကိုလည်း မြင်လိုက်ရော ...

"ဟင် ကိုသိုက်လည်းမဟုတ် ...၊ နင်တို့က ဘယ်သူတွေလဲ၊ ဘာကိစ္စ လဲ"

ဟိုအမျိုးသမီးက အတော့်ကိုအံ့သြသွားပုံပါပဲ။ တစ်ယောက် က မဖီးလိမ်းမပြင်ဆင်ပဲ ဂျာစီလက်ပြတ်နဲ့ ထမီ ထောင့်တန်းဆွဲနဲ့။ ကျန်တစ် ယောက်ကလည်း ဘောင်းဘီရှည်တစ်ဖက်ခေါက်တင်ပြီး ခြေထောက်မှာလည်းကျောက်ပတ်တီးနဲ့၊ လက်မှာလည်းချိုင်းထောက်နဲ့။ မြမြလတ်က စကားစပြောဖို့အားယူလိုက်ချိန်မှာပဲ စန္ဒီမိုးရဲ့အသံက နှာတစ်ဖျားအသာနဲ့အရင်ထွက်လာပါတယ်။

"အေး နင်မျှော်နေတဲ့ကိုသိုက်တော့မဟုတ်ဘူးဟေ့။ ဟိုကောင်က ဒီလာမယ်ပေါ့။ အဆင်သင့်လိုက်လေ။ တစ်ခါတည်းလက်ပူးလက်ကြပ် ပဲ။ နှစ်ယောက်စလုံးကို တစ်ဘရိတ်တည်းပါးဆွဲရိုက်ပစ်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com

စန္ဒီမိုးက 'နင်တစ်လုံး' 'ငါတစ်လုံး' နဲ့ ခပ်ကြမ်းကြမ်းတွယ်လိုက်ပါတယ်။ ပြောသာပြောရတာ ဟိုမိန်းမက သူတို့နှစ်ယောက်ထက်တောင် အရိုးရင့်မလားပဲ။ မြမြလတ်ကတော့ အဲဒီမိန်းမကိုကြည့်ပြီး အတော့်ကို စိတ်ပိန်သွားပါတယ်။

"ဖြစ်မှဖြစ်ရလေ ကိုသိုက် အဲ ဝင်းကိုသိုက်ရယ်။ ဒါမျိုးကြီးကိုလည်းနင်က ကြိုက်တာပဲလား"

မြမြလတ်စိတ်ပိန်မယ်ဆိုလည်း ပိန်လောက်တယ်။ သူတို့မျှော်လင့်ထားတာက အသက်ငယ်ငယ်၊ ပိန်ပိန်လျလျ၊ ခေတ်ဆန်ဆန်မော်ဒယ်ဂဲလ်လိုပုံစံမျိုး။ အခုမြင်လိုက်ရတာက စန္ဒီမိုးကို မဆိုထားနဲ့ မြမြလတ်ရဲ့တစ်ခြမ်းတောင်မှ မှီအောင်မလှတဲ့ ရွက်ကြမ်းရေကျိုရုပ်မျိုး။ ညိုညိုမောင်းမောင်းကြီး။ အဲ ... ယောကျ်ားတွေကြိုက်တတ်တဲ့ ပစ္စည်းတွေကတော့ ရှယ်ဆိုဒ်ပဲ။ တင်ကြီးကြီး ရင်ကြီးကြီး အားလုံးပေါင်းတော့ ကြီးလေးကြီး။ နောက်ထပ်ကြီးတာတစ်ခုတွေ့ရင် လုံခြုံရေးကောင်စီဖွဲ့လို့ရပြီ။ ကြီးတာမှ ဘော်ဒီသက်သက်၊ ပစ္စည်းသက်သက် ကုန်တင်ကားအိုအိပုံစံမှာ မတန်တဆ over weight တင်ထားသလိုမျိုး။ အဲ နောက်ထပ်ကြီးတာတစ်ခုတွေ့ပြန်ပြီ၊ အဲဒါကတော့ကျစ်ဆံမြီး၊ ဟုတ်တယ်။ ကျစ်ဆံမြီး ကတုတ်တုတ်ခိုင်ခိုင်ကြီး အဲဒီမိန်းမကလည်း လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေအရပ်ရပ် ကို လုံးဝသဘောပေါက်သွားပုံပါပဲ။ ချက်ချင်းပဲ ရင်ကိုချီတင်ကိုကောက် မျက်နှာကိုတင်း စန္ဒီမိုးမျက်နှာကို စေ့စေ့ကြည့်ရင်း ခုနှစ်သံချီကီးကို volume အဆုံးတင်လိုက်ပြီး

"ဟော့ လူများအိမ်ပေါ်တက်လာပြီး စော်စော်ကားကားနဲ့ ပါးရိုက်လိုက်မယ်လေး ဘာ့လေးနဲ့ စမ်းကြည့်လိုက်လေ။ ဘယ်သူ့လက်မြန်သလဲဆိုတာ၊ လက်မြန်လို့ လူများလင်တောင်ဆတ်ကနဲအပါ ဆွဲထားတာဟဲ့၊ အရွမ်းမရှိ အစမရှိတဲ့ဟာမတွေကများ။ နင့်ထက်မက်လို့ငါ့ကိုယူထားတာဟဲ့"

မြမြလတ်ကလန့်ပြီး နောက်တစ်လှမ်း ဆုတ်သွားတယ်။





ဟာ မလွယ်ပါလား။ စန္ဒီမိုးကတော့ ဒေါသတွေ ရှူးကနဲ ဒိုင်းကနဲ ပေါက်ကွဲသွားတယ်။ ဒီလောက်နဲ့ကြောက်တတ်ရင် စန္ဒီမိုးဘယ်ဟုတ်တော့မလဲ။

"အောင်မာ အောင်မာ လူ့ပါးဝလို့၊ စန္ဒီမိုးတဲ့ တစ်မိုးတည်းရှိတယ်ဟော့။ ဘယ်ရောညာပါစုံလွှတ်လိုက်လို့ ပါးကြီးရှစ်စိတ်လုံး ကြွကြွရွရွနဲ့ ကြွပ်ကြွပ်လေးကြော်ပြီးသား ဖြစ်သွားမယ်။ သိရဲ့လားဟဲ့ မယားငယ်ရဲ့"

စန္ဒီမိုးတစ်ယောက်တော့ စကားလုံးကြမ်းကြမ်းတွေနဲ့ အပီပွဲကြမ်းနေလေရဲ့။ ဒီမိန်းမဘယ်အချိန်ကများ ရန်ဖြစ်နည်းသင်တန်းတက်ထားလည်းမသိဘူး။ အခုလည်း ဖက်လုံးမလို့ထင်ပါရဲ့။ နှုတ်ခမ်းတစ်လံပန်းတစ်လံနဲ့ ဆိုးဆိုးဆတ်ဆတ်၊ ထမိကိုဒူးတင်အောင်ပြင်ဝတ်နေလေရဲ့။ တစ်ဖက်ကလည်း ထမီကိုစုံဆွဲပင့်လိုက်ပြီး ...

"ဟော့ ဒီနေရာမှာ ကြီးတာ ငယ်တာလာကြော်ငြာမနေနဲ့။ ကြီးချင်ရင်ကိုယ့်အိမ်ပြန်ပြီး မှန်ရှေ့ရောက်မှကြီးဟော့။ ငါ့အိမ်မှာ ငါအကြီးပဲဟဲ့ မယားကြီးမရဲ့"

"ဟော့ စန္ဒီမိုးတို့က အိမ်မှာလည်းကြီးတယ်၊ လမ်းမှာလည်းကြီးတယ်၊ ဘယ်နေရာမှာပဲဖြစ်ဖြစ် ကြီးရဲတယ်ဟဲ့ မယားငယ်မရဲ့"

နှစ်ယောက်သားရန်ဖြစ်နေတာကို လေ့လာသူအဖြစ်နားထောင်နေတဲ့ မြမြလတ်ခမျာ နားထောင်ရင်းစိတ်ထဲဇဝေဇဝါဖြစ်လာတယ်။ တစ်ခုခုတော့ လွဲသလိုပဲ။ ဘာများလွဲနေတာပါလိမ့်။ မြမြလတ်ကစန္ဒီမိုးလက်မောင်းကို အသာလှမ်းပုတ်လိုက်တယ်။

"ဟဲ့"

ဒေါသအရှိန်တက်နေတဲ့ စန္ဒီမိုးက ဆက်ကနဲလှည့်ပြီး

"ဘာတုံး"

"အဲဒီစကားတွေက ငါ ...ငါပြောရမှာလေ စန္ဒီမိုးရဲ့။ ငါကမယားကြီးအစစ်လေဟာ"

အော်၊ မယားကြီးတောင်အစစ်အတုရှိသေးတာကိုး၊ မယားငယ် ကလည်း ဇဝေဇဝါဖြစ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး နင်တို့နှစ်ယောက်မှာ ဘယ်သူကမယားကြီး အစစ်လဲ"

စန္ဒီမိုးခမျာ ဟပ်ကော့ကြီးဖြစ်သွားတယ်။ တစ်ဝက်လောက် လျှော့သွားပြီဖြစ်တဲ့လေသံနဲ့

"ဟဲ့ စစ်စစ်တုတု နင့်အပူမပါဘူးဟဲ့ မယားငယ် မရဲ့"

"ပါတယ်ဟဲ့ပါတယ်၊ ရန်ဖြစ်တာကြားကပွဲစားမလိုဘူး၊ မဆိုင်ရင် ဂလိုင်လာမခေါက်နဲ့။ မဆိုင်တဲ့လူနဲ့ ရန်ဖြစ်ရတာ မယားငယ်သိက္ခာကျ တယ်။ ဆိုင်တဲ့လူနဲ့တိုက်ရိုက်ဖြစ်မယ်။ ဒီကြားထဲကမှ ဆိုင်ချင်သေးတယ် ဆိုရင် နင်ငါ့နောက်ကလာတန်းစီလှည့်။ နင့်နေရာက ငါ့နောက်မှာဟဲ့"

"အင့်"

စန္ဒီမိုးခမျာ အင့်ကနဲဖြစ်သွားတယ်။ တန်းစီရမယ်ဆိုရင် တောင် မယားငယ်မနောက်ကမှတဲ့။ ဒီတစ်လုံးကအထိအနာဆုံးပဲ။ မျက်ရည်ဝိုင်း လာတာမှချက်ချင်းလိုလိုပါပဲ။

*"မငိုနဲ့စန္ဒီမိုး၊ နင်မငိုနဲ့စမ်း။ အစကတည်းက နင်မနိုင်တဲ့ပွဲမှာ မျက်ရည်ကျရင်ထပ်ရှုံးတာပဲ"*

စန္ဒီမိုးက မျက်ရည်မကျအောင် မျက်လုံးပုတ်ခတ်ပုတ်ခတ်လုပ်ပြီး အံတင်းတင်းကြိတ်လိုက်တယ်။

မြမြလတ်ကလည်း အခြေအနေကို ရိပ်စားမိသွားတယ်။ ကြက်သမားစကားနဲ့ပြောရရင် ဒါဦးလည်တာပဲ။ ကြက်ဖတစ်ကောင်ဟာ ပထမဦးဆုံးခွပ်တဲ့ပွဲမှာ အရှုံးနာအောင်အခွပ် ခံလိုက်ရရင် နောင်လာသမျှ ပွဲမှာ ကြီးကြီးငယ်ငယ် ခံမခွပ်တော့ဘဲ လည် ပြီးပြေးတာပဲဟော့။ ဒီပွဲမှာတော့ မြမြလတ်တစ်ယောက်ဦးလည်းပြီဆို တာပါဘဲ။ အင်း လှည့်ပြန်ချိန် တန်ပြီထင်ပါရဲ့ အဲဒီအချိန်မှာပဲ အိမ်ပေါ် တက်လာတဲ့ခြေသံ ကြားလိုက်ရတယ်။ ဒါ ...ဒါ ...။

ရန်ဖြစ်နေတုံး လုံးခြာလည်ခြာလိုက်သွားတဲ့ မယားငယ်မက ဦးအောင်တံခါးဝဆီ ပြေးသွားလိုက်တယ်။





"အမယ်လေး...ကိုသိုက်ရဲ့ ညီမကိုလေ၊ သူတို့ ညီမကို... ဟီး ရှုတ်"

ကိုသိုက်တဲ့၊ မြမြလတ်တစ်ယောက်ဝမ်းနည်းစိတ်က ကြိတ် မနိုင် ခဲမရဖြစ်လာတော့တယ်။ ကိုင်ထားတဲ့ ချိုင်းထောက်က တဆတ်ဆတ် တုန်လာတယ်။ စန္ဒီမိုးကတော့ လှည့်လည်းမကြည့်ဘူး။ မတုန်မလှုပ် ကျောက်ဆစ်ရုပ်လို ရပ်နေလေရဲ့။ ရင်ထဲမှာ ငိုကြွေးနေတဲ့ ကျောက်ဆစ် ရုပ်လေးပေါ့။ မြမြလတ်က ချိုင်းထောက်ကို အားပြုပြီး ဖြည်းဖြည်းချင်း လှည့်လိုက်တယ်။ တံခါးဝမှာ မယားငယ်မမှီတွဲပြီး ရပ်နေတာက

"ဟင် ... ဝင်းကိုသိုက်လည်းမဟုတ်ဘူး"

မြမြလတ်ရဲ့အာမေဋိတ်သံအဆုံးမှာ ကျောက်ဆစ်ရုပ်မ စန္ဒီမိုးကလည်း အလန့်တကြားလှည့်ကြည့်လိုက်ပါတယ်။

"ဟင် သူကဘယ်သူတုံး"

ဟုတ်ပါရဲ့၊ ဟိုမှာရပ်နေတာက အသက်ငါးဆယ်လောက် ရှိမယ့် ဘဲကြီးတစ်ဘွေ။ သူကလည်းမြမြလတ်နဲ့ စန္ဒီမိုးကို တအံ့တသြ ကြည့်ရင်း

"သူတို့က ဘယ်သူတွေတုံး"

မယားငယ်မကလည်း ဇဝေဇဝါဖြစ်သွားတယ်။

"ဟင်...သူတို့က ကိုသိုက်ရဲ့ ... ဟိုဥစ္စာတွေမဟုတ်ဘူးလား"

မြမြလတ်က အခြေအနေကို သဘောပေါက်သလို ရှိသွားတယ်။

"ဒါအိမ်နံပါတ်ကိုး သမုဒယလမ်းမဟုတ်ဘူးလား"

မယားငယ်မလည်း ဝမ်းခြစ်ဝမ်းတောက်ပါပဲ။

"အော် နင်တို့က အိမ်မှားလာတာပေါ့၊ ဒါအိမ်နံပါတ်ခြောက်ဟဲ့။ အမယ်လေးကိုသိုက်ရဲ့ ညီမကိုယ်က ကံဆိုးပါတယ်။ မယားငယ်ဖြစ်ရတဲ့ ဘဝမှာတောင် မယားကြီးအစစ်မဟုတ်တာတွေ ဝိုင်းသမတာခံရသေး တယ်။ ကိုသိုက်ရဲ့၊ ဟီး ရှုတ်"

မယားငယ်မက ပျစ်ပျစ်ချွဲချွဲလေးငိုပါတယ်။ မြမြလတ်က



www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းရှုံ့လိုက်ရင်း ...

"နေစမ်းပါဦး ဒါဖြင့်အိမ်ရှေ့မှာ အိမ်နံပါတ်ကိုးဆိုပြီး ဘာလို့ ရေးထားသေးလဲ"

မြမြလတ်ကစာေဒကတက်လိုက်တယ်။ ဟုက်တယ်လေ အိမ်ရှေ့မှာ ဖိုင်ဘာပြားနဲ့ကို အသေအချာရေးထားတာပဲဟာ။

"ဟဲ့ အင်္ဂလိပ်လို (6)လို့ရေးထားတာ။ ဒါတောင် မဖတ်တတ်ဘူးလား။"

ဟိုမိန်းမကရန်ပြန်တွေ့ပါတယ်။ စောစောက ရန်ဖြစ်နည်း lecture ရထားလိုက်တဲ့မြမြလတ်က

"ဟဲ့ နင့်ခြောက်ကို အသေအချာသွားကြည့်စမ်းပါဦး၊ ကောင်မ ရဲ့"

ကောင်မ အဲလေ ဟိုမိန်းမက အိမ်ပြင်ထွက်ပြီး သူ့အိမ်နံပါတ်သူပြန်သွားကြည့်ပါတယ်။ အိမ်နံပါတ်ပြားလေးက အပေါ်သံချက်ပြုတ်ပြီး ၁၈၀ဒီဂရီလည်ထွက်သွားကာ အင်္ဂလိပ်လို (9)ဖြစ်နေတာပါ။ ဒီသံနယ်နော်၊ ဒီနေ့မှတိုက်တိုက်ဆိုင်ဆိုင်ပြုတ်ထွက်ရတယ်လို့။ မြမြလတ်က ခပ်ဝိုင်ဝိုင်ဖြစ်နေတဲ့ စန္ဒီမိုးလက်ကိုဆွဲပြီး ...

"ဟဲ့ လာပြန်မယ်"

စန္ဒီမိုးက မလှုပ်တစ်လှုပ်နဲ့ မြမြလတ်ဆွဲခေါ်ရာပါလာတယ်။ သူ့ခမျာ ရန်ဖြစ်လိုက်ရတာရော၊ မယ်ဘားငယ်ပစ်လိုက်တဲ့ စကားလက်နက်ကြီးအပိုင်းအစတွေ heart ထိသွားတာကြောင့်ရော၊ တစ်ကိုယ်လုံးမှာရှိတဲ့ အားတွေကုန်သွားတယ်ထင်ပါရဲ့။ ချိုင်းထောက်နဲ့ဒုက္ခိတက သူ့ကို ပြန်တွဲရမယ့်ကိန်းဆိုက်နေတယ်။ အိမ်ပေါ်က ဆင်းခါနီးမြမြလတ်က ဟိုအမျိုးသမီးကို ...

"နေစမ်းပါဦး ရှင်က ကိုသိုက် ကိုသိုက်လို့ခေါ်နေရအောင် ဒီအန်ကယ်ကြီးနာမည်က ဘာမို့လို့တုံး"

ဒီတစ်ခါတော့ ဓာတ်ရည်လည်သွားပြီဖြစ်တဲ့ အန်ကယ်ကြီးက ဝင်ဖြေပါတယ်။





"ဘယ်နှယ့် အန်ကယ်ရမှာတုံး၊ အစ်ကိုကြီး လုပ်စမ်းပါ။ အစ်ကိုကြီးနာမည်က သိုက်ထွန်းတဲ့။ အခုလို ရင်းရင်းနှီးနှီး ရန်တောင် ဖြစ်ပြီးသွားပြီဆိုတော့ နောက်ကြုံရင်လည်း လာလည်ကြဦးပေါ့။ အစ်ကိုကြီးက အားလုံးကို ခင်တတ်ပါတယ် ဟဲဟဲ ...။ ညီမလေးတို့နာမည်ကရော ..."

အရေးထဲလမ်းကြုံလိုက်ချင်တဲ့ လူနဲ့တွေ့နေရသေးတယ်။ သိုက်ထွန်းဆိုတဲ့ အန်ကယ်ကြီးလည်း မိန်းမသုံးယောက်ပစ်ခွင်းလိုက်တဲ့ မျက်စောင်းသုံးစင်းကို တစ်ပြိုင်နက်လက်ခံရရှိလိုက်ပါတယ်။ အမယ် မိန်းမတွေက တစ်ယောက်နဲ့တစ်ယောက်သာမတည့်တာ ဒီနေရာကျ တော့ လက်ရည်တူသားပဲ။ မြမြလတ်က တက္ကစီကားတံခါးဖွင့်ပြီး ကားပေါ်တက်မယ်အလုပ် အိမ်နံပါတ်ကိုးရှိမယ့် ဘက်ကိုလှမ်းကြည့်လိုက်ပါတယ်။

"ဟင်"

တိုက်တိုက်ဆိုင်ဆိုင် တွေ့လိုက်ရတာက မျက်နှာချင်းဆိုင်ဘက် အခြမ်းမှာ အံ့အားတသင့်နဲ့ မြမြလတ်ကို လှမ်းကြည့်နေတဲ့ ဝင်းကိုသိုက် နဲ့ သူ့လက်မောင်းကိုတွဲထားတဲ့ အသက်၂၀လောက်ရှိမယ့် ကောင်မလေး တစ်ယောက်။ ကားထဲအရင်ရောက်နှင့်နေတဲ့ စန္ဒီမိုးကလည်း တွေ့လိုက်ပေ မယ့် ဒီတစ်ခါ ဝင်းကိုသိုက်ကို တွေ့လိုက်ရတဲ့ ခံစားချက်က ဆုံထုံအအ ကြီး။ရင်လည်းမခုန်တော့သလို သွေးလည်းမတိုး၊ အသက်ရှုလည်း မြန်မလာတော့ဘူး။ ဒါပေမယ့် မိန်းမတွေရဲ့ မွေးရာပါဗီဇစိတ်အတိုင်း ဝင်းကိုသိုက်နဲ့တွဲလာတဲ့ကောင်မလေးကို လှမ်းကြည့်ဖြစ်အောင် ကြည့်လိုက်သေးတယ်။

"*ဒီကောင်မလေး ငါမြင်ဖူးသလိုပဲ*"

အသေအချာ ထပ်ကြည့်မိတော့မှ ...

"*ဟင် ဒါ Plaza အိမ်သာအပေါက်ဝမှာ ဆုံမိတဲ့ ကောင်မလေး*"

မြမြလတ်ကတော့ ဘယ်ကနေဘယ်လို ဝင်းကိုသိုက်တို့ရှေ့



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွား မှန်းမသိလိုက်တော့ဘူး။ ဘယ်လောက်ပဲသွေးကြောင်တယ် ပြောပြော လင်ဆိပ်ကငယ်ထိပ်ရောက်လာတော့ ကိုယ့်စိတ်ကိုထိန်းလို့ မရတော့ဘဲ ဝင်းကိုသိုက်လက်မောင်းကို တွဲထားတဲ့ကောင်မလေးကို ချိုင်းထောက်နဲ့ လွှဲရိုက်လိုက်ပါတယ်။ ကောင်မလေးက ကြောက်လန့်တကြားနဲ့ ဝင်းကိုသိုက်ရဲ့ နောက်ကိုဝင်ကွယ်လိုက်ရင်း မြမြလတ်ကို မော့ကြည့်လိုက်တယ်။ မြမြလတ်မြင်လိုက်ရတာက ဝဲကနဲ ဖြစ်သွားတဲ့ ဆံပင်တွေအလွင့်မှာ ကြောက်ရွံ့နေတဲ့ မျက်နှာပေါ် ဘယ်ဘက်ပါးရိုးထက်မှာ ထင်းကနဲဖြစ် သွားတဲ့ မှဲ့နက်ကလေးရယ်။ မြမြလတ်ရွယ်ထားတဲ့ ချိုင်းထောက်က ရုတ်ကနဲ ပြုတ်ကျသွားတယ်။

"ပါးရိုးပေါ်က မှဲ့နက်ထင်းထင်းလေး"

ဟုတ်တယ်၊ မြမြလတ်မှာလည်း အဲဒီနေရာမှာပဲ မှဲ့ကလေး တစ်လုံးရှိတယ်။

"ကိုသိုက်ရယ်"

မြမြလတ်ရင်ထဲမှာတော့ နာမည်တပ်လို့မရတဲ့ ခံစားချက်တွေ တစ်ခါတစ်လေကျတော့ မိန်းမတွေရဲ့ခံစားချက်က အတော့်ကိုနားလည်ရခက်သားပဲ။ တကယ်လို့ အဲဒီမိန်းကလေးရဲ့ ပါးရိုးလေးပေါ်မှာ မှဲ့နက်ကလေးသာမပါခဲ့ရင် ...

မြမြလတ်က ဝင်းကိုသိုက်ရှေ့တည့်တည့်ရပ်ရင်း

"ကိုသိုက်ရယ် နင်ငါ့မျက်နှာပေါ်က မှဲ့လေးတစ်လုံးတည်းနဲ့ နင့်စိတ်အဆာပြေအောင် နောက်ထပ်မှဲ့ကလေးတွေ ဘယ်နှစ်လုံးတောင် ဆက်ရှာနေဦးမှာလဲဟင် ကိုသိုက်"

မြမြလတ်ကဒီစကားတစ်ခွန်းပဲ အနိုင်နိုင် ပြောနိုင်ရှာတော့တယ်။ ရင်ထဲမှာလည်း ဆို့နစ်ရစ်ကြပ်လို့။ ဟိုကောင်မလေးကတော့ သူ့ပါးရိုးပေါ် ကမှဲ့လေးကို ယောင်ယမ်းစမ်းကြည့်မိတယ်။ အခုမှ သတိဝင်လာတဲ့ ဝင်းကိုသိုက်က စိုးရိမ်တကြီးနဲ့ ...

"မြမြလတ်"





မြမြလတ်က လက်ကာပြလိုက်တယ်။ 'ဘာမှမပြောပါနဲ့' ဆိုတဲ့ သဘော။ မြမြလတ်ကိုယ်တိုင်လည်း ဘာဆိုဘာမှ ပြောချင်စိတ်မရှိတော့ဘူး။ အဲဒီ အချိန်မှာပဲ

"တီ.တီ.တီ"

မြမြလတ်ရဲ့ **Hand Phone** ကတီးလုံးသံလေးပါ။ မြမြလတ်က နှမ်းလျစွာနဲ့ပဲ ဖုန်းဖွင့်ပြီး နားထောင်လိုက်ပါတယ်။

"ဟာလို"

"............"

တစ်ဖက်က ပြောတာတွေနားထောင်ပြီးချိန်မှာတော့ မြမြလတ် ရဲ့မျက်နှာမှာ စိုးရိမ်မှုအရိပ်အယောင်တွေ တရိပ်ရိပ်တက်လာတယ်။ ဝင်းကိုသိုက်ဖက် ဆတ်ကနဲလှည့်ပြီး တည်ငြိမ်အောင် ထိန်းထားတဲ့ လေသံနဲ့ ...

"ကိုသိုက် ...နင်တစ်သက်လုံးနောင်တမရချင်ဘူးဆိုရင် နင်ငါနဲ့ တစ်ခါတည်းလိုက်ခဲ့ပါဟာ။ သမီးလေး အခုဆေးရုံမှာတဲ့"

မြမြလတ်က ပြောပြီးတာနဲ့ ချာကနဲတက္ကစီကားဆီကို လှမ်းထွက်သွားလိုက်တယ်။ ခဏတာမှင်သက်မိနေတဲ့ ဝင်းကိုသိုက်က မြမြလတ်ကို လှမ်းဆွဲရင်း ...

"မြမြလတ် ငါ့ဆီမှာ ကားပါလာတယ်။ ငါ့ကားနဲ့ဆေးရုံသွားရအောင်"

ဝင်းကိုသိုက်က ကောင်မလေးကို တောင်းပန်သလို ကြည့်လိုက်ပါတယ်။ မြမြလတ်ကတော့ တက္ကစီကားပေါ်က စန္ဒီမိုးဆီ လှမ်းကြည့်တယ်။ ပြီးတော့ နှစ်ယောက်သား ဝင်းကိုသိုက်ရဲ့ ကားပေါ်တက်ပြီး မောင်းထွက်သွားပါတယ်။ အရိပ်အကဲ အထူအပါးနားလည်ဘဲ့ကားဆရာလည်း ကားစက်နှိုးလိုက်ပြီး

"စောစောကနေရာကိုပဲ ပြန်မှာမဟုတ်လား"

စန္ဒီမိုးက သက်ပြင်းရှိုက်ပြီး ခေါင်းညိတ်ပြလိုက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



တက္ကစီ လေးက တရွေ့ရွေ့မောင်းထွက်သွားပါတယ်။ ဟိုကောင်မလေး ကတော့ ကားနှစ်စီးထွက်သွားတဲ့ နောက်ကို မျက်စေ့တစ်ဆုံးငေးကြည့်ပြီး လမ်းမပေါ်မှာပဲ မတ်တပ်ရပ်လေးကျန်ခဲ့လေရဲ့။





အခုတော့လည်း ဓါတ်လမ်းတွေအားလုံး နိဂုံးသတ်ခဲ့ပါပြီ။ ဆုံးသွားတဲ့ဓါတ်လမ်းမှာတော့ စန္ဒီမိုးတစ်ယောက် ဖွတ်မရ၊ မားမဆုံးတဲ့ ကိန်းပါပဲ။ ငါးနှစ်တာ အိပ်မက်လေးဟာလည်း ဆပ်ပြာပူဖောင်းလို ဖောက်ကနဲ ပေါက်သွားခဲ့ပါပြီ။ ဝင်းကိုသိက် ဆိုတဲ့နာမည်အစား အနာရွတ်တစ်ခုပဲ ရင်ထဲ အသည်းထဲ စွဲကျန်ရစ်ခဲ့တယ်။ အနာရွတ် တောင်မှ သွေးစိမ်းရှင်ရှင်ကျခဲ့ပြီးမှ ရခဲ့တဲ့ အနာရွတ်မျိုး။ နာချိန်မှာ မနာတတ်ခဲ့တဲ့ အသည်း၊ ဟက်တက်ကွဲတာပဲ ကောင်းတယ်။

အခုအချိန်မှာတော့ စန္ဒီမိုးနှလုံးသားက တစ်မိနစ်မှာ ၇၂ ခါလောက်ပဲ ခုန်တတ်တော့ပြီး ခန္ဓာကိုယ်အနှံ့က သွေးဟောင်းတွေ လက်ခံရုံ၊ သွေးသစ်တွေ ခန္ဓာကိုယ်အနှံ့ဆီ ပြန်ပို့ရုံဆိုတဲ့ ကိစ္စလောက်ပဲ နားလည် တတ်တော့တယ်။

အော်၊ ကိလေသာ အပူမီးဆိုတာ၊ အရမ်းကို ပူလောင်တာ ပါပဲလားလို့၊ တရားသဘောကို နှလုံးသွင်း၊ လောကီ ကိစ္စတွေကို ခွတ်အတင်း စိတ်နာပြီး၊ သီလရှင်ဘဝနဲ့ အရိုးထုတ်ရင် ကောင်းမလားလို့ စိတ်ကူးကြည့်ပေမယ့်၊ မကြာခင်ကမှ စက်နဲ့ ဆွဲဖြောင့် ထားတဲ့ ဆံပင်ကိုလည်း နမြောတယ်။ ဒါနဲ့ပဲ သီလရှင်ဝတ်မယ့် စိတ်ကူးကို ခေါက်သိမ်းလိုက်ရတယ်။

*"အင်း၊ နိုင်ငံခြားကို ပညာသွားသင်ရင် ကောင်းမလား မသိဘူး"*

ဟုတ်တယ်လေ။ ကိုရီးယားကားတွေထဲမှာ မင်းသား မင်းသမီး တွေ အသည်းကွဲရင်၊ နိုင်ငံခြားသွားပြီး ပညာသင်တော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုကျ ပြန်တော့လည်း တစ်ယောက်တည်း ကျန်ရစ်ခဲ့မယ့် သူ့အမေကို ဘယ် သူက အနီးကပ် ပြုစုပါ့မလဲ။ စိတ်မချနိုင်ပါဘူးလေ။ ဒီဘဝမှာ ဘွဲ့ရရုံ ပညာသင်ထားရင် တော်ပြီပေါ့။

တကယ်ဆိုရင် စိတ်မချရမှာက စန္ဒီမိုးအမေ မဟုတ်ပါဘူး။ စန္ဒီမိုး ရယ်ပါ။ ပန်းသတင်း လေညှင်းဆောင်၊ လူသတင်း လူချင်းဆောင် ဆိုသလို စန္ဒီမိုးသတင်းကလည်း သူ့ရဲ့အမေ နားထဲ ရောက်သွားတယ် ဆိုရင်ပဲ စန္ဒီမိုးရဲ့ မာတာ မိခင်ကြီးက သူ့ရင်ဘတ်ဒရမ်တီးပြီး ...

"အောင်မလေး မိစန္ဒီ၊ ဖြုတ်စဗျင်းတောင်းမ၊ အိုးစွပ် ခွက်စွပ်မ၊ ဟင် ... မိဘမျက်နှာ အိုးမည်းသုတ်တဲ့ကောင်မ၊ လာစမ်း၊ အခုလာစမ်း ...။ ညည်းကိုညည်း ဘယ်တိုင်းပြည်မှာများ နေတယ်အောင့်မေ့နေလဲ ကဲ ဟယ်"

"ဖြန်း" "ဖြန်း"

ပါးစပ်ကလည်း တရစပ်ပြောရင်း လက်ကလည်း အတွဲလိုက် လွှတ်လိုက်ပါတယ်။

"အား၊ နာတယ်၊ အမေရဲ့ ၊ သမီး ဘာလုပ်လို့လဲ"

"အော်၊ ညည်းလုပ်တာ ညည်းမသိဘူးပေါ့။ ကဲဟာ မသိဦး၊ မသိဦး

သူ့အမေ ဒေါ်သတကြီးနဲ့ လိုက်ရိုက်နေသမျှ၊ စန္ဒီမိုးခမျာ လက်နဲ့ လည်းကာ၊ လူလည်းလွတ်အောင် လှည့်ပတ်ပြေးနေရတယ် အရိုက်မခံရ တာကြာပြီဆိုတော့ ဒီလို အရိုက်ခံရတာ အတော်နာသား အဆီကျအောင် ကစားထားလို့ နဂိုကတည်းက ကြွက်သားတွေ နာနေတဲ့ အထဲ။

"အား၊ ကျွတ်၊ ကျွတ်"

"မဖြစ်ဘူး၊ မဖြစ်ဘူး။ နင့်ကို ဒီအတိုင်းထားလို့တော့ မဖြစ် တော့ဘူး။ အိမ်ထောင်ချပေးမှကို ဖြစ်တော့မယ်"

တစ်မိနစ်ကို ၇၂ ချက် လောက်ခုန်နေတဲ့ စန္ဒီမိုးရဲ့ နှလုံးသား လည်း အချက် ၈၀ လောက် ဆီ အော်တိုပြောင်းသွားပါတယ်။ အမလေး





အိမ်ထောင်ချပေးမလို့တဲ့။

"ဟာ ... မယူဘူးနော် အမေ။ ဒါပဲနော် .. သမီးယောကျ်ား မယူချင်ဘူး"

"ဟဲ့ မယူချင်ရင် အစကတည်းက လက်ငြိမ် ခြေငြိမ် နေပါလား ဟဲ့။ ညည်းက လူရှေ့သူရှေ့ တံမြက်စည်း မြင်းလုပ်စီးပြနေတော့၊ ငါ ဘယ်လိုလုပ်ပြီး စိတ်အေး လက်အေး နေလို့ရမှာလဲ။ ငါ အသက်ကြီးပြီ နင့်ကို မထိန်းနိုင်တော့ဘူး။ ညည်းလို ရှစ်နံမကို လင်ပေးစားမှကို ဖြစ်မှာ"

"ဒါပဲနော် အမေ၊ သမီးက မယူဘူးဆို မယူဘူး၊ ဒီတစ်ခါ တစ်ခုခု ဖြစ်လို့ကတော့၊ သမီးကို အဆိုးမဆိုနဲ့၊ ပြီးတော့ ရုပ်ရှင်တွေထဲကလို ... နှလုံးရောဂါတွေ၊ ဘာတွေ လာမဖြစ်ပြနဲ့နော်၊ သမီး မယုံဘူး"

စန္ဒီမိုးက တန်ပြန် ထိုးစစ်ဆင်လိုက်ပါတယ်။ ဟုတ်တယ်လေ၊ ကိုယ်က အခုအချိန်မှာ လောကကြီးပဲ စိတ်နာသလို၊ ယောကျ်ားတွေပဲ စိတ်နာသလိုလို၊ ကိုယ့်ကိုယ်ကိုပဲ စိတ်နာသလို နာသုံးနာဖြစ်နေတဲ့ အချိန် လေ။ ဆူးစူးရင် အပ်နဲ့ ပြန်ထွင်ရပေမယ့်၊ ယောကျ်ားကြောင့် နာတဲ့စိတ်ကို ယောကျ်ားနဲ့ ပြန်ထွင်လို့ မဖြစ်နိုင်ဘူး။ ဒါပေမယ့် ဒီတစ်ခါတော့ စန္ဒီမိုးရဲ့ အမေက အလျှော့ပေးမယ့်အနေအထား မရှိပါဘူး။

"အေး၊ နင့်ကိုမှ လင်မပေးစားနိုင်ရင်၊ ငါ နင့်အမေ မဟုတ်တော့ ဘူး။ ညည်း ငါ့ ပြောစကားနားမထောင်ရင်တော့ အိမ်ပေါ်ကဆင်းသွား၊ အမွေပြတ်စွန့်လွှတ်ကြောင်း နင့်ဓါတ်ပုံနဲ့ တီဗီကနေ တစ်လတိတိ ကြေငြာ ထည့်ပစ်လိုက်မယ်။ ဘာအောင့်မေ့နေလဲ"

အမယ်လေး ရက်စက်တော့မှာလား။ အမွေပြတ်မယ်တဲ့။ စန္ဒီမိုးရဲ့ အသုံးစရိတ်က တစ်လ နှစ်သိန်း သုံးသိန်းလောက်ရှိတာ၊ အမွေဖြတ် လိုက်မယ်ဆိုရင်၊ နောက်မှ ပြန်ခေါ်တာ မခေါ်တာ အသာထား၊ အခု လောလောဆယ်ဆယ် ငွေကြေးပြဿနာ ပေါ်သွားနိုင်တယ်။ တစ်သက်လုံး မဆင်းရဲဖူးတော့ ဆင်းဆင်းရဲရဲနေရမှာတော့ အကြောက် သား။ စန္ဒီမိုး က နောက်ဆုံး ကျည်ဆံထုတ်သုံး လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အမေ၊ အဲဒီလို အတင်းအကျပ်လုပ်ရင် – သမီး ကိုယ့်ကိုယ်ကို သတ်သေ ပစ်လိုက်မှာနော်"

"အောင်မလေး သေရဲလို့ကတော့ ဆယ်ခါပြန်သေစမ်းပါအေ၊ အေး မသေခင် ဟောဒါလေးတော့ ဆုံးအောင်ကြည့်သွားလိုက်ဦး ..ရော့"

စန္ဒီမိုးအမေက ပြောရင်းဆိုရင်း DVD အခွေတစ်ချပ် ထုတ်ပေး လိုက်တယ်။

"ဒါ ဘာခွေလဲ"

ဘုရား၊ ဘုရား ၊ မဟုတ်မှလွဲရော Internet ပေါ် သူ့ပုံတွေ ရောက်နေတာများလား။ သူလည်း Internet ကာလသား ကြိုက်နှစ်သက် လောက်မယ့် အနေအထားတွေ မလုပ်မိပါဘူး။ ဒါမှမဟုတ် gym မှာ ကစားနေတုံး တစ်ယောက်ယောက်ကများ ခိုးရိုက်ထားတဲ့ပုံတွေများလား။ အို ဟုတ်ဟုတ်၊ မဟုတ်ဟုတ်၊ တစ်ခါတည်း ကြိုကာထားလိုက်မယ်။

"အမေနော်၊ ဒီအခွေထဲက ဥစ္စာတွေက သမီးမဟုတ်ဘူးနော်"

"ညည်းက ဘာအခွေထင်လို့လဲ။ ဒါ ကိုယ့်ကိုယ်ကို သတ်သေတဲ့ လူတွေ၊ မသေခင် ဘယ်လို မချိမဆန့် ခံစားသွားရလည်းဆိုတာ သုတေသန လုပ်ထားတာ"

"အွန့်"

စန္ဒီမိုးခမျာ သူ့အမေစကားနဲ့တင် မချိမဆန့် ခံစားလိုက်ရပါ တယ်။ ဘယ်သူက တကယ်သေမှာလဲလို့။ ဒီက စကားအဖြစ်ပြောတဲ့ ဥစ္စာ၊ အသည်းငယ်ပါတယ်ဆိုမှ ဘာတွေ လာကြည့်ခိုင်းနေမှန်း မသိဘူး။ သူ့အမေကတော့ ဘက်စုံထောင့်စုံကနေ အကွက်စေ့အောင်၊ ကြိုတင် ပြင်ဆင်ထားပုံပါပဲ။ ဒီအတိုင်းဆို အလကားနေ အလကား ယောကျ်ား တစ်ယောက် အဖတ်တင်တော့မယ်ထင်ပါရဲ့။ စန္ဒီမိုးခမျာ တစ်ခါတည်း သာခွေယိုင် ဖြစ်သွားပါတော့တယ်။ စိတ်ပျက်လက်ပျက်သံကြီးနဲ့ ...

"သမီးက ဘယ်က ယောကျ်ားနဲ့ ယူရမှာတုံး"

"မောင်ရေချမ်းနဲ့"





"ဘာ – ကိုရေချမ်းနဲ့၊ ဟာ အမေကလည်း ကိုယ့်သမီး အပျို ထွတ်ထွတ်နုနုလေးကို မုဆိုးဖိုနဲ့ ပေးစားရက်တယ်။ ပြီးတော့ ခဲအိုနဲ့ ခယ်မ ..."

"ဘာဖြစ်လဲအေ့၊ ညည်းက အပျိုဆိုပြီး၊ အပျိုလိုနေလို့လား။ မုဆိုးဖိုက မယားရှိလင်ထက်တော့ တော်ပါသေးတယ် အေ့"

"အွန့်"

ဒုတိယမ္ပိ အလုံးကြီးတစ်လုံး နာဂစ်မုန်တိုင်းနဲ့ နင်လားငါလား ဝင်ဆောင့်လိုက်ပါတယ်။ အမယ်လေး သားအမိအရင်း ခေါက်ခေါက်ချင်း မညာမတာ ပြောထွက်လိုက်တာ။

"အစ်မရေ နင့်ယောကျ်ား နင်မြန်မြန်သာ လာခေါ်လှည့်ပါတော့ အစ်မရဲ့"

စန္ဒီမိုးက ပြည်မြန်မာကနေ သေရွာဆီ အပြီးတိုင်သွားတဲ့ သူ့အစ်မ နန္ဒာမိုးကို တပြီး ငိုလိုက်ပါတော့တယ်။ ဒီ ရေချမ်းဆိုတဲ့ လူကြီး ကလည်း ခဲအိုရာထူး ရာသက်ပန် ယူထားတာ မဟုတ်ဘူး။ စန္ဒီမိုးက ငိုရင်း ကြွေးရင်းနဲ့ပဲ တစ်စုံတစ်ရာကို သွားသတိရလိုက်ပါတယ်။

*"အင်း .. အင်္ဂါသမီး မစန္ဒီမိုးရဲ့ ဇာတာကို ခွဲခြမ်း စိတ်ဖြာပြီး ဟောရမယ်ဆိုရင်တော့၊ အင်း ...စိတ်မဆိုးနဲ့နော်။ ဒီဇာတာရှင်တွေ ဟာ အိမ်ထောင်သည်တွေ၊ မုဆိုးဖိုတွေ၊ တစ်ခုလပ်တွေနဲ့ အရှည် ပတ်သက်ရကိန်းရှိတယ်"*

ဒါ ဗေဒင်ဆရာ အောင်မျိုးလွင်ဆီ ပထမဦးဆုံးအကြိမ် သွားမေး တုံးက ဟောလိုက်တာပါ။ အမလေး ... ဗေဒင်ဆရာရဲ့ မှန်လှ ချည်လား။ ဘယ်အချိန်ထိ လိုက်မှန်နေဦးမှာလဲ။ ဒီလောက် မှန်လွန်း တော့လည်း၊ သောက်ညင်အတောင့်လိုက် ကတ်လာပြီ။ ဒီလောက်မှန်နိုင် လွန်းတဲ့ ဗေဒင်ဆရာတော့ သိကြသေးတာပေါ့။ စန္ဒီမိုးက ဆုံးဖြတ်ချက် တစ်ခုကို ရုတ်တရက်ချလိုက်ပြီးတော့ သူ့အမေကို လှမ်းပြောလိုက်ပါတယ်။

"အမေ ..."



www.burmeseclassic.com

www.burmeseclassic.com

"ဘာတုံး"

"အဲဒီ ဦးရေချမ်း ဆိုတဲ့လူကို ပြောလိုက်။ စန္ဒီမိုးကိုလိုချင်ရင် လေးခွဖြောင့်အောင်ပစ်တတ်ရမယ်လို့။ မပစ်တတ်ရင်တော့ လုံးဝမယူနိုင်ဘူးလို့ ပြောလိုက်"

စန္ဒီမိုးက ပြောဆိုပြီး ဆောင့်ဆောင့် အောင့်အောင့်နဲ့ အိပ်ခန်းထဲ ဝင်သွားပါတယ်။ စန္ဒီမိုး အမေကတော့ ပါးစပ်အဟောင်းသား။

"ဘယ်နှယ့် လေးခွပစ်တတ်ရမယ်လို့"





ကိုရေချမ်းတစ်ယောက် စက်ရုံရုံးခန်းထဲ လေးခွလေးတစ်ကိုင်ကိုင်နဲ့ စဉ်းစားခန်းဝင်နေမိပါတယ်။ စန္ဒီမိုးက သူ့ကိုလိုချင်ရင် လေးခွဖြောင့်အောင် ပစ်တတ်ရမယ်တဲ့။ ဘယ့်နှယ် ကုမ္ပဏီဒါရိုက်တာ ရင့်မာကြီးက လေးခွပစ်တတ်ရမယ်လို့။ အရပ်ရပ်နေပြည်တော် ကြားလို့မှမလျော်။ မသကာ၊ လေသေနတ်လောက်ဆိုတော်သေး။ ဒါဖြင့်ရင် စန္ဒီမိုးကို မယူတော့ဘူးဆိုပါတော့။ ဒါကလည်း ...၊ ခဲအိုနဲ့ ခယ်မဆိုတော့ ...၊ အင်း၊ လိုချင်တာပေါ့။ ခယ်မလေးက လှတပတလေးပဲဥစ္စာ။ နောက်တီးတောက်တောက်နဲ့ ပြောတဲ့စကား တောင် ရှိသေး။

"ခဲအိုဆိုတာ ခယ်မကို၊ ကိုယ်တစ်ခြမ်းပိုင်တယ် ဆိုလား၊ ပေါင်တစ်ခြမ်း ပိုင်တယ်ဆိုလားပဲ"

အခုလို ပေါင်တစ်စုံလုံးပိုင်မယ့် အရေးကိုတော့ မလိုချင်ဘယ်နေပါ့မလဲ။ အလိုက်တသိ စီစဉ်ပေးဖော်ရတဲ့ ယောက္ခမကြီးကိုလည်း ညတိုင်း ဦးသုံးကြိမ်ချရမယ်။ ကိုယ့်မိဘအရင်း ခေါက်ခေါက်တွေကတောင် ...

"အော်၊ ငါ့သား မောင်ရေချမ်းလေး၊ မိန်းမဆုံးပြီးကတည်းက တစ်ကိုယ်တည်း ဟာတာတာဖြစ်နေရှာတော့မယ်"

လို့ စဉ်းစားပေးဖော်မှမရဘဲ။ ယောက္ခမဂုဏောအနန္တာပါပဲလား။ အခုနေ တန်ခိုးရှင်တစ်ယောက်က၊ သူ့မိန်းမနန္ဒာအိုးဘိုသေရွာကနေ ပြန်ခေါ်လာပြီး၊ စန္ဒီမိုးနဲ့ နန္ဒာမိုး၊ ဘယ်သူ့ယူမလဲလို့ မေးလာခဲ့ရင်တောင် ဖြေရခက်ခက်ပဲ။ မျက်လုံးစုံမှိတ်ပြီးတော့—


www.burmeseclassic.com

www.burmeseclassic.com

"အင်း သားလေးမျက်နှာလည်း ရှိသေးတော့။ သားလေးမျက်နှာလည်းရှိ ...။ အို ရှိကာမှရှိရော စန္ဒီမိုးပဲ ယူတော့မယ်။ နန္ဒာမိုးကို ခေါ်လာတဲ့ ဘုံဘဝဆီသာ ပြန်ပို့ပေးလိုက်ပါတော့"

ဆိုပြီး၊ ရင်နာနာနဲ့ ဖြေရတော့မှာပဲ။ ဟုတ်တယ်လေ။ နန္ဒာမိုး သေတုန်းက မီးသဂြိုဟ်ထားတာဆိုတော့၊ မီးခိုးစော်နံနေရင် ဘယ်လိုလုပ်မလဲ။ ကိုရေချမ်းတစ်ယောက် အတွေးနယ်ချဲ့နေတုံးမှာပဲ ...

"ခွမ်း"

မှန်ကွဲသံကြားလို့ အလန့်တကြား လှမ်းကြည့်လိုက်တော့၊ စက်ရုံရုံးခန်း မှန်တစ်ချပ် လောလောလတ်လတ် ကွဲနေတာ တွေ့လိုက်ရတယ်။ ဒီစက်ရုံထဲမှာ လေးခွတစ်လက်နဲ့ လက်သရမ်းဝံ့တာဆိုလို့ ...

"ဒါ ဟိုမျောက်မသားလေး လက်ချက်ပဲနေမှာ"

အော်၊ သေပြီးတဲ့ နန္ဒာမိုးလည်း အချောင်နေရင်း မျောက်မဖြစ်ရပြန်သေးတယ်။ ကိုရေချမ်းက ပြတင်းပေါက်က အပြင်ကို လှမ်းကြည့်လိုက်တော့၊ မျောက်မသား၊ အဲလေ၊ သူ့သား ဂျူနီယာရေချမ်းလေးက၊ သူ့အဖေလှမ်းကြည့်နေတာသိလို့၊ လေးခွကို ကမန်းကတန်း ခြုံပုတ်ထဲ ပစ်ထည့်လိုက်တာကို ပက်ပင်းကြီး မြင်လိုက်ရပါတယ်။

"ဟေ့ကောင်၊ မအေပေးလေး။ အဲဒီလေးခွကောက်ပြီး၊ ငါ့ဆီကို အခုလာခဲ့စမ်း"

သားတော်မောင်ကလည်း၊ အဖေ့စကားဆို မြေဝယ်မကျနားထောင်ပုံပါပဲ။ အဖေခေါ်တဲ့ဆီ မလာဘဲ၊ စက်ရုံပေါက်ဝဆီ သုတ်ခြေတင် ပြေးပါတော့တယ်။

"ဟေ့ကောင်၊ မပြေးနဲ့။ ဟိုကောင်မြင့်သိန်း၊ အဲဒီကောင်ကို ဖမ်းပြီး ငါ့ဆီ ခေါ်လာခဲ့စမ်း"

ကိုရေချမ်းက စက်ရုံဂိတ်ဝက လုံခြုံရေးတစ်ယောက်ကို လှမ်းအော်ပြီး သူ့သားကို ဖမ်းခိုင်းလိုက်ပါတယ်။ ခဏကြာတော့ တွန်းထိုးရုန်းကန်လာတဲ့ သားတော်မောင်နဲ့ စက်ရုံလုံခြုံရေးက ရုံးခန်းထဲ ရောက်





လာပါတယ်။ ဒါတောင် ငတိလေးက ပါးစပ်က အော်နေလိုက်သေး။

"ဟေ့လူ၊ လွှတ်နော်၊ ခင်ဗျားကြီးသိမယ်။ ကျုပ် ဒီစက်ရုံအမွေရတဲ့နေ့၊ ခင်ဗျားကို အရင်ဆုံး အလုပ်ဖြုတ်ပစ်မယ်"

အောင်မယ်၊ လာလာချည်သေး။ လူက လက်တောက်လောက်နဲ့ အကြံအစည်ကြီးမားနေလိုက်တာ။

"ဟေ့ကောင်၊ မင်းပါးစပ်ပိတ်ထားစမ်း။ ရှုပြီ မြင့်သိန်း။ တံခါးပိတ်ပြီး၊ မင်း အပြင်ကစောင့်နေ"

"ဟုတ်ကဲ့ ဆရာ"

ဒီတော့မှပဲ၊ ငတိလေးက ပါးစပ်ပိတ်ပြီး၊ အဖေလုပ်တဲ့ ကိုရေချမ်း ကို ပေစောင်းစောင်းကြည့်ပါတယ်။ ဟင်း၊ အကြောတင်းပုံကတော့ သူ့အမေနဲ့ တစ်ထေရာတည်းပဲ။ အခုမှ လူကခြောက်နှစ်သားမို့လို့ပဲ။ ဆယ့်ခြောက်နှစ်သားဆို ခက်ရချည်ရဲ့။ အင်းလေ၊ ဒီအရွယ်က မိခင်အုပ်ထိန်းစောင့်ရှောက်ရမယ့်အရွယ်။ မိတဆိုးလေးဆိုတော့လည်း ...။

*"အင်း အဖေမင်းအတွက် တာဝန်မကျေသလို ဖြစ်နေပြီ သားရယ်။ သားလေးကို မိစုံဖစုံနဲ့ နေရအောင်၊ ဖေဖေကြိုးစားနေပါတယ်"*

ကိုရေချမ်းက၊ စိတ်ထဲကနေ သူ့သားကို တောင်းပန်နေမိတယ်။ မျက်နှာကတော့ ခပ်တင်းတင်းနဲ့ပဲ ...

"ဟေ့ကောင်၊ မင်းဘာကြောင့် ရုံးခန်းမှန်တွေ၊ လိုက်ခွဲနေရ တာလဲ။ မှန်တစ်ချပ် ဘယ်လောက်တန်တယ်ဆိုတာ သိရဲ့လား"

"သားက မှန်ခွဲတာမှ မဟုတ်တာ။ ပြတင်းပေါက်ဘောင်ပေါ်မှာ နားတဲ့ စာကလေးကို ပစ်တာ"

"အဲဒီလောက် အဝေးကြီးကနေပစ်လို့ စာကလေးကို ထိမလား ကွ။ ပြီးတော့မှန်တွေနဲ့၊ မင်းမှာ စဉ်းစားဉာဏ်မရှိဘူးလား"

"ဘာလို့မထိရမှာလဲ၊ ဟိုမှာကြည့်ပါလား၊ အဖေရ"

ကိုရေချမ်းက၊ သူ့သားလက်ညှိုးညွှန်ပြရာကို လှမ်းကြည့်လိုက်တယ်။ ဟိုက်ရှားပါး ..မှန်ကွဲစတွေကြားမှာ ခြေထောက်နဲ့ ခေါင်းညှဲ



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ စာကလေး။ ထိချက်က သေသပ်လှပတိကျလှချည်လား။ ဒီလောက် တော်တဲ့ ကလေးကို အမေအစား အမြန်ရှာပေးမှပါပဲ။ ကိုရေချမ်းက မျက်နှာထားကို ထပ်တင်းလိုက်ပြီး သူ့သားကို တစ်လုံးချင်း ပြောလိုက်ပါတယ်။

"အေး၊ ဘာပဲပြောပြော၊ မှန်ကွဲသွားတဲ့အတွက် မင်းမှာအပြစ်ရှိတယ်။ အဲဒီတော့၊ မင်းကို ငါရိုက်ရမလား။ ဒါမှမဟုတ်၊ မင်းငါ့ကို လေးခွဖြောင့်အောင် ပစ်တဲ့နည်း သင်ပေးမလားဆိုတာ၊ မင်းစိတ်ကြိုက်ရွေးပေတော့၊ ဒါပဲ"

❦ ❦ ❦





အချိန်ကာလကတော့၊ ညဆယ်နာရီပတ်ဝန်းကျင်လောက်ပါ။ တိတ်ဆိတ်ငြိမ်သက်နေတဲ့ ဈေးလမ်းအတွင်းကို Land cruser ကားတစ်စင်း ခပ်ဖြေးဖြေးဝင်လာပါတယ်။ ပျင်းကြောဆန့်နေတဲ့ ခွေးတစ်ကောင်က တာဝန်ကျေ တစ်ချက်နှစ်ချက် ထိုးဟောင်လိုက်ပါတယ်။

"ဟိုရှေ့နားမှာ ကားရပ်လိုက်ပါ"

ကိုရေချမ်းက၊ ကားကို စက်သတ်လိုက်ပြီး စန္ဒီမိုး ပြောတဲ့နေရာမှာ ရပ်ပေးလိုက်တယ်။ စိတ်ထဲမှာတော့ အူကြောင်ကြောင့်ရယ်။ မင်္ဂလာကိစ္စ ဆွေးနွေးရင်း၊ ညစာသွားစားရအောင် ဆိုတော့၊ စန္ဒီမိုးက

"ရှင်၊ ကျွန်မတောင်းဆိုထားတဲ့အတိုင်း လေးခွဖြောင့်အောင် ပစ်တတ်ရဲ့လား"

"အင်း၊ ပစ်တတ်ပါတယ်။ လေးခွကတော့ ငယ်ငယ်ကတည်းက ပစ်တတ်တာပဲ"

ကိုရေချမ်းက သူ့သားဆီက အခုမှ လက်သိပ်ထိုးသင်ထားတာကို ထိမ်ချန်လိုက်ပါတယ်။ သားတော်မောင်က သူ့အဒေါ်ကို သွားပြောမယ်လုပ်နေလို့၊ နှုတ်ပိတ်ခအနေနဲ့ ဂိမ်းစက်အသစ်တစ်စုံ ဝယ်ပေးလိုက်ရသေးတယ်။ ဘာပဲဖြစ်ဖြစ်၊ ပစ်မှတ်ကို ထိအောင်ပစ်ဖို့က လိုရင်းလေ။

"ဒါဆိုရင်၊ ကျွန်မပစ်ခိုင်းတဲ့ နေရာကို မလွဲအောင် ပစ်နိုင်ပါ့မလား"

"အို ...ပစ်နိုင်တာပေါ့၊ ရွေ့နေတဲ့အရာကို ပစ်ရမလား၊ လှုပ်ရှားနေတဲ့အရာကို ပစ်ရမလား။ ကြိုက်တာကို ပစ်ခိုင်း၊ မလွဲစေရဘူး"

"ဒါဆိုရင် ကျွန်မပြောတဲ့နေရာကို၊ လိုက်ပို့ပေး"



www.burmeseclassic.com

www.burmeseclassic.com



အဲဒါနဲ့ပဲ၊ စန္ဒီမိုးပြောတဲ့အတိုင်း၊ ဟောဒီဈေးလမ်းထဲကို ရောက်လာခဲ့ပါတယ်။ ကိုရေချမ်းက ကားမှန်ကို ချလိုက်ပြီး ဘေးဘီကို ကြည့်လိုက်ပါတယ်။ မဟုတ်မှလွဲရော ဈေးခွေးတွေကို ပစ်ခိုင်းမလို့ ထင်ပါရဲ့။ ကြည့်ရတာ၊ စန္ဒီမိုးတစ်ယောက် ဈေးလာဝယ်ရင်၊ ဒီလမ်းထဲ ခွေးကိုက်ခံရဖူးတယ်နဲ့တူတယ်။ ကိုရေချမ်းက ငတက်ပြား အိမ်ဖောက်ပြီးစ လေသံမျိုးနဲ့ .....

"ကိုယ်ဘယ်လောက် လက်ဖြောင့်တယ် ဆိုတာ၊ ဟိုနားက ခွေးကို ပစ်ပြမယ် ကြည့် ....."

ကိုရေချမ်းက အသင့်ထည့်လာတဲ့ လေးခွနဲ့ လောက်စာလုံးကို လျှပ်တပြက်အတွင်း ထုတ်ယူလိုက်ပြီး၊ စောစောက ပျင်းကြောဆွဲနေတဲ့ ခွေးဆီ လောက်စာလုံးသုံးလုံး ဆက်တိုက်ပစ်ထည့်လိုက်ပါတယ်။

"ကိန် – ကိန် – ဂိန် – ဂိ"

ခွေးခမျာ နောက်ဆုံးဂိန်ကိုတောင် အဂ်ါစုံအောင် မအော်နိုင်တော့ပဲ၊ ရှေ့ခြေတည့်နေရာဖက်ကို၊ နဂါးလှည့် မရွေးအားပဲ၊ ပြေးပါတော့တယ်။ အော်၊ အဲဒီခွေးခမျာ၊ ကိုရေချမ်း နောက်မိန်းမရဖို့အရေး၊ သက်သက်မဲ့ အသားနာခံလိုက်ရတော့တယ်။ စန္ဒီမိုးက အရမ်းကို တက်ကြွနေတဲ့ ကိုရေချမ်းကို မျက်စောင်းထိုးလိုက်ပါတယ်။ အင်းလေ ဒီလူကြီးက ယောက္ခမတစ်ယောက်တည်းနဲ့ မိန်းမနစ်ယောက်ရတယ် ဆိုတော့ ကံထူးရှင်စာရင်းထဲ သွင်းခံရတော့မှာကို။

"ဟဲဟဲ၊ တွေ့တယ်မဟုတ်လား၊ ကိုယ်ဘယ်လောက် လက်ဖြောင့်တယ်ဆိုတာကို"

ကိုရေချမ်းက ဂုဏ်ယူဝင့်ကြွားစွာ ပြောလိုက်ပါတယ်။ ဇာတ်တော်တွေ၊ ပုံပြင်တွေထဲမှာ မင်းညီမင်းသားတွေက မိန်းမရဖို့အရေး လေးစွမ်းပြခဲ့ရသေးတာပဲ။ ပါရမီရင့်သန်နေတဲ့ ပုဂ္ဂိုလ်ကြီးတွေတောင် အဆစ်ပါလိုက်သေး။ ကိုရေချမ်းလို နောက်ထပ်ရှစ်ဆယ့်လေးအသချေ်နဲ့ ကမ္ဘာတစ်သိန်းလောက်၊ သံသရာမှာ ကျင်လည်ရဖို့ Booking ရိုက်ပြီး





သား လူအတွက်ကတော့၊ ဒီလေးခွစွမ်းပြရတာကို သိမ်ငယ်တယ် ရယ်လို့ စိတ်ထဲမတွေးမိပါဘူး။ အခုအချိန်မှာ၊ အရေးကြီးတာက 'ခယ်မ' ဆိုတဲ့ စာလုံးနှစ်လုံးထဲက 'ခယ်' ဆိုတဲ့စာလုံးကို ခပ်မြန်မြန်ဖျက်ပြီး 'မိန်း' ဆိုတဲ့ စာလုံးကို အစားသွင်း နိုင်ဖို့ပဲ အရေးကြီးတယ်လေ။ ရွေးစရာလမ်းမရှိတော့ဘဲ အိမ်ထောင်ကျဖို့ လက်နှစ်လုံးလောက်သာလိုတော့တဲ့ စန္ဒီမိုးက

"ကျွန်မရှင့်ကို ပစ်ခိုင်းမှာ၊ ခွေးကို မဟုတ်ဘူးရှင့်"

"ဟာ၊ လူကို ပစ်ရမှာလား။ ဒါတော့ မဖြစ်ဘူးထင်တယ်"

ကိုရေချမ်းမျက်လုံးထဲ၊ လက်ထိပ်နဲ့၊ အချုပ်ခန်းသံတိုင်တွေ ပြေးမြင်တယ်။ ဒီက အိမ်ထောင်ပဲကျချင်တာ၊ ထောင်ကျချင်တာ မဟုတ်ဘူး။ ဖွဟဲ့၊ လွဲပါစေ။ ဖယ်ပါစေ။

"လူလည်းမဟုတ်ဘူး၊ ခွေးလည်းမဟုတ်ဘူး၊ ရှင်ပစ်ရမှာက ယောဟိုက လှမ်းမြင်နေရတဲ့ ဆိုင်းဘုတ်ကိုပဲ"

ကိုရေချမ်းက သူပစ်ရမယ်ဆိုတဲ့ ဆိုင်းဘုတ်ကို ပြူးနေအောင် ကြည့်လိုက်ပါတယ်။ အမှောင်ရိပ်ထဲမှာ ရိုးရိုးရိပ်ရိပ် ဖတ်လို့ရတာက ...

ကျေးဇူးရှင် မူလပထမ ဝေဒလက္ခဏာ
နက္ခတ္တပညာရှင်
ဆရာကြီး ဦးအောင်ထွန်းဇော ၏
သတ္တမမြောက်တပည့်
ဆရာ ဦးအောင်မျိုးလွင်

ဒီဗေဒင်ဆရာနဲ့ စန္ဒီမိုးဘယ်လို ရန်ငြိုးများရှိပါလိမ့်။ ဘာပဲ ပြောပြော လူထက်စာရင် ဆိုင်းဘုတ်ပစ်ရမှာက နည်းနည်း တော်သေးတယ်။ ရှင်းရမယ်ဆိုလည်း –

"ကျွန်တော်မိန်းမလိုချင်လို့ ကြံမိကြံရာ၊ လုပ်မိလုပ်ရာ လုပ်မိတာပါ။ ကျွန်တော့်ကို သနားကြပါဗျာ။ ကျွန်တော်မိန်းမ လိုချင်လွန်း၍ပါဗျာ"

www.burmeseclassic.com



ဆိုပြီး၊ ညောင်နာနာလေသံနဲ့၊ အလျော့ပေးပြီးတောင်းပန်ရင် ကိုယ်ချင်းစာခွင့်လွှတ်နိုင်ကြမှာပါ။ ကိုရေချမ်း နောက်ဆုံးအနေနဲ့ အသနားခံလိုက်ပါသေးတယ်။

“မပစ်လို့မရဘူးလားဟင်”

“ရှင်၊ ကျွန်မကို လိုချင်တယ်ဆို။ လိုချင်ရင်ပစ်၊ မလိုချင်ရင် မပစ်နဲ့ ဒါပဲ”

အင်း၊ စန္ဒီမိုးတော့ နိုင်ငံတကာကလာညှိလည်း သူ့ဆုံးဖြတ်ချက် မပြင်တော့ဘူး ထင်ပါရဲ့။ ကိုရေချမ်းလည်း စိတ်နှလုံး ဒုံးဒုံးချလိုက်ပြီး၊ လောက်စာအိမ်ထဲ လောက်စာလုံးတစ်လုံး ထည့်ပြီး၊ သားရေကြိုးကို တင်းနေအောင် ဆွဲလိုက်တယ်။ မျက်လုံးတစ်ဖက်မှိတ်ပြီး၊ ဆိုင်းဘုတ်နဲ့ တန်းနေအောင် ချိန်လိုက်တယ်။ အသက်တစ်ပရိုက် သွင်းလိုက်ပြီး၊ ပြန်ရှူအထုတ်မှာ သားရေကြိုးကို တစ်ခါတည်း လွှတ်လိုက်ပါတယ်။ သားရေကြိုးရဲ့ တုန်ခါသွားတဲ့ အသံအတွေ့။ ‘ဗိုး’ ကနဲ ထွက်သွားတဲ့ လောက်စာလုံး။ အဲဒီနောက်မှာတော့ ....

**‘ရွှမ်း’**

❦ ❦ ❦





ဆောင်းနံနက်ခင်းရဲ့နေရောင်ခြည် ဖွေးဖွေးနုနုလေးကနင်းထု မထူ့တထူကြားထဲ မဝံ့မရဲလေး တိုးဝင်လာပါတယ်။ ဈေးလမ်းကလေး တစ်လျှောက်မှာလည်း နိုးထလာတဲ့ နေရောင်ခြည်နဲ့အတူ လူတွေလည်း လှုပ်လှုပ်ရွရွ အရောင်အသွေးကြီးငယ် ယောကျ်ား မိန်းမ ကလေး အစုံအလင် လူတွေထဲမှာတော့ ဆံပင်ရှည်ကို နောက်ကနေစည်းပြီး တီရှပ် အနက်ပေါ်မှာ Leather Jacket ကြီးဝတ်ပြီး၊ ဂျင်းဘောင်းဘီရှည်နဲ့ Leather boot အရှည်ကြီးစီးထားတဲ့ လူတစ်ယောက်။ လက်ထဲမှာ လည်း အောင်သပြေပန်းတွေ၊ ဂန္ဓမာပန်းတွေ၊ ဇော်စိမ်းပန်းတွေ ကိုင်ထား ပါသေးတယ်။ သူကတော့ ဗေဒင်ဆရာလေး ကိုအောင်မျိုးလွင်။ ကိုင်လာ တဲ့ ပန်းတွေက ဘုရားပန်းအိုးထိုးဖို့ထင်ပါရဲ့။ ဈေးတန်းလေးရဲ့ အလွန် တစ်နေရာမှာတော့ ဗေဒင်ဆရာရဲ့ ဟောခန်းလေးရှိပါတယ်။ ဗေဒင်ဆရာလေးက သူ့ဟောခန်းရှေ့ရောက်လာပါပြီ။ ကိုအောင်မျိုးလွင် ဘာခေါင်းမော့ပြီး ဟန်ပါပါနဲ့ သူ့ဆိုင်းဘုတ်ကို မော့ကြည့်လိုက်ပါတယ်

“ဟင်”

ဗေဒင်ဆရာလေးမြင်လိုက်ရတာကတော့



www.burmeseclassic.com

ကျေးဇူးရှင် မူလဝတ္ထု ရေးသားသူ
နတ္တုဗ္ဗပညာရှင်
ဆရာကြီး ဦးအောင်[illegible] ၏
သတ္တုဗေဒ [illegible] ပညာ
ဆရာ ဦးအောင်[illegible]လွင်

ဇိုင်ဘာဘေတွေနဲ့ လုပ်ထားတဲ့ ဆိုင်းဘုတ်လေးခများ အလွန်ခေ ကျော်သော အရောင်စနဲ့ ထိုးမောက်ခ်ထားရလေရဲ့။ ဆရာ အောင်မျိုးလွင် ဆိုတဲ့ စာသားနေရာမှာ ယောင်းယောင်းကြီးပေါက်လို့။

"သွားပါပြီဗျာ၊ ကျွန်တော့်ဆိုင်းဘုတ်လေးတော့ သွားပါပြီ"

ဗေဒင်ဆရာလေးက နှမြောတသ သုံးကြိမ်ရွတ်ဆိုရင်း ဘေးနား က ဆိုင်ဖွင့်တော့မလို့ ခင်းကျင်းနေတဲ့ ကွမ်းယာသည်ကို လှမ်းမေးလိုက် ပါတယ်။

"အနဲ၊ ကျွန်တော့်ဆိုင်းဘုတ်ဘယ်လို ဖြစ်သွားရတာလဲဗျာ"

ကွမ်းယာသည်ကြီးက တုံးအိုးကို နာနာမွှေနေရာက ကောင်းကင်ကို လက်ညှိုးထိုးပြပြီး လေးလေးကြီး ပြောလိုက်ပါတယ်။

"ဘုရား ဝဲ သိမှာပဲ"

ဗေဒင်ဆရာရဲ့ ခေါင်းက ဘယ်ဘက်မှာရှိတဲ့ ဘိန်းမုန့်သည် ဆီ ခေါင်းလည်သွားပြန်တယ်။

"အဒေါ်၊ အဒေါ်ရော သိလိုက်သေးလား ဟင်"

ဘိန်းမုန့်သည်အဒေါ်ကြီးက မြေကြီးကို လက်ညှိုးထိုးပြ တယ်။ သာပြန်ပြီ နောက်တစ်ယောက်။ ဒါတော့ ရေပြည် က [illegible]ကို လက်ညှိုးထိုးပြတာ မဟုတ်ယောက်ဘူးထင်ပါရဲ့။

"အဲဒီ အပိုင်းအစတွေသိမ်းလိုက်ဦး ဗေဒင်ဆရာရေ။ လူတွေ [illegible]ခိုမှာဆက်၊ စည်ပင်က အမှိုက်ဖွတယ်ဆိုပြီး ဒဏ်ငွေ ရိုက်နေဦးမယ်"





ဘိန်းမုန့်သည်အဒေါ်ကြီးက အပေါ်စီး၊ အောက်စီး လှန်ရင်း ပြောလိုက်ပါတယ်။ ဗေဒင်ဆရာလေးကတော့ ဆိုင်းဘုတ်အပိုင်းအစတွေကို စိတ်ပျက် လက်ပျက်နဲ့ လိုက်ကောက်ရပါတော့တယ်။ အင်း ဒီနေ့ ကံ မကောင်းပါလား။ ဒီတစ်ခါတော့ ဗေဒင်ဆရာကိုယ်တိုင် ယတြာချေ ရတော့မှာ ထင်ပါရဲ့။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


ရေလှိုင်းလေးတွေ ကမ်းစပ်ဆီကို တလိမ့်လိမ့်နဲ့ ပြေးလာရင်း သဲသောင်ပြင်ကို တီးတိုးစကားနဲ့ ကျီစယ်ရင်း၊ ပင်လယ်ပြင်ကြီးထဲ ပြန်လိမ့်ဆင်းသွားကြတယ်။ သဲသောင်ပြင်စပ်ကတော့ နှစ်ပေါင်းခုနှစ်ရာ လောက်ဝိုကြွေးနေရတဲ့ ကိန္နရီမ ပါးပြင်လို စိုလိုက် ခြောက်လိုက်နဲ့။ အဲဒီ ဖြူလွလွသောင်ပြင်လေးထက်မှာတော့ တစ်ယောက်တည်းထိုင်ပြီး ဟိုးအဝေးကိုငေးနေတဲ့ စန္ဒီမိုး။ စန္ဒီမိုးနဲ့ ကိုရေချမ်းတို့ ချောင်းသာကို Honey moon ခရီးထွက်လာကြတာပါ။ အခု ကိုရေချမ်းကတော့ e-mail ပို့စရာရှိလို့ ဆိုပြီး Hotel အခန်းထဲကျန် ခဲ့လေရဲ့။ စန္ဒီမိုးရဲ့စိတ်ကလည်း လှိုင်းဖျားလေးခတ်သလိုပဲ၊ ကမ်းစပ်ဆီလိမ့်လာလိုက်၊ ပင်လယ်ထဲကို လျှောဆင်းလိုက်နဲ့။ တစ်ကြိမ်တစ်ခါမှာတော့ အဲဒီလှိုင်းလုံးတွေကြားမှာ လူးကာလိမ့်ကာနဲ့ သဲသောင်စပ်ဆီတစ်စုံတစ်ရာ တင်လာပါတော့တယ်။ စန္ဒီမိုး မြင်လိုက်ရတာကတော့ ...

"စက္ကူလှေလေးတစ်စင်းရယ်ပါ"

ပြီး။


BURMESE CLASSIC .com
www.burmeseclassic.com